ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ သောကြာနေ့ (14-3-2014) (၇၇၇၄)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများနှင့် သာသနာတော်ဆိုင်ရာဘွဲ့ တံဆိပ်တော် ဆက်ကပ်ခံယူမည့်ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၁၃

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ၂၀၁၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့်ဆရာတော်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် သာသနာ့မဟာဗိမာန်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့အမှူးပြုသော ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်အား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပရိသတ်များက ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယနေ့ **မာတိကာ**

နွေရာသီ လတပေါင်း
စာမျက်နှာ - ၆

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မေးခွန်းပုံစံဖြည့်စွက်ခြင်း
စာမျက်နှာ - ၁၀

ကြေးမုံစာတည်းရှုထောင့် ၁၄-၃-၂၀၁၄ [သောကြာနေ့]

အဖြေမှန်မှ အဖြည့်မှန်မည်

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် ၁၆ ရက်သာ လိုပေတော့သည်။ ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ ရက်နေ့အထိ ၁၂ ရက်ကြာ မြေပြင်ကွင်းဆင်းကောက်ယူမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမည့် လုပ်ရှားမှုကြီးသည် မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၃၀ ကျော်ကြာမှ ပြန်လည်ဆောင်ရွက်ခဲ့သော အမျိုးသားရေးလှုပ်ရှားမှုကြီးဖြစ်ပါသည်။

အမှန်တကယ်အားဖြင့် မတ်လ ၃၀ ရက်နေ့တွင် စတင်သည်ဆိုသော်လည်း သတ်မှတ်ထားသည့် သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာမူ ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ ညဥ့်သန်းခေါင်ယံအချိန်ဖြစ်၍ သန်းခေါင်စာရင်းဟု အမည်သညာခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုအချိန်မှစတင်၍ မြန်မာနိုင်ငံအတွင်း နေထိုင်သူများအားလုံးကို အဖွဲ့အစည်းများက မေးမြန်းစာရင်းကောက်ယူမည်ဖြစ်ပါသည်။

ထိုနေရာတွင် သန်းခေါင်စာရင်းကောက်ယူကြမည့် စာရင်းစစ်၊ စာရင်းကောက်များသည် မြို့ရွာရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်းဖြင့် တွေ့သည့်နေရာ၊ တွေ့သည့်သူများကို မေးမြန်းကောက်ယူကြမည်ဖြစ်သည်။ ထိုသို့ကောက်ယူရာ၌ မေးမြန်းခြင်းခံရမည့်သူများဘက်မှ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို ရေရေရာရာသိရှိနားလည်ထားကြဖို့ လိုမည်ဖြစ်သည်။

အိမ်ထောင်တစ်စုလျှင် သန်းခေါင်စာရင်းမေးခွန်း ၄၁ ချက် မေးမြန်းကောက်ယူမည်ဖြစ်ပြီး တပ်မတော်၊ ရဲတပ်ဖွဲ့၊ ဟိုတယ်၊ မိုတယ်၊ ဂေဟာ၊ ဘုန်းတော်ကြီးကျောင်း စသည့်အဖွဲ့အစည်းဆိုင်ရာများအတွက်မူ မေးခွန်း ၁၁ ချက် မေးမြန်းကောက်ယူကြမည်ကို ပြည်သူတို့က သိရှိထားရမည်ဖြစ်သည်။

လူတစ်ကိုယ် စိတ်တစ်မျိုးဆိုသည့်အတိုင်း ထိုအချိန်ကာလ၌ မေးခွန်းများမေးမြန်းကြရာတွင် အမေးခံရသူများဘက်မှ စိတ်ရှည်နားလည် သည်းခံကြဖို့ လိုမည်ဖြစ်သည်။ သန်းခေါင်စာရင်းမေးခွန်းများသည် လူဦးရေနှင့် ဖွဲ့စည်းနေထိုင်မှုစနစ်ကို သိရှိလို၍ မေးမြန်းခြင်းဖြစ်သည်။ အချို့မိမိတို့၏ ကိုယ်ရေးကိုယ်တာများကို မထုတ်ဖော်လိုကြသောသူများအနေဖြင့် မေးမြန်းခံရသူအတွက် သန်းခေါင်စာရင်းဥပဒေက အကာအကွယ်ပေးထားကြောင်းကို နားလည်ကြရမည်ဖြစ်သည်။

သန်းခေါင်စာရင်းမေးခွန်းများကို တစ်ဦးလျှင် မိနစ် ၃၀ ကြာမျှ မှန်မှန်ကန်ကန် ဖြေကြားပေးခြင်းအားဖြင့် မိမိအကျိုး၊ မိမိ မိသားစုအကျိုး၊ မိမိဒေသ၊ မိမိရပ်ရွာ၊ မိမိနိုင်ငံအကျိုးအတွက် အနာဂတ်ကာလ ၁၀ နှစ်တာအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုကို ဆောင်ရွက်ပေးလိုက်ခြင်းဖြစ်သည်ကို သဘောပေါက်ထားကြလျှင် လုပ်ငန်းများ အဆင်ပြေချောမွေ့သွားမည်ဖြစ်သည်။

သန်းခေါင်စာရင်းနှင့်ပတ်သက်၍လည်း နှစ်နှစ်တာကာလမှစ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေခြင်းဖြစ်သလို ပြီးခဲ့သည့်မတ်လ ၁ ရက်နေ့က ထိုလှုပ်ရှားမှုကြီးအတွက် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးခဲ့ပြီး မတ်လ ၂ ရက်နေ့မှစတင်၍ အနုပညာရှင်များက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သန်းခေါင်စာရင်းအတွက် လှည့်လည်ဖျော်ဖြေ လှုံ့ဆော်ပေးလျက်ရှိသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။

တစ်ချိန်သောကာလ ၁၉၈၃ ခုနှစ်က မြန်မာနိုင်ငံတစ်ဝန်းတွင် ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့သည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူပွဲကြီးကို သိမီလိုက်ကြသူများရှိမည်ဖြစ်သလို ထိုသန်းခေါင်စာရင်းကောက်ယူပွဲကြီးထက် ပိုမိုထိရောက်အောင်မြင်စွာဖြင့် လွှမ်းခြုံကောက်ယူနိုင်အောင် လက်ရှိမျိုးဆက်များက ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူခြင်းသည် ကျွန်ုပ်တို့နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအားလုံး၏ မတူကွဲပြားမှုများအပေါ် အခြေခံ၍ အလေးထားဖြည့်ဆည်းပေးလိုသော ရည်ရွယ်ချက်ဖြစ်သည်ကို နားလည်ကြရမည်ဖြစ်သည်။ အရေးအကြီးဆုံးအချက်မှာ သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားကြရန်ဖြစ်သည်။ သို့မှသာ တိကျမှန်ကန်သည့် လူဦးရေနှင့် ကိန်းဂဏန်းအချက်အလက်များ ရရှိမည်ဖြစ်ပြီး ထိုသို့ရရှိမှသာ ပြည်သူအားလုံး၏ လိုအပ်ချက်များကို နိုင်ငံတော်က လွှမ်းခြုံဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ရေ၊ မြေနှင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့အောင် အလေးထားဆောင်ရွက်

နေပြည်တော် မတ် ၁၃

ရေအရင်းအမြစ်များဖြစ်သည့် သဘာဝရေထွက်များ၊ တောတောင်စိမ့်စမ်းမှစ၍ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေတိမ်ဒေသတို့၏ ရေဝေရေလဲဧရိယာများနှင့် ရေဦးရေဖျားဒေသများရှိ သစ်တောဖုံးလွှမ်းမှုကို ကာကွယ်ထိန်းသိမ်းရမည်ဖြစ်သည်။ ရေသည် သစ်တောများဖုံးလွှမ်းသည့် တောတောင်များမှသည် ပင်လယ်သမုဒ္ဒရာအထိ စီးဆင်းသဖြင့် ရေဝေရေလဲဒေသသည် အလွန်ကျယ်ပြန့်သည်။ လူသားတို့ ဖန်တီးတည်ဆောက်ကြသည့် ဆည်၊ တမံတို့ အသက်သွေးကြောသည် ရေအရင်းအမြစ်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုဖြစ်သည့်အလျောက် ရေဝေရေလဲဒေသနှင့် ရေဦးရေဖျားဒေသရှိ သစ်တောသယံဇာတအရင်းအမြစ်များအား ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည်။ သစ်တောဖုံးလွှမ်းမှုကောင်းမွန်သောနေရာများ၌ မြေတိုက်စားမှုအနည်းငယ်သာရှိနိုင်သော်လည်း သစ်တောပြုန်းတီးသည့်နေရာများတွင် မြေတိုက်စားမှုပြဿနာဆိုးရွားစွာကြုံတွေ့ကြရသည်။

မြေအသုံးချမှုစနစ်လွဲမှားမှုတို့ကြောင့် အကျိုးဆက်အားဖြင့် ရေထုညစ်ညမ်း၍ သန့်ရှင်းသောသောက်သုံးရေရှားပါးလာခြင်း၊ ရေထွက်များခန်းခြောက်ခြင်း၊ ဆည်နှင့်ရေလှောင်တမံများ၌ သဲ၊ နုန်းပို့ချခြင်း၊ တိမ်ကောလာခြင်း၊ မြေအောက်ရေများဆုတ်ယုတ်လာခြင်း စသည်တို့ ကြုံတွေ့ခံစားကြရသည်။ အင်းလေးဒေသ၏ ရေဝေရေလဲဧရိယာ၌ သစ်တောပြုန်းတီးခြင်းကြောင့် တောင်ကမ်းပါးယံများ ရေတိုက်စားပြီး သဲ၊ နုန်းများဝင်ရောက်မှုများခြင်း၊ စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ ရေညှိ၊ ရေမှော်နှင့် ဗေဒါများအနည်ထိုင်ခြင်း စသည့်အကြောင်းအမျိုးမျိုးကြောင့် ကန်ရေအောက်ကြမ်းပြင်မြင့်တက်၍ တဖြည်းဖြည်းတိမ်ကောလာရသည်။ ပျက်စီးတိမ်ကောလာသည့် အင်းလေးကန်နှင့် ပတ်ဝန်းကျင်ရေဝေရေလဲဒေသအား အချိန်မီကုစားထိန်းသိမ်းရန် အရေးတကြီး လိုအပ်လျက်ရှိသည်။

လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီ၊ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် မတ် ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း ရွှေ၊ သတ္တုတူးဖော်ရန် ခွင့်ပြုချက်တောင်းခံပြီး၊ တောင်းခံဆဲနေရာများအား ကွင်းဆင်းစစ်ဆေး၍ ရေ၊ မြေနှင့် သစ်တောသယံဇာတများအား ရေရှည်တည်တံ့အောင် အလေးထား စီမံဆောင်ရွက်ရန်၊ မြေအသုံးချမှုများအား သတ်မှတ်ထားသည့် အလုပ်တိုက်နယ် (Working Circle)၊ ဇုန်နယ်မြေခွဲခြားမှု (Zoning) များနှင့် ကိုက်ညီမှု ရှိ၊ မရှိစိစစ်ဆောင်ရွက်ရန်နှင့် နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်များ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် သတ်မှတ်ကာလအတွင်း ကောက်ခံပေးသွင်းကြရန် မှာကြားသည်။

မတ် ၈ ရက်တွင် ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်တောင်ကြီးခရိုင် ကလောမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်း သစ်တောဦးစီးဌာန ပျိုးဥယျာဉ်များအား ကြည့်ရှုစစ်ဆေးပြီး ရွာငံမြို့နယ် ယကြီးကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ၁၉၉၄ ခုနှစ်တွင် သစ်တောဦးစီးဌာန ရေဝေရေလဲဌာနခွဲမှ မွမ်းမံပြင်ဆင်ပေးခဲ့သည့် ဟင်းနံ့သာကန်ပေါင် တမံမြင့်တင်လိုသည့်နေရာအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ယကြီးကျေးရွာ ရေထွက်အား သွားရောက်ကြည့်ရှု၍ ရေထွက်ဦး၏ ရေဝေရေလဲဧရိယာရှိ သစ်တောများအား ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းရန်နှင့် ရေဦးရေဖျားဧရိယာများတွင် သစ်ပင်မခုတ်ရန်၊ တောင်ယာချဲ့ထွင်ခြင်း မပြုလုပ်ကြရန် မှာကြားခဲ့သည်။ ဆက်လက်၍ ညောင်ပင်ဂွကျေးရွာ ဒေသခံပြည်သူတို့ ထိန်းသိမ်းထားရှိသည့် အစုအဖွဲ့ပိုင် သစ်တောအား ကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများတင်ပြသည့် ညောင်ပင်ဂွကျေးရွာ ရေထွက်ဦးဆည်ပေါင်ပြုပြင်ရန် ညှိနှိုင်းစီမံပေးခဲ့ကြောင်း သိရသည်။

မတ် ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၌ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တိုင်းအဆင့် တာဝန်ခံညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံ၍ ၂၀၁၃-၂၀၁၄ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအား ပြန်လည်သုံးသပ်ပြီး ၂၀၁၄-၂၀၁၅ ခုနှစ် ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မတ် ၁၃

ရန်ကုန်	ရွှေဈေး	၆၈၉၀၀၀	- ၆၉၀၀၀၀
မန္တလေး	ရွှေဈေး	၆၈၉၀၀၀	- ၆၉၀၀၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၁၁၀၀ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	= ၉၇၁. ၀၀
(ခ) ဥရောပ	တစ်ယူရို	= ၁၃၄၉. ၅
(ဂ) တရုတ်	တစ်ယွမ်	= ၁၅၈. ၀၁
(ဃ) ထိုင်း	တစ်ဘတ်	= ၂၉. ၉၉၂
(င) မလေးရှား	တစ်ရင်းဂစ်	= ၂၉၆. ၁၃
(စ) အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၆၁
(ဆ) ဂျပန်	တစ်ရာယန်း	= ၉၄၄. ၆၄
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၀. ၉၄၇
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၈၀. ၀၅
(ည) စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၆. ၈၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ မိကာဆာ ဟိုတယ်၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးဝင်းကြည်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ကော်မရှင်အတွင်းရေးမှူး၊ ဦးတင်ထွန်းနှင့် တာဝန်ရှိသူများ၊ IFES မှ တာဝန်ရှိသူများနှင့် လူမှုအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းရန် ဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဟာကွက်မရှိအောင် အောင်အောင်မြင်မြင်နှင့် လွတ်လပ်၍ တရားမျှတစွာ ကျင်းပပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုလိုအောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ် ဇွန်လမှစပြီး ၂၀၁၄ -၂၀၁၈ ငါးနှစ်တာ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲခဲ့ကြောင်း၊ အခြားနိုင်ငံများမှ မဟာဗျူဟာစီမံကိန်းများကို လေ့လာခဲ့ပြီး IFES မှ ပညာရှင်များကလည်း နည်းပညာအကူအညီများပေးခဲ့ကြကြောင်း၊ မဟာဗျူဟာစီမံကိန်းတွင် အခန်း(၁၂)ခန်းပါရှိကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လူမှုအဖွဲ့အစည်းများဖြစ်သည့် Civil Society Organization-CSO များအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်မှုသည် မိမိတို့နိုင်ငံ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးသာမက ဒီမိုကရေစီဖော်ဆောင်ရေးတွင်လည်း အရေးကြီးသည့်ကဏ္ဍက ပါဝင်နေကြောင်း။

ထို့ကြောင့် မဟာဗျူဟာစီမံကိန်းရေးဆွဲရာတွင် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် အခန်းကဏ္ဍ အခန်းတစ်ခန်းကို ထည့်သွင်းရေးဆွဲထားကြောင်း၊ ဆွေးနွေးမှုရလဒ်များအပေါ် မူတည်ကာ အနာဂတ်မှာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း။

ရွေးကောက်ပွဲကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် မဲစာရင်းပြုစုရေး၊ ပယ်မဲမဖြစ်အောင် မဲပေးနိုင်ရေး ပွင့်လင်းမြင်သာစွာ မဲရေတွက်နိုင်ရေး၊ တရားမဲ့ပြုကျင့်မှုများ မဖြစ်ပေါ်ရေးနှင့် မလိုလားအပ်သော ဖြစ်စဉ်များ မဖြစ်ပွားရေးစသည့် ကိစ္စရပ်များတွင် CSO များ၏ စွမ်းအားကို ရယူရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပါတီများ မှန်မှန်ကန်ကန် ယှဉ်ပြိုင်ရွေးကောက်ခံရေး၊ မဲရုံအဖွဲ့ဝင်များ၊ ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ဆောင်ရွက်ရန်အတွက်လည်း CSO များက စောင့်ကြည့်အဖွဲ့ (Observer) အနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လေ့လာစောင့်ကြည့်သူများအနေဖြင့်လည်း မှန်မှန်ကန်ကန် စောင့်ကြည့်နိုင်ရန် ထုတ်ပြန်ထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ လက်စွဲစာစောင်များ၊ ညွှန်ကြားချက်များကို သိရှိနားလည်ရန် လိုအပ်ပါကြောင်း၊ ရွေးကောက်ပွဲပညာပေးမှုသည် အရေးပါပြီး ဤအခန်းကဏ္ဍကို CSO များ၏အားကိုး ရယူဆောင်ရွက်လိုခြင်းကြောင့် မဟာဗျူဟာစီမံကိန်းတွင် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေး အခန်းတစ်ခု သတ်မှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်ရေးအာဏာကို ပြည်သူလူထုကိုယ်စားလှယ်များက ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းအချုပ်အခြာ အာဏာကို ကျင့်သုံးမည့် လူထုကိုယ်စားလှယ်များကို ပြည်သူလူထုက ရွေးကောက်ပွဲများနှင့် ရွေးချယ်ပေးရမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲများသည် လွန်စွာမှအရေးကြီးကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲများတွင် လူတော်လူကောင်းများ ရွေးချယ်ပေးရန်၊ လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်ရန် ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်လိုပါကြောင်း။

လူထုကို ပညာပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် စကားပြောဆို ဟောပြောပို့ချရုံသာမက ရုပ်ပုံကားချပ်များ၊ ပိုစတာများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရုပ်ရှင်၊ ဂီတသဘင်အနုပညာရှင်များကလည်း တီဗွီနှင့် ရေဒီယိုများမှ ဇာတ်လမ်းများ ထုတ်လွှင့်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခုလို ဆောင်ရွက်ရာတွင် CSO များအနေဖြင့် မည်ကဲ့သို့ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြမည် ဆိုသည်ကို လွတ်လွတ်လပ်လပ် ဆွေးနွေးစေလိုကြောင်း၊ တက်ရောက်လာကြသည့် လူမှုအဖွဲ့အစည်းများမှ ဆွေးနွေးအကြံပြုချက်များသည် မိမိတို့အတွက် အလွန်အရေးပါသည့် အချက်များဖြစ်မည်ဟုခံယူပါကြောင်း ပြောကြားသည်။

ထို့နောက် IFES မှ ဌာနေကိုယ်စားလှယ် Mr.Paul Guerin က အစည်းအဝေးအစီအစဉ်များ ရည်မှန်းချက်၊ ရလဒ်နှင့် နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူမှုအဖွဲ့အစည်းများက ပြည်သူများနှင့် မဲဆန္ဒရှင်များအား ပညာပေးခြင်း၊ အားလုံးပါဝင် ဆောင်ရွက်မှု မြှင့်တင်ခြင်းနှင့် မဲစာရင်းပြုစုရေးဆိုင်ရာ ရှေ့ပြေးစီမံကိန်းနှင့်ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို အဖွဲ့လိုက်ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညနေပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ (၃/၂၀၁၄) စည်းဝေး

နေပြည်တော် မတ် ၁၃

မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ (၃/၂၀၁၄)အစည်းအဝေးကို မတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံလူမှုရေး - ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အမှာစကားပြောကြားရာတွင် အာဆီယံအဆင့်မြင့်အရာရှိကြီးများ အဆင့် အထူးအစည်းအဝေးကို ကျင်းပပြီးစီးခဲ့ပါကြောင်း၊ ယင်းအစည်းအဝေးသည် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ASCC မဏ္ဍိုင်အောက်ရှိ အစည်းအဝေးများအတွက် အကြိုညှိနှိုင်းခြင်းဖြစ်ပြီး ဆွေးနွေးမည့် ဦးစားပေး နယ်ပယ်များအတွက် သတ်မှတ်ခြင်းများကို ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးခဲ့ကြသည့် ကိစ္စရပ်များအား ၂၀၁၄ ခုနှစ် ဧပြီ ၂ ရက်တွင် ကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီအဆင့်မြင့် အရာရှိကြီးများအစည်းအဝေး၊ ဧပြီ ၄ ရက်တွင် ကျင်းပမည့်(၁၁)ကြိမ်မြောက် ဝန်ကြီးအဆင့်အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အစည်းအဝေးများတွင် ထပ်မံဆွေးနွေးကြမည်ဖြစ်ပြီး ရရှိလာသည့် ရလဒ်များအား (၂၄)ကြိမ်မြောက် အာဆီယံ Summit သို့ ဆက်လက်တင်ပြဆွေးနွေးအတည်ပြုကြမည်ဖြစ်ပါကြောင်း၊ အာဆီယံစဉ်ဆက်မပြတ် သင်ယူလေ့လာရေး အရင်းအမြစ်ဗဟိုဌာန (ASEAN Virtual Learning Resource Centre-AVLRC)သည်လည်း အာဆီယံ၏ ဦးစားပေးလုပ်ငန်းစဉ် ၁၅ ရပ်အနက် တစ်ခုအပါအဝင်ဖြစ်ပြီး အာဆီယံ ကွန်ရက်၏ မဟာစီမံချက် (Master Plan on ASEAN Connectively-MPAC) ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် မီဒီယာပလက်ဖောင်းနှင့် အာဆီယံ ပြန်ကြားရေးကော်မတီ၏ စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ ယင်းဌာနသည် အာဆီယံနှင့် ပတ်သက်သော သတင်းနှင့် အချက်အလက် အရင်းအမြစ်များအား အင်တာနက်စာမျက်နှာတွင် တင်ထားမည်ဖြစ်ပါကြောင်း၊ အာဆီယံ၏ ပြည်သူ့၊ သမိုင်းနှင့် ယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိတရားများ မြင့်မားလာစေရန်အတွက် ဆွေးနွေးပွဲမှ ထွက်ရှိလာသည့် ရလဒ်များကို သက်ဆိုင်ရာနိုင်ငံများ၏ ဘာသာစကားအသီးသီးသို့ ဘာသာပြန်ဆိုပြီး တင်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ်ကာလ၌ ယင်းကိစ္စများကို စတင်ဆောင်ရွက်မည်ဖြစ်ပြီး အကျိုးရှိသောလုပ်ငန်းလည်းဖြစ်ပါကြောင်း၊ အဓိကမှာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး အနေအထားသည် အာဆီယံအသိုက်အဝန်းအတွင်းတွင် အခြားအဖွဲ့ဝင်နိုင်ငံများနှင့် ပေါင်းစည်းမှုကို ပိုမိုခိုင်မြဲစေသည့် အခွင့်အလမ်းအား ပြသနိုင်ရန် အားလုံးက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ထို့အတွက် ရည်မှန်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ယခုထက်ပိုမို တက်တက်ကြွကြွ အင်တိုက်အားတိုက် စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်ထားမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ပေါင်းတည် မတ် ၁၃

ပေါင်းတည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော စာကြည့်တိုက်များ ရှင်သန်ရေးနှင့် စာကြည့်တိုက်မှူးများ စွမ်းဆောင်ရည် မြင့်မားစေရန် ရည်ရွယ်၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း(၁/၂၀၁၄)ကို မတ် ၁၂ ရက် နံနက် ၁၀ နာရီတွင် ဘိုးသာအောင်ကုန်းအုပ်စု ညောင်ပင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်အေးအေးခိုင်က စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး အကြောင်းနှင့် မျိုးတူစုလုပ်ငန်း အကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး စာကြည့်တိုက်မှူး ဒေါ်ဖြူဖြူအောင်က စာစုလုပ်ငန်း၊ စာပြုလုပ်ငန်းအကြောင်းကို လက်တွေ့ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ရဟန်းမင်းတာဝန်ထမ်းဆောင်မှု ပုပ်ဖရန့်စစ် တစ်နှစ်ပြည့်မြောက်

ရောမ မတ် ၁၃

အာဂျင်တီးနားနိုင်ငံဖွား ပုပ်ရဟန်းမင်း ဖရန့်စစ်သည် ရဟန်းမင်းတာဝန်ထမ်းဆောင်မှု တစ်နှစ်ပြည့်မြောက်သည့်အထိမ်းအမှတ် အခမ်းအနားကို မတ် ၁၃ရက်တွင် ကျင်းပသည်။

ငြိမ်းအေးချမ်းသာ

ပုပ်ရဟန်းမင်း ဖရန့်စစ်သည် ရက်သတ္တပတ်ကြာ ရောမမြို့အနီးရှိ အယ်လ်ဘန်တောင်ကုန်းတွင် ဂိုဏ်းချုပ်ဘုန်းတော်ကြီးများနှင့်အတူ သီတင်းသုံးကာ တရားဓမ္မဖြင့် ငြိမ်းအေးချမ်းသာစွာရှိနေသည်။

ပုပ်ရဟန်းမင်း ဖရန့်စစ်သည် လူထုထောက်ခံမှု အများဆုံးရရှိသော ရဟန်းမင်းတစ်ပါးဖြစ်ကြောင်း အီတလီပြည်သူများ၏ သဘောထားဆန္ဒ စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။

ပုပ်ရဟန်းမင်း ဖရန့်စစ်သည် လက်တင်အမေရိကဒေသမှ ပထမဆုံးပေါ်ထွန်းလာသော ခရစ်ယာန်သာသနာပိုင်ဖြစ်သည်။ ၎င်းသည် ရိုမန်ကက်သလစ်ဘုရားကျောင်းတော်၏ သာသနာပိုင်လည်းဖြစ်သည်။

ပုပ်ရဟန်းမင်းအဖြစ် ရွေးချယ်ခံရပြီး ချိန်မှစ၍ ရောမသို့လာရောက်သော ခရစ်ယာန်ဘာသာဝင် ဘုရားဖူးအရေအတွက်သည် စံချိန်တင်မြင့်တက်ခဲ့ကြောင်း စစ်တမ်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

မနီလာ မတ် ၁၃

ဖိလစ်ပိုင်နိုင်ငံသည် ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသည့် တောင်တရုတ်ပင်လယ် သောင်ဆွယ်တစ်ခု၌ သောင်တင်လျက်ရှိသော သယ်ယူပို့ဆောင်ရေးသင်္ဘောပေါ်တွင် တပ်စွဲထားသည့် စစ်သားများထံသို့ စားနပ်ရိက္ခာနှင့်သောက်သုံးရေတို့ကို လေကြောင်းမှ ချပေးခဲ့ရကြောင်း၊ ယင်းသို့ လုပ်ဆောင်ရသည်မှာ ၎င်းတို့၏ထောက်ပံ့ရေးသင်္ဘောနှစ်စင်းကို တရုတ်က တားဆီးပိတ်ဆို့ခြင်းကြောင့်ဖြစ်ကြောင်း အဆင့်မြင့်ရေတပ် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

သောင်တင်နေသော သင်္ဘောပေါ်ရှိ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များသို့ လေကြောင်းမှ ရိက္ခာချပေး

ရေကြောင်းပိုင်နက် အငြင်းပွားနေသော နယ်မြေမှ တရုတ်သင်္ဘောများ ထွက်ခွာသွားရန် ဖိလစ်ပိုင်ပြည်သူများ ဆန္ဒပြသည့် မှတ်တမ်းပုံ။

တရုတ်ဘာသာအားဖြင့် ယင်းအိုင်းကျောက်တန်းဟုခေါ်သည့် စက်ကင်းသောမတ်(စ်)သောင်ဆွယ်ပတ်ဝန်းကျင် ရေပြင်၌ ကင်းလှည့်လျက်ရှိသည့် တရုတ်သင်္ဘောများက ဖိလစ်ပိုင်သင်္ဘောများကို ယင်းရေပြင်မှ ထွက်ခွာသွားရန် တနင်္ဂနွေနေ့တွင် အမိန့်ပေးခိုင်းစေခဲ့သည်။

ဖိလစ်ပိုင်သည် အငြင်းပွားလျက်ရှိသည့် ကျောက်တန်းကို ၎င်းပိုင်ဆိုင်ကြောင်း အမှတ်အသားပြုလုပ်ရန်အတွက် ၁၉၉၉ခုနှစ်တွင် သယ်ယူပို့ဆောင်ရေးသင်္ဘောဟောင်းတစ်စင်းကို အဆိုပါကျောက်တန်း၌ သောင်တင်စေခဲ့ပြီး မရိန်းတပ်ဖွဲ့များကို ယင်းသင်္ဘောပေါ်၌ တပ်စွဲထားကာ အဆောက်အအုံများ ဆောက်လုပ်ရန် ကြိုးစားလျက်ရှိသည်ဟု ပေကျင်းက ပြောကြားသည်။

၎င်းသောင်ဆွယ်သည် ဖိလစ်ပိုင်နိုင်ငံ၏ ကမ်းဦးရေတိမ်ပိုင်းတွင် ပါဝင်သည်ဟု မနီလာက ထုတ်ဖော်ကြေညာထားသည်။

ဖိလစ်ပိုင်အစိုးရသည် အင်္ဂါနေ့တွင် တရုတ်သံရုံး၏ ဒုတိယအဆင့်အမြင့်ဆုံး တာဝန်ရှိသူကိုဆင့်ခေါ်၍ ပြင်းထန်သော စကားအသုံးအနှုန်းများဖြင့် ရေးသားထားသည့် ကန့်ကွက်စာကိုပေးအပ်ခဲ့သည်။ ၎င်းတို့၏ သင်္ဘောများကို တားဆီးပိတ်ဆို့ခြင်းသည် ဖိလစ်ပိုင်နိုင်ငံ၏အကျိုးစီးပွားနှင့် အခွင့်အရေးကို ခြိမ်းခြောက်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနကလည်း ဖိလစ်ပိုင်သံတမန်များကို ပေကျင်းသို့ ဆင့်ခေါ်၍ ပြန်လည်ကန့်ကွက်ခဲ့သည်။

စက်ကင်းသောမတ်(စ်)သောင်ဆွယ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပေါကြွယ်ဝသည်ဟု ယုံကြည်လျက်ရှိကြသည်။ ၎င်းသည် တရုတ်တို့ကပိုင်ဆိုင်ကြောင်း အပြင်းအထန်တိုးမြှင့်တောင်းဆိုလာခြင်းကြောင့် စိတ်မအေးချမ်းနိုင်ဖြစ်နေကြသော အာရှမဟာမိတ်များကို ကာကွယ်ရန်အတွက် အမေရိကန်ပြည်ထောင်စုကို ဝင်ရောက်စွက်ဖက်လာစေနိုင်သော ပေါက်ကွဲလုနီးပါး ပင်လယ်ရေကြောင်းပြဿနာများအနက်မှ အရေးတစ်ခုဖြစ်သည်။

ဖိလစ်ပိုင်သင်္ဘောများကို တရုတ်က ပိတ်ဆို့ခြင်းသည် တင်းမာမှုမြင့်တက်လာစေသည့် ရန်စမှုဖြစ်သည်ဟု ဝါရှင်တန်က ဗုဒ္ဓဟူးနေ့တွင်ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ကြေညာချက်ထုတ်ပြန်ရာ၌ ယင်းဒေသတွင် လွတ်လပ်စွာ ရေကြောင်းသွားလာမှုသည် မူလအတိုင်းရှိစေရမည်ဟု ဖော်ပြထားသည်။

အဆိုပါ ပြဿနာကို နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အနုညာတခုံရုံးမှ ပင်လယ်ပြင်ဆိုင်ရာ ဥပဒေအရစီရင်ဆုံးဖြတ်ပေးပါရန် ဖိလစ်ပိုင်၏တောင်းဆိုခြင်းကို တရုတ်နိုင်ငံက ကန့်ကွက်ခဲ့သည်။

ရိုက်တာ။

ထိုင်းတောင်ပိုင်းရှိ စခန်းတစ်ခုကို ရဲတပ်ဖွဲ့စီးနင်း တူရကီနွယ်ဖွား လူ ၂၀၀ခန့်ကို ဖမ်းမိ

ဗန်ကောက် မတ် ၁၃

ထိုင်းနိုင်ငံတောင်ပိုင်းရှိ လျှို့ဝှက်စခန်းတစ်နေရာကို ရဲတပ်ဖွဲ့က စီးနင်းရှာဖွေခဲ့ရာတွင် တူရကီနွယ်ဖွားလူ ၂၀၀ခန့်ကို ဖမ်းဆီးရမိကြောင်း တာဝန်ရှိသူများက မတ် ၁၃ရက်တွင် ပြောကြားကြသည်။

ထိုင်းနိုင်ငံတောင်ပိုင်းသည် လူမှောင်ခိုထုတ်ရာလမ်းကြောင်းတွင် အချက်အချာဒေသအဖြစ် ရပ်တည်နေသည်။ ရဲတပ်ဖွဲ့သည် ထိုင်းနိုင်ငံတောင်ပိုင်း ဆောင်ခလာပြည်နယ် တောင်ပေါ်ရော်ဘာစိုက်ခင်းအနီးရှိ စခန်းတစ်ခုကို မတ် ၁၂ရက်ညက စီးနင်းရှာဖွေခဲ့သည်။ အဆိုပါစခန်းတွင် ခိုလှုံနေကြသူများသည် ၎င်းတို့ကိုယ်တိုင် တူရကီနွယ်ဖွားများဖြစ်ကြသည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြကြောင်း၊ ယခုကဲ့သို့ ခိုးဝင်လာသူ တူရကီနွယ်ဖွားများကို ဦးရေ အများအပြား ဖမ်းဆီးရမိခြင်းမျိုး ယခင်က မရှိခဲ့ဖူးကြောင်း ရဲမှူးချုပ် သက်ချိုင်းက ပြောကြားသည်။

တောင်ပေါ် ရော်ဘာစိုက်ခင်း တစ်နေရာတွင် ခိုလှုံနေသူများသည် အထုပ်အပိုးများကို အသင့်ပြင်ဆင်ထားသဖြင့် ၎င်းတို့အနေဖြင့် အခြားသော အရပ်ဒေသ တစ်နေရာသို့ ဆက်လက်ထွက်ခွာမည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သတင်းမရရှိသေးကြောင်း ဗန်ကောက်ရှိ တူရကီသံရုံးက ပြောကြားသည်။ အလားတူပင် ကုလသဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီကလည်း မှတ်ချက်ပြုပြောကြားခြင်း မရှိပေ။

ထိုင်းနိုင်ငံအတွင်း ၎င်းတို့မည်သို့မည်ပုံ ရောက်ရှိလာခဲ့သည်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမည်ဖြစ်ပြီး ယခုအချိန်အထိ စွဲချက်တင်ခြင်းမရှိသေးပေ။ ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဇန်နဝါရီလကလည်း လူမှောင်ခိုစခန်းတစ်ခုမှ လူ ၅၀၀ ကျော်ကို ဖမ်းဆီးရမိခဲ့သည်။ **ရိုက်တာ။**

ယူကရိန်းနိုင်ငံပိုင် ကုမ္ပဏီများကို ခရိုင်းမီးယားဒေသ လွှဲပြောင်းယူမည်

မော်စကို မတ် ၁၃

ခရိုင်းမီးယားဒေသရှိ ယူကရိန်းနိုင်ငံပိုင် ကုမ္ပဏီများကို ဒေသန္တရအစိုးရအဖွဲ့က လွှဲပြောင်းရယူမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၁၃ရက်တွင် သတင်းထုတ်ပြန်သည်။

ခရိုင်းမီးယားဒေသသည် ရုရှားနှင့်ပူးပေါင်းလိုခြင်းရှိ၊ မရှိ လူထုဆန္ဒခံယူပွဲကျင်းပရန်ရှိနေစဉ် ယူကရိန်းနိုင်ငံပိုင်ကုမ္ပဏီများကို လွှဲပြောင်းရယူရန် စီစဉ်နေခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံတောင်ပိုင်းရှိ ခရိုင်းမီးယားဒေသသည် ရုရှားစစ်ဘက်၏ ပင်လယ်နက်ရေတပ်ဌာနချုပ် တည်ရှိရာဒေသဖြစ်သည်။

ခရိုင်းမီးယားဒေသတွင် လွန်ခဲ့သည့်ရက်သတ္တနှစ်ပတ်က ရုရှားလိုလားသော ခွဲထွက်ရေးဝါဒီများက ဒေသဆိုင်ရာပါလီမန်ကို ထိန်းချုပ်ခဲ့ကြသည်။ ခရိုင်းမီးယားဒေသသည် ယူကရိန်းမှခွဲထွက်ကာ ရုရှားဖက်ဒရေးရှင်းတွင် ပါဝင်မည်ဟု ၎င်းတို့က ထုတ်ပြန်ကြေညာခဲ့ကြသည်။

ခရိုင်းမီးယားဒေသ၌ ယခုလနှောင်းပိုင်းတွင် လူထုဆန္ဒခံယူပွဲကျင်းပရန် စီစဉ်ထားသည်။ ယူကရိန်းမှခွဲထွက်၍ လွတ်လပ်ရေးကြေညာရန် စီစဉ် နေခြင်းနှင့်ပတ်သက်၍ အမေရိကန်၊ ဂျပန်နှင့် ဂျာမနီအပါအဝင် ကမ္ဘာ့နိုင်ငံအချို့က ဝေဖန်လျက်ရှိကြသည်။

ရိုက်တာ။

နယူးယောက်မြို့၌ လူနေအဆောက်အအုံ နှစ်လုံးပြိုကျ ခြောက်ဦးသေဆုံး၊ ၂၇ဦးဒဏ်ရာရ

နယူးယောက်မြို့၌ ပြိုကျခဲ့သည့် တိုက်နှစ်လုံးအား ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေစဉ်။

နယူးယောက် မတ် ၁၃

နယူးယောက်မြို့တွင် မတ်၁၂ရက် နံနက်ပိုင်းက တိုက်ခန်းတွဲလူနေအိမ် အဆောက်အအုံနှစ်လုံး ပြိုကျမှုဖြစ်ပွားကြောင်း၊ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားရာမှ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး မီးလောင်ခဲ့ကြောင်း၊ ခြောက်ဦးထက်မနည်းသေဆုံးပြီး ၂၇ဦးဒဏ်ရာများရရှိကြောင်း မတ် ၁၃ရက်သတင်းတွင် ဖော်ပြသည်။

ကပ်လျက်တည်ရှိသော ငါးထပ်တိုက်နှစ်လုံးပြိုကျမှု ဖြစ်ပွားခဲ့ပြီး မီးခိုးများဖုံးလွှမ်းသွားခဲ့သည်။ ပြင်းထန်စွာ ဒဏ်ရာရသူများပါဝင်၍ သေဆုံးသူဦးရေ ထပ်မံတိုးလာနိုင်သည်။ ကယ်ဆယ်ရေးဝန်ထမ်းများသည် အပျက်အစီးများ အောက်တွင် ပိတ်မိနေသူများအား ရှာဖွေလျက်ရှိသည်။ မီးသတ်သမား ၂၀၀နီးပါးက မီးငြိမ်းသတ်ခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

နယူးယောက်မြို့ မင်ဟတ်တန်အထက်ပိုင်းအရပ်ရှိ လူနေတိုက်နှစ်လုံး ပြိုကျမှုမဖြစ်ပွားမီ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားနေသည်ဟု လူတစ်ဦးက တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ အကြောင်းကြားခဲ့သည်။ ဓာတ်ငွေ့ဖြန့်ဖြူးရေးကုမ္ပဏီက အလုပ်သမားနှစ်ဦးကို စေလွှတ်ခဲ့ပြီး ၎င်းတို့မရောက်လာမီ နှစ်မိနစ်အလိုတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း နယူးယောက်မြို့တော်ဝန်ရုံးက ပြောကြားသည်။

ပြိုကျခဲ့သော အဆောက်အအုံတွင် နေထိုင်သူများအား ကယ်တင်နိုင်ရန် လုံလောက်သည့်အချိန်မရရှိခဲ့ကြောင်း၊ လူနေရပ်ကွက်အတွင်း ပေါက်ကွဲမှုဖြစ်ရပ်များအနက် အဆိုးရွားဆုံးဖြစ်ရပ်တစ်ခုဖြစ်ကြောင်း နယူးယောက်မြို့တော်ဝန် ဘီလ်ဒီဘလာစီယိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ၁၂ဦး ပျောက်ဆုံးနေဆဲဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **ဆင်ဟွာ။**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဧည့်အဖွဲ့များလာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား Indo Myanmar Chamber of Commerce and Industries-IMCCI မှ Vice President Mr. A.K. Murarka သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ ဆွေးနွေးပြီး ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစ၍ သစ်လုံးအလိုက် ပြည်ပသို့တင်ပို့ခြင်း ရပ်ဆိုင်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံမှ လုပ်ငန်းရှင်များ အနေဖြင့် ရင်းနှီးမြှုပ်နှံနိုင်မည့်အခြေအနေနှင့် အလားအလာ၊ သစ်အခြေခံစက်မှုဇုန်များတွင် စက်ရုံများ တည်ထောင်၍ ပြည်တွင်း၌ တန်ဖိုးမြှင့် သစ်အချောထည်များ (High Value-added Wood Products) ထုတ်လုပ်နိုင်ရေး၊ လိုအပ်သော သစ်ကုန်ကြမ်းအတွက် သဘာဝတောမှ သစ်ကုန်ကြမ်းကို အားမကိုးဘဲ ရင်းနှီးမြှုပ်နှံသူက အကြီးမြန် သစ်မျိုးများဖြင့် သစ်တောစိုက်ခင်းများ တစ်ပါတည်း တည်ထောင်၍ Package အလိုက် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားရေး၊ မြန်မာ့သစ်လုပ်ငန်းနှင့်အကျိုးတူပူးပေါင်း ဆောင်ရွက်သွားရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အလားတူ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် Sumitomo Corporation Asia and Oceannia Pte.,Ltd. မှ General Manager Mr. Masateru YAMATO နှင့်အဖွဲ့က လာရောက်တွေ့ဆုံပြီး Sumitomo Corporation အနေဖြင့် မြန်မာနိုင်ငံတွင် ရထားလမ်း၊ ကားလမ်းများ အဆင့်မြှင့်တင်ရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊ ဆက်သွယ်ရေးအစရှိသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန်အတွက် ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ထိခိုက်မှုမှလျော့ပါးရေးနှင့် ဒေသခံပြည်သူများ လူမှုသက်သာချောင်ချိရေးအတွက် ဆောင်ရွက်သွားရန် ကိစ္စရပ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထားဝယ်ယဉ်ကျေးမှုပြတိုက်တွင် ပြသနိုင်ရန် ရှေးဟောင်းပစ္စည်းများ လာရောက်အပ်နှံလှူဒါန်းနိုင်

နေပြည်တော် မတ် ၁၃

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနသည် တိုးတက်ဖြစ်ပေါ်ပြောင်းလဲလာခဲ့သော သမိုင်းစဉ်တစ်လျှောက်ရှိ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့စရိုက်များ၊ ရိုးရာအစဉ်အလာများကို မပျောက်ပျက်အောင်ထိန်းသိမ်းရှာဖွေ ဖော်ထုတ်ရန်နှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ပြည်သူများနှင့် မြန်မာပြည်သူလူထုတို့ ပိုမိုသိရှိပြန့်ပွားပြီး တန်ဖိုးထားလေးစားမြတ်နိုးစောင့်ရှောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါ တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်မြို့၌ ယဉ်ကျေးမှုပြတိုက်ကို တည်ဆောက်လျက်ရှိသည်။

ထိုပြတိုက်ကြီး ပြီးစီးပါက တန်ဖိုးမဖြတ်နိုင်သော ထားဝယ်ဒေသနှင့် တနင်္သာရီတိုင်းဒေသကြီးမှ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များအား ခင်းကျင်းပြသသွားမည်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဘိုးဘွားများ အဆက်ဆက် စုဆောင်းထိန်းသိမ်းထားသော ရှေးဟောင်းပစ္စည်းများနှင့် ထပ်မံတွေ့ရှိ စုဆောင်းထားသော ရှေးဟောင်းပစ္စည်းများကို အများပြည်သူ လေ့လာနိုင်ရန်အတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(နေပြည်တော်)ဖုန်း ၀၆၇-၄၀၈၀၂၆ သို့ဖြစ်စေ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ) ဖုန်း ၀၁-၅၁၂၁၃၆၊ ၅၁၂၁၃၇ သို့ ဖြစ်စေ၊ သာဂရမြို့ဟောင်း ဖုန်း ၀၉-၈၆၂၆၀၉၈ သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘောဇဘဏ်လီမိတက် ဝေါဘဏ်ခွဲဖွင့်လှစ်

ဝေါ မတ် ၁၃

မြန်မာတိုင်းရင်းသားပိုင် ကမ္ဘောဇဘဏ်လီမိတက်၏ ၁၄၈ ခုမြောက်ဘဏ်ခွဲဖြစ်သော ဝေါဘဏ်ခွဲ**(ယာပုံ)**ကို ပဲခူးတိုင်းဒေသကြီး ဝေါမြို့ရှိ အမှတ်(၁၅) မင်းလမ်းချမ်းမြသာစည်ရပ်ကွက်တွင် မတ် ၁၂ ရက်က စတင်ဖွင့်လှစ်လိုက်ပြီး အဓိကငွေကြေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော အပ်ငွေအမျိုးမျိုးလက်ခံခြင်း၊ ချေးငွေများ ထုတ်ချေးခြင်း၊ မှန်ကန်မြန်ဆန်စွာငွေလွှဲပို့နိုင်ခြင်းနှင့် လွှဲပို့ငွေများထုတ်ပေးခြင်း၊ ငွေပေးအမိန့်လက်မှတ်၊ ဘဏ်အာမခံချက်နှင့် Gift Cheque ဝန်ဆောင်မှုများ ရောင်းချပေးခြင်းစသော ပြည်တွင်းဘဏ်လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ လွယ်ကူလျင်မြန်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကမ္ဘောဇဘဏ်သည် မြန်မာနိုင်ငံအနှံ့အပြားတွင် ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်လျက်ရှိပြီး ယခုအခါ ဘဏ်ခွဲစုစုပေါင်း ၁၄၈ ခုထိ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည့်အပြင် ယခုနှစ် ဘဏ္ဍာနှစ်ကုန်တွင် ဘဏ်ခွဲပေါင်း ၁၅၃ ခုအထိ ဆက်တိုက်တိုးချဲ့ဖွင့်လှစ်သွားမည်ဟု သိရသည်။

ထို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ Mini Bank များ ဆက်တိုက်တိုးချဲ့ဖွင့်လှစ်လျက်ရှိပြီး ဘဏ်လုပ်ငန်းကဏ္ဍ ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် Oracle Core Banking Software ကို ဘဏ်ခွဲများတွင် စတင်အသုံးပြုဆောင်ရွက်နေပြီဖြစ်ကြောင်းသိရသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် Customer များ အဆင်ပြေစေရန်အတွက် မြန်မာနိုင်ငံအနှံ့အပြားရှိ ကမ္ဘောဇဘဏ်ခွဲများ၊ လူသူအများသွားလာရာ Shopping Mall များနှင့် လူစည်ကားသော နေရာများတွင် ATM စက် စုစုပေါင်း ၁၄၄ လုံး အပြင် MPU Card နှင့် နိုင်ငံတကာငွေပေးချေမှုကတ်များ အသုံးပြုဈေးဝယ်၍ရသည့် POS Terminal ၈၆၅ လုံး တပ်ဆင်ထားပြီး နိုင်ငံခြားငွေလဲကောင်တာ အများအပြားကိုလည်း ထပ်မံတိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကမ္ဘောဇဘဏ်လီမိတက်သည် ယခုခေတ်သစ်ဝန်ဆောင်မှုဖြစ်သည့် MPC Debit Card,VISA/ Master, JCB နဲ့ CUP Card အသုံးပြုနိုင်သော ATM စက်ဝန်ဆောင်မှုများ၊ POS Terminal ဝန်ဆောင်မှုများ၊ အငှားဝယ်စနစ် Hire Purchase၊ ဝန်ထမ်းလစာပေးခြင်းဝန်ဆောင်မှုလုပ်ငန်း (Payroll Services) နှင့် ငွေကြေး ပေးချေခြင်းဝန်ဆောင်မှုလုပ်ငန်း (Payment Services)များ ပါဝင်သည့် ငွေကြေးဆိုင်ရာစီမံခန့်ခွဲခြင်းဝန်ဆောင်မှုလုပ်ငန်း (Cash Management)၊ နိုင်ငံခြားငွေလဲလှယ်မှုလုပ်ငန်း (Foreign Exchange Business)နှင့် နိုင်ငံတကာ ဘဏ်လုပ်ငန်းဝန်ဆောင်မှု (International Banking Services)များ အထိပါ တိုးချဲ့ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ခေတ်မီနည်းပညာအသစ်များ ဖြစ်သော Mobile Banking, Internet Banking ဝန်ဆောင်မှုများကိုလည်း မကြာခင်ကာလတွင် Customer များ အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

(သူရလွင်)

သေသောသူကြာလျှင်မေ့သော်လည်း ပျောက်သောသူရှာမတွေ့သေးသည့်ကမူ ...

မလေးရှားလေယာဉ်ပျောက်ဆုံးမှုကို ခေတ်မီနည်းပညာများနှင့် နိုင်ငံတကာမှ ပူးပေါင်းရှာဖွေခဲ့ရာ မတ် ၁၃ ရက်တွင် ခြောက်ရက်ရှိသွားပြီဖြစ်သော်လည်း မတွေ့ရှိသေးဘဲ အချိန်ကြာလာသည်နှင့်အမျှ အခြေအနေများမှာ ပိုမိုရှုပ်ထွေးဆန်းကြယ်လာလျက်ရှိသည်။

လေယာဉ်ပေါ်လိုက်ပါသွားသည့် ခရီးသည်များ၏ မိသားစုဝင်ဆွေမျိုးများက ၎င်းတို့၏ မိသားစုဝင်ဆွေမျိုးများကို အသက်ရှင်လျက်ပြန်တွေ့ရလိမ့်မည်ဟု မျှော်လင့်နေကြဆဲဖြစ်သလို အွန်လိုင်းစာမျက်နှာများတွင်လည်း ကောလာဟလများက မျိုးစုံပျံ့နှံ့လျက်ရှိသည်။ အင်တာနက်စာမျက်နှာများတွင် ရေးသားဖော်ပြချက်အရ လေယာဉ်ကို ဂြိုဟ်သားများက ပြန်ပေးဆွဲသွားသည်မှအစ မြောက်ကိုရီးယားအစိုးရက ပြန်ပေးဆွဲသွားသည်အဆုံး ထင်ကြေးအမျိုးမျိုးပေးရေးသားဖော်ပြလျက်ရှိသည်။

မလေးရှားလေကြောင်းအမှတ် MH 370 ဘိုးရင်း ၇၇၇ လေယာဉ်သည် လေယာဉ်အမှုထမ်းနှင့် ခရီးသည်၂၃၉ ဦးတင်ဆောင်ပြီး စနေနေ့က ကွာလာလမ်ပူမြို့မှ ပေကျင်းမြို့သို့ ဦးတည်ပျံသန်းစဉ် လမ်းတစ်ဝက်တွင် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ ပျောက်ဆုံးသွားစဉ်ကတည်းက နိုင်ငံပေါင်း ၁၀ နိုင်ငံမှ လေယာဉ်၊ သင်္ဘော ဒါဇင်ပေါင်းများစွာဖြင့် ရှာဖွေနေသော်လည်း ခိုင်မာသည့်အထောက်အထားတစ်စုံတစ်ရာ တွေ့ရှိခြင်းမရှိသေးပေ။

အချို့ကလည်း ခရီးသည်များ၏ ဖုန်းများခေါ်ဆို၍ ရရှိခြင်းနှင့် လေယာဉ်သည် မြောက်ကိုရီးယားနိုင်ငံအထိ ပျံသန်းနိုင်သော လောင်စာဆီအလုံအလောက်ပါသည့်အတွက် မြောက်ကိုရီးယားနိုင်ငံက ပြန်ပေးဆွဲဖွယ်ရှိသည်ဟုဆိုကြသည်။ အချို့ကလည်း လေယာဉ်မှူးများက သေကြောင်းကြံစည်သွားသည်ဟု ယူဆကြသည်။ လေယာဉ်မှူး ဇာဟာရီ အာမက် ရှာဟာနှင့် တွဲဖက်လေယာဉ်မှူး ဖာရစ် အဗ္ဗဒူလ် ဟာမစ်တို့သည် သေကြောင်းကြံစည်နိုင်လောက်သည့် အထောက်အထားမရှိဟုဆိုနေကြသည်။

အခြားတစ်ဖက်တွင်လည်း လေယာဉ်ပေါ်တွင် တရုတ်လူမျိုး အများဆုံးပါနေသည့်အတွက် မကြာမီက ကူမင်းမြို့တွင်ဖြစ်ပွားခဲ့သည့် လူ ၃၃ ဦးသေဆုံးကာ ၁၀၀ ကျော် ဒဏ်ရာရခဲ့သော အကြမ်းဖက်မှုနှင့် ဆက်စပ်မှုရှိမည်ဟုဆိုကြသည်။

မည်သို့ပင်ဆိုကြစေကာမူ သေသောသူကြာလျှင်မေ့သော်လည်း ပျောက်သောသူရှာမတွေ့သေးသည်ကမူ . . . .

အောဝမ်းစိုး





နွေရာသီ လတပေါင်း

ရွှေဘိုသီရိမာလာ

တပေါင်းလသည် မြန်မာလများတွင်(၁၂)လမြောက်ဖြစ်ပြီး တစ်နှစ်တာ၏နောက်ဆုံးလဖြစ်သည်။ တပေါင်းလ၏ ပထမလဝက်သည် ဆောင်းရာသီတွင် ကျရောက်၍ ဒုတိယလဝက်သည် နွေရာသီတွင် ကျရောက်သဖြင့် ဆောင်းအကုန် နွေအကူး မင်းလွင်မြူးသည့်လဖြစ်၍ သာယာလှသောရာသီဖြစ်သည်။ တပေါင်းလကို မိန်ရာသီဟု ခေါ်ကြသည်။ ရာသီပွဲတော်သည် သဲပုံစေတီပွဲတော်ဖြစ်သည်။ သရဖီပန်း၊ အင်ကြင်းပန်းနှင့် ပိတောက်ပန်းကို ရာသီပန်းအဖြစ် သတ်မှတ်ကြသည်။ ဥတ္တရဖလဂ္ဂုဏီနက္ခတ်ထွန်း၍ နေ့ နာရီ ၂၈၊ ည နာရီ ၃၂ ရှိ၏။

ဆောင်းတစ်ဝက်နွေတစ်ဝက်တွင်ပါဝင်၍ နေ့အခါတွင် အတော်အသင့် ပူလာပြီဖြစ်သော်လည်း ညချမ်းအခါ၌မူ ဆောင်းရာသီ၏ နှင်းကြွင်းတို့ကျဆဲမို့ ဆောင်းရိပ်ဆောင်းငွေ့မပြတ်သေးဘဲ အေးလျက်ရှိသည်။ ထို့ကြောင့် ရှေးလူကြီးသူများက "နေ့ပူလို့ညချမ်း တပေါင်းလသရမ်း" "နေ့ပူလို့ညချမ်း တပေါင်းလဆန်း"ဟူ၍ အဆိုပြုခဲ့ကြပေသည်။ လတကာလတွင် တပေါင်းလသည် အလွန်သာယာလှပေသည်။ စာဆိုတော် ရှင်အုန်းညိုက တပေါင်းလ၏ သာယာပုံကို "သာသည်ညင်းညင်း မြောက်လေကြွင်းနှင့် ဆီးနှင်းပကုန်ပူဟုန်မသည်း၊ ပျံ့ပျံ့မည်းသား"ဟူ၍ ဖွဲ့ဆိုခဲ့သည်။ ထို့ပြင် စာဆိုများက "တပေါင်းလသာ၊ လတကာထက်၊ နှိုင်းရာဖက်ရှောင် လများနောင်ကား၊ တောင်လည်းသာမော၊ တောလည်းသာထွေ၊ ရေလည်းသာလှ၊ ဖြူလွသောင်ပြင်၊ ငှက်ပေါင်းရှင်လျက်"ဟု စာဆိုတော်များက ချီးကျူးဖွဲ့ဆိုခဲ့ကြသည်။

နှင်းလွှကာပဝါခြုံလျက် ထွက်ပြေးခဲ့ပြီဖြစ်သော ဆောင်းမင်းသမီးအစားနွေ၏စေတမန်အဖြစ် ပုန်းကွယ်ရာမှ ထွက်လာသော ဥသြငှက်ငယ်က "ဥသြ ဥသြ"ဟု ကြွေးကြော်လိုက်လေသည်။ သူ၏သာယာညှင်းပြောင်းချိုတေးသံကား နွေဦးရောက်ပြီဟော့လို့ ကြွေးကြော်လိုက်သလို ရွက်ဝါတို့သည် လေတွင်ဝေ့ဝိုက်၍ တဖြုတ်ဖြုတ်ကြွေလာပြီး သြဘာပေးလိုက်ကြသည်။ နွေဦး၏ သဘာဝပြက္ခဒိန်က ဥသြငှက်၏တေးချိုသံနှင့် ရွက်ဝါတို့၏ တဖြုတ်ဖြုတ်ကြွေနေပုံသည် ခွဲခြား၍မရပေ။ ဥသြငှက်၏ တေးသံကို ရွက်ဝါတို့သည် မလွန်ဆန်နိုင်ပါတကား။

အပြင်တွင် မြူခိုးတွေဝေနေသည်။ စာဆိုတော်ရှင်မဟာရဋ္ဌသာရသည် တပေါင်းလ၏အလှကို စပ်ဆိုရာတွင် "ချိုးငှက်လည်ပြောက်၊ ကျွမ်းဖော်ပျောက်သို့၊ နှုတ်ထောက်ကွန့်မြူး။ သံပြိုင်ကျူးလျက်၊ တစ်ဦးတိုင်က တစ်ဦးချ၍ ဖိုမလင်းပြာ၊ တွန်သံသာနှင့်" စသည်ဖြင့် ဖွဲ့ဆိုခဲ့သည်။ မြစ်အတွင်းသဲသောင်စပ်တွင် ငှက်အပေါင်းသည် အဖော်စုံညီစွာ ရောက်နေကြသည်။ ငွေရောင်သင်ဖြူးခင်းထားသော သဲသောင်ပေါ်တွင် ရွှေရောင်တောက်နေသော ဟင်္သာမောင်နှံများ လှလှပပ ချစ်တင်းနှောနေကြသည်။ ၎င်းပြင် သောင်းတင်းငှက်ပိန်ညှင်း၊ ငှက်တော်၊ စင်ရော်၊ မြစ်တွေး၊ ရေကြက်ကလေးတို့ ညီသောင်စပ်တွင် ရောက်လာကြသည်။ သူတို့သည် တေးချိုသော ဥသြလိုပုန်းမနေကြပေ။ အစာရှာကြ၊ ရေချိုးကြ၊ အစာခွံ့ကြ၊ လည်ချင်းယှက်၍ ချစ်တင်းနှောနေသည်။ ထို့ကြောင့် ရှင်ဥတ္တမကျော်က "သဲခင်းသာဝယ်၊ သီတာကြည်လဲ့၊ ငှက်သံနွဲ့နှင့် လွမ်းဘွဲ့မြိုင်ခြေ၊ မြူခိုးဝေခဲ့" ဟူ၍ ရေးဖွဲ့ခဲ့သည်။

မြစ်ရေသည်နွေဦးတွင်နည်း၍ ကြည်လင်ကာ မှန်သားရောင်ထပြီး အောက်ခြေကြမ်းပြင်တွင် ငါးကလေးနှစ်ကောင် ပြေးနေသည်ကအစ မြင်ရလောက်အောင် ကြည်လင်နေသည်။ တစ်ဖန်စာဆိုသည် မျောက်တို့၏ "ကြိုးခွေ ကြိုးခွေ"၊ ဒေါင်းတို့၏ "အိုးဝေ အိုးဝေ"ဟူသော မြည်သံကို ကြားသောအခါ "နေခြည်ဝင်မြောက်၊ ဆည်းဆာရောက်သော် မျောက်ကကြိုးခွေ ဒေါင်းအိုးဝေနှင့် သံခြေကြွေးကြော်၊ ဖိုမခေါ်လျက်" ဖွဲ့ဆိုထားသည်။ ရွက်ဟောင်းတို့ လေဟုန်စီး၍ ကြွေပြီးသောအခါတွင် မြပုရစ်ဖူးညှောက်တို့၏ အရောင်တပြောင်ပြောင် လှပသာယာနေ၍ တပေါင်းလသည် "လတကာထက် နှိုင်းရာဖက်ရှောင် လများနောင်ကား တောင်လည်းသာမော၊ တောလည်းသာထွေ၊ ရေလည်းသာလှ၊ ဖြူလွသောင်ပြင် ငှက်ပေါင်းရှင်လျက်"ဟု စပ်ဆိုခဲ့ဖူးသည်။ ရွာများတွင် မိုးတွင်းအတွက် ထင်းသယ်သည့်လှည်းများ၊ ဝါးသယ်သည့်လှည်းများ၊ ကောက်ရိုး၊ သက်ငယ်သယ်သည့် လှည်းများအသံက ကျည်ကျည်နှင့်မောင်းနှင်နေသည်။ အဘွားလေး ဒေါ်ဖွားယု၏ စပါးကြိတ်ထိုးရင်း သီဆိုသော နွေဦးသီချင်းမှာ လွမ်းမောစရာကောင်းလှပါသည်။

စောစောက သစ်ကိုင်းခြောက်များလို အကျည်းတန်သော သစ်ပင်များတွင် ရွက်သစ်များဝေနေချေပြီ၊ ရွက်ဝါတို့ပင်ခြေတွင် စုပုံနေသော်လည်း လေအဝေ့တွင် နွေတေးကိုဆို၍ လေနောက်သို့ ပါသွားချေပြီ။ လွမ်းဖွယ်မြင်ကွင်းကို ကြည့်ရင်း ဆရာမင်းသုဝဏ်၏ ခါနွေဆန်းတော့လွမ်းမိတယ်" ကဗျာမှ "ဆန်းစခါနွေ၊ သာတပေါင်းမို့ ညှာညောင်းကြွေ" ဟူသော စာသားသည် သရုပ်ပေါ်နေသည်။ တပေါင်းပွဲတော်များသည် ကျေးရွာများတွင် ငွေစရှင်ချိန်မို့ စည်ကားလှသည်။ တောင်သူလယ်သမားတို့သည် နွေတွင် နားမနေကြ၊ ဝါးခုတ်သူခုတ်၊ စပါးကျီပြင်သူပြင်၊ ထင်းရှာကြ၊ အိမ်ပြင်ကြ၊စပါးကြိတ်ထိုးကြဖြင့် အလုပ်ရှုပ်နေကြသည်။ "တပေါင်း"ကို ပုဂံခေတ်ထိုးကျောက်စာတို့၌ တပေါင်းဟုရေးခဲ့သည်။ အင်းဝခေတ်၌မူ ဝိသဇ္ဇနီရေးထုံးပေါ်လာပြီဖြစ်သဖြင့် ယခုခေတ်ရေးသကဲ့သို့ "တပေါင်း" ဟု ရေးသားခဲ့သည်။ ရှင်ဥတ္တမကျော်စာဖွဲ့ခဲ့ပုံက "လေခမြေသက်၊ ဈာန်ဝိဘက်တို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒြိယဝယ်၊ သိင်္ဂီတဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်အတွင်း တောလုံးလင်းသား"ဟု နွေသရုပ်ကို လှလှပပဖော်ထုတ်ခဲ့သည်။

ဝန်ကြီးပဒေသရာဇာကလည်း"နွေဦးကာလ၊ မြူထသောအခါ၊ ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ကာ၊ ခါးနီးထက်စွာ၊ ခါးမှာချပ်လျက်၊ ထန်းပွင့်ထန်းခိုင်၊ ရွှန်းမြိုင်မြိုင်၊ ကလိုင်သာလွယ်လို့တက်သည်နှင့်လေး" ဟု ဖွဲ့ဆိုခဲ့သည်။ စာဆို ဦးယာကလည်း ရွက်ဟောင်းအစားမြပုရစ်ဖူးလေးများ ထွက်ပြူလာသည်ကိုမြင်လျှင် စာသလိုက်ပုံက "နွေဦးဆန်းသစ်၊ ရွက်ရော်လှစ်လို့ ပုရစ်ကယ်ရွှေဥ၊ ပင်တိုင်းစုကြသည်၊ နုညိုခင်ငယ်တဲ့လေး" ဟူ၍ သီကုံးခဲ့သည်။

မင်းဇေယျယန္တမိတ်ကဖွဲ့လိုက်ပုံက "ပုရစ်ဖြေခင်၊ တောဝန်းကျင်လည်း၊ မင်းလွင်ရှေးရှု၊ ဦးရရုတည့်၊ မဉ္ဇူသင်းကွဲ၊ ပေါက်လဲကင်းငုံ၊ ရစ်ဆုံလည်ယှက်၊ ကျေးငှက်ပြင်ယံ၊ စုံစုံစံလျက်၊ ရွှေလျှံတောလုံး၊ အိုင်ထုံးပြစ်ခွင်၊ ကြည်စင်ပြပြ တပေါင်းလသည်"ဟူ၍ စာပန်းချီခြယ်မှုန်းခဲ့သည်။ အချို့အရပ်တွင် ဖက်ဆွတ်ပန်းကလေးများ ပွင့်လေ့ရှိပြီး တောနယ်တစ်ခွင်တွင် ပီပြင်စွာမစိမ်းဘဲ ညိုရွှေဝါသန်းနေသည်ကို စာဆိုတော်ကြီး နဝဒေးက ဤသို့ကဗျာဖွဲ့ပြန်သည် "ရွှေညှောက် နည်းမြချစ်စီသို့ ပီပီမစိမ်း၊ တောခပ်သိမ်းလည်း၊ ရှိန်းရှိန်းလတ်လတ်၊ ပင်လုံးကျွတ်လျှင်၊ ဖက်ဆွတ်ပိတောက်၊ လဲနှင့် ပေါက်တို့၊ ခါရောက်ညီဘိ" ဟု ရေးဖွဲ့ခဲ့သည်။ စာဆိုရှင် စလေဦးပုညက ရေးဖွဲ့ခြယ်မှုန်းပုံမှာ "နွေချိန်ခါ ငွေမိလ္လာပြာရီရောပါလို့၊ ဥသြဖိုတွန်သံကြည်တော့၊ သောတာပန်မဟာထေရ်တို့တောင် မဆည်နိုင်မျက်ရည်စို့ရှာလိမ့်၊ အဘိဈာန်ယာဉ်ကြို့ပါလို့၊ နယ်ရှစ်ခွင်မြူးခြည်ဆို့တယ်၊ လွမ်းဖို့တပေါင်း" ဟူ၍ဖွဲ့ဆိုခဲ့ပါသည်။ ထို့ပြင် စာဆိုလူဦးမင်းကလည်း "စံပမြင်သိန် သရစ်ပေမို့၊ သိန်သစ်ကယ်ယဉ်ဂုဏ် ကြွေပါဘိ၊ ကြည်းရေသာချိန်" ဟူ၍ တပေါင်းလ၏သာယာလှပပုံမှာ စာဖွဲ့မကုန်နိုင်ပါချေ။ တောင်တွင်းစာဆို ဦးကြော့ကလည်း "အညာမှ သန္တာလှဲ့လို့၊ ဆာတကျယ့်ပွေလီ၊ ကညာနွဲ့ကေသီမှာ၊ ရွှေသိင်္ဂီ အင်ကြင်း၊ ဖိငွေဝတ်တပေါင်းမိန်တွင် သောင်းဝတိန်နတ်တိုင်းကသင်း၊ စုံရဂုံခက်ညှာကြွေသည်၊ ရွက်ဝါလေသန့်ရှင်း၊ စက်ရာတွေညှံ့ညှင်းမှာ၊ ပန်းခပင်းသော်မော်၊ သဲစေတီတည်သမယပေမို့၊ ကြည်သမျှသည်လမို့နော်" စသည်ဖြင့်ဖွဲ့ဆိုခဲ့သည်။ ဆရာဇော်ဂျီက "ဥသြငှက်မွန်း၊ တွန်ပါပေ့လေး၊ ပုရစ်ကလေးငယ်တို့မြသွေးတထည်ဆင်နှင့် နွေအဝင်သည်စခန်းမှာ လန်းတော့မည်လေး" ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။

တပေါင်းနွေအကြောင်း ဆန်းစစ်လျှင် ၁၉၄၅ ခုနှစ် နွေသည်သွေးများစွန်းခဲ့သည်။ ဖက်ဆစ်တို့ကိုမြန်မာ့မြေပေါ်မှ မောင်းထုတ်ရေးအတွက် မျိုးချစ်တပ်မတော်၏ အသက်ပေါင်းများစွာစတေးခဲ့ရသည်။ ရဲရဲနီသောပေါက်ပွင့်တို့၏အောက်၌ ရဲရဲနီသော သွေးတို့နှင့်ဖက်ဆစ်တို့၏ သံခွာအောက်မှ ရုန်းထွက်ခဲ့ရသည်။ မျိုးချစ်စိတ်ကို မွေးပေးခဲ့သော နွေပါတကား။ မတ်လ ၂၇ ရက်သည် တပေါင်းလ၏နွေသမိုင်းကို မေ့မရအောင်ပီပြင်စေသည်။ ရှေးယခင်က သုဒ္ဓေါဒနမင်းကြီးသည် သူစံမြန်းရာ ကပိလဝတ်ပြည်တော်သို့ ဘုရားရှင်အဖူးမြော်ခံကြွရောက်ရမည့် လမ်းခရီးသည်တပေါင်းလရာသီဖြစ်သည့်အတွက် သာယာကြည်နူးဖွယ်ကောင်းပုံပါ မြတ်စွာဘုရားအား ထည့်သွင်းလျှောက်ထားခဲ့သည်။ လျှောက်ထားချက် အပြည့်အစုံကို ရဟန်းစာဆို ရှင်အုန်းညိုက ဂါထာပုဒ်ရေ ပေါင်း ၆၄ ပုဒ်အစား မှတ်ရလွယ်အောင် ဂါထာ ၆၀ ခြောက်ဆယ်ပျို့အဖြစ် ခေါ်ကြသည်။ ရဟန်းစာဆိုရှင်အုန်းညိုက ဂါထာခြောက်ဆယ်ပျို့ဟူ၍ စာပေဖွဲ့၍ ရေးသားခဲ့ရာ မြန်မာစာပေတွင် အလွန်ထင်ရှားခဲ့ပေသည်။ "ရွှေနှိုင်းပိတောက်၊ လဲနှင့်ပေါက်လည်း၊ တောက်သည့် မီးရောင်၊ ပြောင်ပြောင်ညီးညီး၊ ပန်းတောင် ကြီးသို့၊ ခရီးတောဝယ်၊ မြိုင်အလယ်၌" ဟူ၍ တပေါင်းလအခါ တောလမ်းခရီး၌ ပန်းတို့ပွင့်နေကြပုံကို ရှင်အုန်းညိုက ဖွဲ့ဆိုပန်းချီခြယ်ခဲ့သည်။ တပေါင်းလ၏ ရာသီပွဲတော်သည် သဲပုံစေတီပွဲဖြစ်သည်။ သဲပုံစေတီတော်ကား ဗုဒ္ဓဘာသာမှ ဆင်းသက်လာသည့် မြန်မာ့ယဉ်ကျေးမှုပွဲတော်ဖြစ်၍ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာစတင်ထွန်းကားကာစပင်ရှိခဲ့သော ပွဲတော်ဟုယူဆရပေသည်။ အင်းဝခေတ် ပန်းချီလက်ရာများတွင် တပေါင်းလသဲပုံစေတီပွဲကျင်းပပုံ ရှိးရာစဉ်လာကိုတွေ့ရသည်။ တောင်သူလယ်သမားတို့သည် မြင်းမိုရ်တောင်ရှိ အာလိန်ငါးဆင့်ကို ရည်ရွယ်၍ သဲပုံစေတီများအား ရိုင်ပါတ်ကို ငါးဆင့်ဆင့်ကာ တည်လေ့ရှိသည်။ ထိုအာလိန်ငါးဆင့်တွင် သန့်စင်သောသဲများဖြင့် အပြည့်သိပ်ပြီးလျှင် တံခွန်ကုက္ကားလှူဖွယ်ပစ္စည်းများဖြင့်ပူဇော်၍ အလှူအတန်းပွဲများပြုလုပ်ကြသည်။ မြန်မာဘုရင်များမရှိသည့်နောက်ပိုင်း သဲပုံစေတီကျင်းပခြင်းသည် တဖြည်းဖြည်းပျောက်ကွယ်လာခဲ့သည်။ ဘုရားပွဲတော်များခေတ်စားလာပြီး ဘုရားပွဲတော်ကို တပေါင်းပွဲတော်ဟုခေါ်ကြသည်။

ရွှေတိဂုံဘုရားပွဲတော်ကို တပေါင်းလ၌ ကျင်းပရခြင်းသည်စေတီတော်စတင်တည်ထားကိုးကွယ်သည့်နေ့ကို အစွဲပြု၍ အထိမ်းအမှတ်အဖြစ် ပွဲတော်ကျင်းပခြင်းဖြစ်သည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့် (ဗုဒ္ဓဟူးနေ့)တွင် သိကြားမင်း၊ ဥက္ကလာပမင်းကြီးနှင့် တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့ကြီးမှူး၍ ရွှေတိဂုံစေတီတော်ကြီးကို တည်သည်ဟု သမိုင်းကဆိုပါသည်။ ရှေးမြန်မာမင်းများလက်ထက်ကပင် ထင်ရှားသောပွဲတော်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီအချိန်က ဘုရားဖူးများသည် အသင်းအဖွဲ့အလိုက် အစုအဝေးနှင့် လှေတစ်တန်၊ ကုန်းတစ်တန်လာကြ၍ ကုန်းတော်ဝန်းကျင်ဇရပ်များ၊ ကျောင်းများ၊ စောင်းတန်းများနှင့် ရင်ပြင်အနှံ့တွင်လည်း ဘုရားဖူးများ၊ လှည်းဝိုင်းများ တိုးမပေါက်အောင် စည်ကားလေသည်။

ညအခါတွင် အနောက်မုခ်တွင် ဇာတ်ရုံပွဲ၊ ကြည့်ချင်ပွဲများဖြင့် စည်ကားသည်။ သီပေါမင်းပါတော်မူပြီး နှစ်နှစ်အကြာတွင် ရန်ကုန်မြို့မှ ထုတ်ဝေသော မတ်လ ၁၁ ရက်ထုတ် "ရန်ကုန်ဂေဇက် အပတ်စဉ်သတင်းစာ" သတင်းတစ်ပုဒ်တွင် ရွှေတိဂုံတပေါင်းပွဲတော်သို့ ယခုနှစ်တွင် လာရောက်သူများပြားကြောင်း၊ လွန်ခဲ့သော ရက်အနည်းငယ်ကပင်မြို့တွင်း၌ တောဘုရားဖူးများဖြင့် ပြည့်နှက်နေကြောင်း၊ ယင်းတို့အထဲတွင် ရှမ်းလူမျိုးများနှင့် ကရင်လူမျိုးအများအပြား ပါဝင်ကြကြောင်း၊ ယမန်နေ့ ရွှေတိဂုံကုန်းတော်ပေါ်တွင် မြင်ရသောရှုခင်းမှာ မျက်စိပသာဒအမြင်တွင် ထူးခြားလှ၍ စိတ်နှလုံးချမ်းမြေ့ဖွယ်ဖြစ်ကြောင်း၊ အကြောင်း မှာ ဝတ်ကောင်းစားလှမျိုးစုံဝတ်ဆင်ထားသော လူတန်းကြီးမှာ မျက်စိတစ်ဆုံးပင်ဖြစ်ကြောင်း စသည်ဖြင့် တပေါင်းပွဲတော်ရှုခင်းကို ဖော်ပြထားသည်ကို တွေ့ရလေသည်။

ခရစ်သက္ကရာဇ် ၁၈၈၂ ခုနှစ် ရွှေရိုးအမည်ခံ Sir Seatt ရေးသားထုတ်ဝေသည့် The Burman စာအုပ်တွင် "မြန်မာနိုင်ငံတွင် အားလုံးသော ဘုရားပွဲတော်များအနက် ရွှေတိဂုံဘုရားပွဲတော်သည် အကြီးကျယ်ဆုံးဖြစ်သည်။ ဘုရားဖူးများ ပြည့်ကျပ်စည်ကားလှသည်။ မြန်မာနိုင်ငံရှိ အဝေးဆုံးအရပ်ဒေသများ၊ ထိုင်းနိုင်ငံဖြစ်သည့် ယိုးဒယား၊ ကမ္ဘောဒီးယားနှင့် ကိုရီးယားနိုင်ငံများမှလည်း ဘုရားဖူးဧည့်သည်များလာရောက်ကြသည်"ဟု မှတ်တမ်းပြုထားပေသည်။ ရွှေတိဂုံစေတီတော်ကြီး၏ တပေါင်းပွဲတော်ကြီးအား ရှေးနှစ်ပေါင်းများစွာကဲ့သို့ပင် ယခုခေတ်တွင်လည်း ရက်သတ္တပတ်တိုင်တိုင် ကြည့်ချင်ပွဲအစုံဖြင့် စည်ကားစွာကျင်းပလျက်ရှိသည်။

တပေါင်းလသည် တောတောင်ရေမြေ၌လည်းကောင်း၊ လယ်တောသစ်ပင်စသည်တို့၌ လည်းကောင်း တပေါင်းအလှဖြင့် ပြည့်နေသည်။ ရှေးနှစ်ပေါင်းများစွာကတည်းက တပေါင်းအလှသည် ပီပြင်သလို ယနေ့ခေတ် အဆက်ဆက်တွင်လည်း ကမ္ဘာနှင့်အမျှတည်တံ့နေမည့် ထာဝရတပေါင်းအလှတစ်ပါးဟု ဆိုထိုက်ပေတော့သည်။ ။

❒ ပြည်ထောင်စုလွှတ်တော်မှ

ငွေကျပ် ၈၀၃ ဒသမ ၃၅ သန်းဖြင့်လုပ်ငန်းများဆောင်ရွက်မည် ဖြစ်သည်။

ထို့ပြင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် ကျောက်တော်မြို့ ရေရရှိရေးအတွက် ရေလှောင်ကန်များ၊ အနည်ထိုင်ကန်၊ ရေတွန်းစက်ရုံများတည်ဆောက်ရန်၊ ရေပိုက်လိုင်းများ တပ်ဆင်ရန်နှင့် မီးအားမြှင့်စက်နှင့်ဓာတ်အားလိုင်း ဆက်စပ်ပစ္စည်းများဝယ်ယူရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပထမဦးစားပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ငွေကျပ် ၂၁၇ ဒသမ ၂ သန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြန်လည်ပြုပြင်ဆောင်ရွက်ရမည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကိုးခုတွင် ပထမဦးစားပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ငွေကျပ် ၃၇၂ ဒသမ ၃၄ သန်း၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် အရှေ့ပိုင်းရပ်ကွက်ရှိ ပါဒဝချောင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ခြင်းအတွက် ငွေကျပ် ၁၆၇ ဒသမ ၂ သန်း၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကန်ကြီးထောင့်မြို့ အမှတ်(၁) ရပ်ကွက် ကမ်းနားလမ်းအားကမ်းပြိုကာကွယ်ရန် ကမ်းထိန်းနံရံတည်ဆောက်ခြင်းအတွက် ငွေကျပ် ၂၀၆ ဒသမ ၃ သန်း၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာ-သင်္ကန်းကြီးကားလမ်း ကမ်းပါးပြိုကျမှုမှ ကာကွယ်ရန် ဆောင်ရွက်ခြင်းအတွက် ငွေကျပ် ၂၇၅ ဒသမ ၉၀၀ သန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် အနောက်ခြမ်း ဇဂျမ်း-ကန်မြဲ နယ်မြေတွင် လျှပ်စစ်မီးလင်းရေးအတွက် တောင်သာ-နတ်စောင့်-ဇဂျမ်း ဓာတ်အားလိုင်း ၉ ဒသမ ၂ မိုင်နှင့် ၁၀/၀ ဒသမ ၄ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံးတည်ဆောက်ခြင်းအတွက် ငွေကျပ် ၁၉၄ ဒသမ ၀၇၈ သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်း ၂၀၁၃ ခုနှစ် မိုးတွင်းကာလ၌ ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ရေကြီးသဖြင့် ပျက်စီးသွားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတားနှစ်စင်းနှင့် သစ်သားတံတား တစ်စင်း ပြုပြင်ခြင်းအတွက် ငွေကျပ် ၈၈ ဒသမ ၄၄၇သန်း၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ထီးလှိုင်ကျေးရွာအုပ်စု ထီးလှိုင် (အရှေ့)ကျေးရွာနေပြည်သူများ၏ချောင်းကူးမြောင်းကူးသွားလာမှု အခက်အခဲများ ဖြေရှင်းနိုင်ရေးအတွက် ထီးလှိုင်ချောင်းဖြောင့်ခြင်း၊ ထီးလှိုင်ချောင်းကူး သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းနှင့် လိန်ပင်ချောင်းကူးတံတားတိုးချဲ့ခြင်းအတွက် ငွေကျပ် ၃၉၁ ဒသမ ၅ သန်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မြို့မဈေး မီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးခဲ့သော ဆိုင်ခန်းပိုင်ရှင်များအား ယာယီဈေးဆိုင်ခန်းများ ဆောက်လုပ်၍ ကူညီပေးခြင်းအတွက် ငွေကျပ် သန်း ၂၀၀ အပါအဝင် အထက်ပါလုပ်ငန်းများဆောင်ရွက်နိုင်ရန် စုစုပေါင်း ငွေကျပ် ၁၆၇၃၂ ဒသမ ၂၁၉ သန်းကို သုံးစွဲရခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏အတည်ပြုချက်ရယူခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့သော စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်းနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူခဲ့သည်။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးသိန်းထွန်းဦးက "ဒီဥပဒေဟာ ကျွန်တော်တို့နိုင်ငံမှာ အရင်ကရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတွေက ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီဥပဒေကို အကောင်အထည်မဖော်ဘူး။ လိုအပ်ချက်တွေရှိနေတယ်ဆိုပြီး ပြင်ဆင်ပြဋ္ဌာန်းခိုင်းပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနက ဒီဥပဒေကို အင်္ဂလိပ်လို ရေးသားပြီး တင်လာပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာလိုဆီလျော်အောင်ပြန်ဆိုတဲ့နေရာမှာ တော်တော်ပင်ပန်းပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ တော်တော်များများကို ကွန်ဗင်းရှင်းတွေနဲ့အညီ ဆောင်ရွက်ပါတယ်။ သို့သော်လည်း နိုင်ငံတော်သမ္မတရဲ့ သဘောထားမှတ်ချက်တွေနဲ့ပြန်ပို့လာပါတယ်။ ပြန်လည်ပေးပို့လာမှုနဲ့ ပတ်သက်လို့ ကြည့်လိုက်ရင်လည်း ပိုမိုကောင်းမွန်တာကို တွေ့ရပါတယ်"ဟု ပြောပြခဲ့သည်။

ထို့ပြင် ၎င်းက "ဒါ့အပြင် နိုင်ငံတော်သမ္မတက အကောက်ခွန်ဥပဒေတွေနဲ့ ပတ်သက်ပြီးတော့ ပင်လယ်ရေကြောင်းဆိုင်ရာ ဥပဒေနဲ့ပါ အရေးယူနိုင်အောင် တိတိကျကျ ဖော်ပြပေးပါဆိုပြီး မှတ်ချက်ပြုလာတဲ့အတွက် တကယ်ကောင်းတဲ့အချက်တွေဖြစ်တာတွေ့ရပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့လည်း အားလုံးကို လက်ခံပေးခဲ့ပါတယ်။ ဒီဥပဒေအမြန်ဆုံး ထုတ်ပြန်အတည်ပြုနိုင်မှသာ ကျွန်တော်တို့ နိုင်ငံအတွက် ဖြေလျှော့စရာရှိတဲ့ကိစ္စတွေ ဖြေလျှော့ပေးသွားမယ်လို့သိရတယ်။ အဲဒီအတွက် အမှန်တကယ်ကို နိုင်ငံနဲ့ နိုင်ငံသားများအတွက် အကျိုးရှိတဲ့ ဥပဒေဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ ဒီဥပဒေထွက်လာရင် အများပြည်သူလိုလားနေတဲ့ လာဘ်ပေးလာဘ်ယူမှုတွေမဖြစ်အောင် ကာကွယ်ပေးနိုင်မှာဖြစ်သလို အခွန်ရှောင်တဲ့ ငွေကြေးတွေ၊ နည်းလမ်းမမှန်ဘဲနဲ့ ရထားတဲ့ငွေကြေးတွေကို အရေးယူဆောင်ရွက်နိုင်မှာဖြစ်ပါတယ်"ဟု ၎င်းက ပြောပြခဲ့သည်။

ယခုဥပဒေကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များအတိုင်း လွှတ်တော်က အတည်ပြုခဲ့သည်။

အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားခဲ့သည်။

(သတင်းစဉ်)

✪ အမျိုးသားလွှတ်တော်မှ

ဖော်ပြထားပါကြောင်း၊ ယင်းစကားရပ်တွင် အသင်းအဖွဲ့၏ အဖွဲ့ခွဲများလည်းပါဝင်သည်ဟု ဆိုထားသော ပုဒ်မတွင် နှစ်ဦးအစား ငါးဦးဟုပြုပြင်ပြီး ပြည်တွင်းဆိုသည့်စကားရပ်၏ရှေ့တွင် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏"** ကိုဖြည့်စွက်ရေးသားပါက ပိုမိုပြည့်စုံပြီး ဥပဒေစကားရပ်အသုံးအနှုန်းနှင့် ညီညွတ်မည်ဖြစ်ပါကြောင်း။

အသင်းဝင် နှစ်ဦး အစား ငါးဦး ဖြည့်စွက်ရခြင်းမှာ လူနှစ်ဦးဖြင့် အသင်းအဖွဲ့တစ်ခုမဖြစ်နိုင်ပါကြောင်း၊ ဥပဒေများအသုံးအနှုန်းတွင် ငါးဦးကိုအခြေခံ၍

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်အေးထွန်း။ (သတင်းစဉ်)

သုံးနှုန်းမှုများရှိပါကြောင်း၊ ပြည်တွင်း ဆိုသည့်စကားရပ်တွင် မေးခွန်းထုတ်စရာများရှိနေသည့်အတွက် ပြည်တွင်းဆိုသည့်စကားရပ်ကို လေးနက်စေရန် စကားရပ်၏ရှေ့တွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရေးသားပါက ပိုမိုသင့်လျော်မည်ဖြစ်ပါကြောင်း။

အခန်း(၄) ပုဒ်မ ၁၂ တွင် မှတ်ပုံတင်ကြေးပေးသွင်းရန်မလို ဆိုသည့် စကားရပ်အစား အသင်းအဖွဲ့များ အလေးထားစေရန် မှတ်ပုံတင်ကြေးတစ်သောင်းပေးသွင်းရမည်ဟု ပြင်ဆင်သင့်ပါကြောင်း၊ ဤဥပဒေတွင် ပြစ်မှုပြစ်ဒဏ်သတ်မှတ်ချက်မပါရှိသဖြင့် အသင်းအဖွဲ့မှတ်ပုံတင်သည့် အဖွဲ့အစည်းများကို ဟန့်တားနိုင်စေရန်အတွက် ပြစ်မှုပြစ်ဒဏ်ကို ထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်းနှင့် အသင်းအဖွဲ့ လျှောက်ထားသူများအား အရည်အချင်းကန့်သတ်ပေးသင့်ပါကြောင်း၊ အကန့်အသတ်၊ အချက်အလက် သတ်မှတ်ရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက လွှတ်တော်သို့ ပြန်လည်ဖတ်ကြား တင်သွင်းခဲ့သည်။

အဆိုပါအစီရင်ခံစာ၏ သဘောထားမှတ်ချက်၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ပြန်လည်ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် အရေးအသား ပြင်ဆင်သင့်သည့် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ) နှင့် (ဃ)၊ စကားရပ်ပယ်ဖျက်သင့်သည့် ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ (စ)၊ (ဈ) နှင့် (ည)၊ အမျိုးသားလွှတ်တော်၏ မူလအတည်ပြုချက်အတိုင်းသာ ထားရှိသင့်သည့် ပုဒ်မ ၅၆၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၆၃၊ ပုဒ်မခွဲ(ခ)၊ စုစုပေါင်းအချက်(၈)ချက်တို့သည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲ သည့် အချက်များဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ခံယူသင့်ကြောင်း ဖော်ပြထားသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထားကွဲလွဲသည့်အချက်(၈)ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက အဆိုတင်သွင်းရာ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်များကိုပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို မတ် ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများ ကြည့်ရှုအားပေး

ရန်ကုန် မတ် ၁၃ ။ ။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အထက(၃) မရမ်းကုန်း၊ အထက(၂)ကမာရွတ်နှင့် အထက(၂)စမ်းချောင်း ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများသို့ လိုက်လံကြည့်ရှုအားပေးသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်တွင်းစာစစ်ဌာနပေါင်း ၁၂၇၂ ခု၊ နိုင်ငံခြားစာစစ်ဌာနပေါင်း ၁၅ ခုအပါအဝင် စာစစ်ဌာနပေါင်း ၁၂၈၇ ခုတို့၌ ကျောင်းတွင်းမှဝင်ရောက်ဖြေဆိုသူ ၃၃၉၄၇၁ ဦး၊ ကျောင်းပြင်ပမှ ဝင်ရောက်ဖြေဆိုသူ ၂၄၉၁၄၁ ဦးအပါအဝင် စုစုပေါင်း ၅၈၈၆၁၂ ဦးတို့ ဝင်ရောက်ဖြေဆိုကြရန် စာရင်းပေးသွင်းထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်

တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနများသို့ လှည့်လည်အားပေး

နေပြည်တော် မတ် ၁၃ ။ ။ ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ MRTV အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၊ သိမ်ကုန်း အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၊ နေပြည်တော် တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနများ၌ အင်္ဂလိပ်စာဘာသာဖြေဆိုနေမှုများနှင့် ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန သီးခြားစာဖြေခန်း၌ အမြင်အာရုံ ချို့တဲ့သူတစ်ဦး စာဖြေနေမှုတို့ကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန် ဆရာတော်ထံ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့် ဆရာတော်ထံ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်ထံ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆရာတော်ထံ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် ဆရာတော်ထံ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း ဆရာတော်ထံ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့အတူ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတများ၏ ဇနီးများနှင့် ပြည်ထောင်စုလွှတ်တော်နာယက၏ဇနီးတို့ကလည်း သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မုံရွာမြို့ ဓမ္မပါရဂူကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယာလင်္ကာရထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့် သီလရှင်ဆရာကြီးအား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း သီလရှင်ဆရာကြီးအား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် သီလရှင်ဆရာကြီးအား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လူကုန်ကူးမှုနှင့် မူးယစ်အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

သဲကုန်း မတ် ၁၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ဆင်မြီးဆွဲရဲစခန်းပိုင်နယ်မြေအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ဆင်မြီးဆွဲအုပ်စုဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဇော်အောင်က ပြည်သူများ လူကုန်ကူးမှုအန္တရာယ် ကြုံတင်ကာကွယ်နိုင်ရေးနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သတိပေးနှိုးဆော်ချက်

အားကစားဝန်ကြီးဌာနနှင့် MEGA(Ferrovit) တို့ပူးပေါင်းကျင်းပသည့် မြန်မာအမျိုးသမီးများ လမ်းလျှောက်ပွဲကို မတ် ၁၆ ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၆ နာရီမှ ၈ နာရီအထိ ပြည်လမ်းအင်းလျားကန်ပေါင်မှ စတင်တာလွှတ်၍ ပြည်လမ်းအတိုင်းပြည်သူ့ဥယျာဉ်၌ ပန်းဝင်မည်ဖြစ်ပါသည်။ အဆိုပါ လမ်းလျှောက်ပွဲပြုလုပ်ရာ ပြည်လမ်းအရှေ့ဘက်ခြမ်း ယာဉ်ကြောသုံးခုအနက် ယာဉ်ကြောတစ်ခုအား အသုံးပြုမည်ဖြစ်သဖြင့် မော်တော်ယာဉ်များအနေဖြင့် သတိပြုမောင်းနှင်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(နေပြည်တော်)ဖွင့်

နေပြည်တော် မတ် ၁၃

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေက ကြီးမှူး၍ ရောဝတီဘဏ်မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်(နေပြည်တော်)၏ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိုင်ရယ် မြန်မာဂေါက်ကလပ်၌ ကျင်းပသည်။ အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁)တီခုံ၌ နေရာယူကြပြီး အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး၊ ရောဝတီဘဏ်လီမိတက်မှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်နှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးကာ ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ (၁၈)ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲတွင် ဇော်ဇော်လတ် (Srixon)၊ စိုးကျော်နိုင် (Srixon)၊ လှမျိုး (I Win Golf Academy)တို့က အချက် ၇၀ စီဖြင့် ဦးဆောင်နေပြီး အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် မောင်မောင်ဦး၊ တီထန်းလျှန်နှင့် မျိုးဝင်းအောင်တို့က ၇၁ ချက်စီဖြင့် ဦးဆောင်နေကြသည်။

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများအား ရောဝတီဘဏ်လီမိတက်၊ ယူနိုက်တက်အမရဘဏ်၊ မြဝတီဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်နှင့် အင်းဝဘဏ်တို့က အဓိကကူညီပံ့ပိုးပေးကြောင်း သိရသည်။ **(ရှိုင်းထက်ဇော်)**

ကျေးရွာချင်းဆက် မြေသားလမ်းဖောက်

နေပြည်တော် မတ် ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ လှည်းကန်ကျေးရွာ၊ ရွာသစ်ကုန်းကျေးရွာနှင့် ကျောက်ဖျာကျေးရွာအထိ ဖောက်လုပ်လျက်ရှိသော အရှည် ၄ မိုင် ၆ ဖာလုံ မြေသားလမ်းအကျယ် ၁၀ ပေရှိသော ကျေးရွာချင်းဆက်လမ်းအား ကျေးရွာနေပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေဖြင့် ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ယခုဖောက်လုပ်လျက်ရှိသော မြေသားလမ်းပြီးစီးသွားပါက ကျေးရွာနေ ရွာသူရွာသားများ၊ ကျောင်းသား ကျောင်းသူများသည် ရန်ကုန်-မန္တလေး ကားလမ်းနှင့် တပ်ကုန်းမြို့ပေါ်သို့ ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ နွားလှည်းများဖြင့် လွယ်လင့်တကူ အချိန်တိုတောင်းသော ခရီးဖြင့် ရောက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၀၇၇)

အင်းလေးကန်ဒေသနှင့် အနီးတစ်ဝိုက်တောင်တန်းဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးစီမံကိန်းဆိုင်ရာကော်မတီဖွဲ့စည်းရေး စည်းဝေး

နေပြည်တော် မတ် ၁၃

အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (IID)နှင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးရေးဌာန (ICIMOD)တို့ပူးပေါင်း၍ အင်းလေးကန်ဒေသနှင့် အနီးတစ်ဝိုက် တောင်တန်းဒေသများရှိ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး စီမံကိန်းဆိုင်ရာ ကော်မတီ Planning Advisory Committee(PAC) ဖွဲ့စည်းရေး အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားပြီး အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုယ်စားပြု ခရီးသွားလုပ်ငန်းဆိုင်ရာ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ IID မှ Mr. Joren Kristensen၊ အဖွဲ့ခေါင်းဆောင် Mr. Mike Haynes၊ Dr. Andrea Valentin နှင့် Mr. Anne Jensen တို့က အင်းလေးဒေသတွင် ဆောင်ရွက်မည့်စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ အဆိုပြုလုပ်ငန်းစဉ်များအပေါ် ညှိနှိုင်းဆွေးနွေးခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနဆောင်ရွက်မှုများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၏ အရေးပါမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များနှင့် အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် Mr. Mike Haynes မှ စီမံကိန်းအကြံပေးကော်မတီဖွဲ့စည်းရေး၊ ကော်မတီ၏ အရေးပါသော အခန်းကဏ္ဍများ၊ ရေရှည်မျှော်မှန်းချက်များအပေါ် ပါဝင်ဖွဲ့စည်းမည့် အဖွဲ့ဝင်များနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တက်ရောက်လာသည့် အဖွဲ့ဝင်များမှ လိုအပ်သည်များ အကြံပြုဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မတ် ၁၃

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုအား ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု ညှိနှိုင်းရေးမှူးရုံးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Renata Lok Dessallien သည် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ ယနေ့မွန်းလွဲပိုင်းတွင် လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်သွားမည့်အစီအစဉ်များ ဆွေးနွေး

မန္တလေး မတ် ၁၃

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်အား တယ်လီနောဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Mr.Petter Furberg, Mr. Gunnar Bertelsen(Chief of corporate Affair), Mrs.Partricia Curran (Head of Business Sustainability) နှင့်အဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီး အတွင်းရေးမှူး ဦးအုန်းလွင်တို့တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံတစ်ဝန်း ဆက်သွယ်ရေးကွန်ရက်စနစ်များ တည်ဆောက်ကာ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

❍ **နိုင်ငံခြားသားမှ**

သုံးခေါက်မှ လေးခေါက်ပို့ပေးရကြောင်း၊ တစ်ခေါက်လျှင် ကျပ်၃၀၀၀ မှ ကျပ် ၄၀၀၀ အထိ ရရှိပြီး တစ်နေ့ပျမ်းမျှအနေးယာဉ်လုပ်သားတစ်ဦး ကျပ် ၁၀၀၀၀ ကျော် ရရှိကြောင်း၊ မိမိတို့ ဆိုက်ကားလုပ်သားကြီးများအနေဖြင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ များများဝင်ရောက်လေ့လာလည်ပတ်စေလိုကြောင်းအနေးယာဉ်လုပ်သားကိုကျော်တင့်က ရင်ဖွင့်စကားပြောကြားသွားသည်။

(သက်ခိုင်-IPRD)

❖ **မလေးရှားမှ**

မလေးရှားလက်ရွေးစင်အသင်းသည် မတ် ၁ ရက်က ဖိလစ်ပိုင်အသင်းနှင့် ခြေစမ်းပွဲတွင် ဂိုးမရှိသရေကျခဲ့ပြီး မတ် ၅ ရက်က ယီမင်နိုင်ငံတွင် ၂၀၁၅ အာရှဖလား ခြေစစ်ပွဲယှဉ်ပြိုင်ကစားခဲ့ရာ ၁-၂ ဂိုး ဖြင့် အနိုင်ရထားသော အသင်းဖြစ်သည်။ ဆီရီဗိုအိုဆာကာအသင်းမှာ ၂၀၁၄ ဂျေလိဂ်ပွဲစဉ် နှစ်ပွဲအပြီး အဆင့် (၅)နေရာတွင် ရပ်တည်လျက်ရှိသည်။

(မောင်မောင်ဇော်)

(၁၁)ကြိမ်မြောက် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီအစည်းအဝေး ကျင်းပမည်

နေပြည်တော် မတ် ၁၃

(၁၁)ကြိမ်မြောက် အာဆီယံ-ဂျပန်ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီအစည်းအဝေးကို အာဆီယံအလှည့်ကျ ဥက္ကဋ္ဌဖြစ်သော မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် နေပြည်တော်ရှိ ရှိုင်ရယ်ကုမုဒြာဟိုတယ်တွင် မတ် ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ငါးရက်ကြာမြင့်မည့် ၎င်းအစည်းအဝေးကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ တာဝန်ယူ၍ စီစဉ်ဆောင်ရွက်မည်ဖြစ်သည်။

အာဆီယံ-ဂျပန် ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီအစည်းအဝေးနှင့်အတူ ဆက်စပ်အစည်းအဝေး(၆)ခုဖြစ်သည့် ဝန်ဆောင်မှုဆပ်ကော်မတီအစည်းအဝေး၊ ဆက်သွယ်ရေးဝန်ဆောင်မှု ဆပ်ကော်မတီအစည်းအဝေး၊ ရင်းနှီးမြှုပ်နှံမှုဆပ်ကော်မတီ အစည်းအဝေး၊ ပင်ရင်းဒေသစည်းမျဉ်း ဆပ်ကော်မတီအစည်းအဝေး၊ အကောက်ခွန်စည်းဝါးညီစနစ် အစည်းအဝေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆပ်ကော်မတီအစည်းအဝေးတို့ကို ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးများတွင် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုအခန်းတွင် ပါရှိသည့် ဈေးကွက်ဖွင့်ပေးမှုဆိုင်ရာ ကိစ္စရပ်များ၊ လူပုဂ္ဂိုလ်များ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ကိစ္စရပ်များ၊ ဆက်သွယ်ရေးဝန်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုအခန်းတွင် ဖော်ပြပါရှိမည့် အကြောင်းအရာများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အဆိုပြုလုပ်ငန်းစီမံချက်အသစ်များနှင့် အကောင်အထည်ဖော်ဆဲလုပ်ငန်းများ၊ ကုန်စည်ကုန်သွယ်ရေးနှင့်စပ်လျဉ်း၍ အကောက်ခွန်လျှော့ချမှုအစီအစဉ်အရ ကုန်စည်များ၏ စည်းဝါးညီစနစ်ချိတ်ပြောင်းမှု၊ ပင်ရင်းဒေသ သက်သေခံလက်မှတ်ထုတ်ပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးများသို့ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဂျပန်နိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၃၀ ခန့် တက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာရင်းစစ်အရာရှိ၊ မြို့နယ်စာရင်းစစ်အရာရှိများ စာရင်းစစ်ဆေးရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၁၃

စာရင်းစစ်အရာရှိ၊ မြို့နယ်စာရင်းစစ်အရာရှိများ စာရင်းစစ်ဆေးရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲအမှတ်စဉ်(၂/၂၀၁၄) ပိတ်ပွဲအခမ်းအနားကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်က မတ် ၃ ရက်မှ ၁၃ ရက်အထိ နှစ်ကြိမ်ခွဲ၍ ပြုလုပ်သည့်ဆွေးနွေးပွဲများတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ စာရင်းစစ်အရာရှိ ၄၀၉ ဦး တက်ရောက်ခဲ့ပြီး ပါဝင်ဆွေးနွေးခဲ့ကြကြောင်း၊ ဆွေးနွေးပွဲများတွင် စာရင်းစစ်အရာရှိများက မြို့နယ်အလိုက်၊ ခရိုင်အလိုက်စာရင်းစစ်ဆေးရာမှ ထူးခြားတွေ့ရှိရမှုများကို ဆွေးနွေးခဲ့ကြောင်း၊ ဆွေးနွေးမှုအပေါ် တက်ရောက်လာသူများက အတွေ့အကြုံ၊ လုပ်နည်းလုပ်ဟန်များကို လေ့လာမှတ်သားရန်ဖြစ်ကြောင်း၊ ခေတ်စနစ်ပြောင်းလဲမှုများအရ လုပ်ငန်းခွင်တွင်တွေ့ကြုံရမည့် အချက်များကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် အမြဲမပြတ်လေ့လာဆည်းပူးမှတ်သားနေရန်လိုအပ်ကြောင်း၊ ဆွေးနွေးပွဲမှရရှိသည့်အတွေ့အကြုံများကိုလက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချရန်လိုအပ်ကြောင်း၊ မိမိတို့စစ်ဆေးတွေ့ရှိချက်များ True&Fair ဖြစ်ရန် လက်တွေ့ကျကျ အကျိုးဖြစ်ထွန်းမှုဖြစ်စေရန် အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့ပြင် စာရင်းစစ်ဆေးတွေ့ရှိချက်များအရ စစ်ဆေးရမည့်အဖွဲ့အစည်းများအား ပြန်လည်ပေးသွင်းစေသည့် ရန်ပုံငွေများမှာလည်း နိုင်ငံတော်က ရသင့်သည့်ငွေကြေးများ၊ မဆုံးရှုံးသင့်သည့်ငွေကြေးများဖြစ်ရန် လိုအပ်သကဲ့သို့ ပြန်လည်ပေးသွင်းရသည့် အဖွဲ့အစည်းများအတွက်လည်း နစ်နာမှုမရှိစေရေး၊ လုပ်ငန်းခွင်တွင်ထိခိုက်မှုမရှိစေရေး သတိပြုရန်လိုအပ်ကြောင်း၊ ကိန်းဂဏန်းအချက်အလက်များတိကျမှန်ကန်ရန် အရေးကြီးကြောင်း၊ စစ်ဆေးရမည့်အဖွဲ့အစည်းများသည် သက်ဆိုင်ရာကဏ္ဍအလိုက် နိုင်ငံနှင့်ပြည်သူလူထုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြသူများဖြစ်သည်ဟု ခံယူထားရန်လိုအပ်ကြောင်း၊ စာရင်းစစ်ဆေးရာမှ နိုင်ငံတကာ စာရင်းကိုင်စံ၊ စာရင်းစစ်စံများအတိုင်း စစ်ဆေး၍ တွေ့ရှိချက်များကို အပြု သဘောဆောင် ထောက်ပြပေးခြင်း၊ တည့်မတ်ပေးခြင်းတို့ကို ပြုလုပ်ပေးသကဲ့သို့ ဥပဒေ၊ နည်းဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိပါက မရှိကြောင်း တိကျစွာဖော်ပြကြရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါအတိုင်း ရိုးသားဖြောင့်မတ်စွာဖြင့် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ စာရင်းစစ်ဆေးရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဒုတိယစာရင်းစစ်ချုပ်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ စာရင်းစစ်အရာရှိ၊ မြို့နယ်စာရင်းစစ်အရာရှိ ၂၀၇ ဦးတို့တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မေးခွန်းပုံစံဖြည့်စွက်ခြင်း

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် မေးခွန်း ၄၁ ချက် ပါဝင်ပါသည်။

၁။ မေးခွန်း နံပါတ် (၁)မှာ အမှတ်စဉ်ဖြစ်ပါသည်။

၂။ မေးခွန်းနံပါတ် (၂)မှာ အမည်ဟူသော အကွက်ဖြစ်ပါသည်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန် ၂၀၁၄ ခုနှစ် မတ် ၂၉ ရက်နေ့ညသန်းခေါင်ယံ၌ ဤအိမ်ထောင်စုတွင် မည်သူတွေ ညအိပ်ခဲ့ပါသလဲလို့ မေးပါလိမ့်မည်။ အောက်ပါအတိုင်း ဖြေဆိုရပါမည်-

(က) ၎င်းနေ့ညမှာ မိမိအိမ်တွင် အိပ်သော မိမိ မိသားစုဝင်သာမကဘဲ မိမိအိမ်တွင် ဌားနေသူများ၊ ညအိပ်ဧည့်သည်များအားလုံးကို ရေးသွင်းရပါမည်။ ၎င်းသည် မိသားစုဝင် အိမ်ထောင်စုစာရင်း မဟုတ်သည့်အတွက် မိမိ အိမ်ထောင်စုစာရင်းတွင် နာမည်စာရင်းပါရှိနှင့် ပိုင်ဆိုင်မှုဖြင့် သက်ဆိုင်ခြင်း မရှိပါ။

(ခ) စာရင်းကောက်သည့်အခါ မွေးစကလေးများ၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများနဲ့ ဧည့်သည်များ ကျန်ခဲ့တတ်၍ စာရင်းကောက်လာချိန်တွင် စုစုစည်းစည်းရှိနေသင့်ပါသည်။

(ဂ) အိမ်ထောင်ဦးစီးကဖြစ်စေ၊ အိမ်ထောင်ဦးစီးမရှိက မိသားစုဝင်ထဲမှ အရွယ်ရောက်ပြီးသူတစ်ဦးကဖြစ်စေ မေးခွန်းများကို ဖြေကြားရပါမည်။

(ဃ) သန်းခေါင်စာရင်း ရည်ညွှန်းချိန်၌ မွေးသည့်ကလေးတွင် အမည်မရှိသေးက ကလေးအမည် နေရာတွင် မည်သူ့သားသမီး (မိခင် (သို့မဟုတ်) ဖခင်အမည်၏ သား/သမီး)ဟု ရေးသွင်းပေးပါမည်။

(င) သန်းခေါင်စာရင်းရည်ညွှန်းချိန်တွင် အိမ်၌ မရှိသော အိမ်ထောင်စုဝင်များ (ဥပမာ -ညတာဝန်ကျသော ရဲအရာရှိများ၊ သူနာပြုများ၊ ပင်လယ်ပြင်ရောက် တံငါသည်များ)ကို အိမ်စာရင်းတွင် ထည့်ကောက်ပါမည်။ ၎င်းနေ့တွင် ခရီးစထွက်သွားတဲ့သူများအား သက်ဆိုင်ရာ အိမ်ထောင်စုဝင်များမှ ဖြေကြားရပါမည်။

၃။ မေးခွန်းနံပါတ် (၃)မှာ အိမ်ထောင်ဦးစီးနှင့် တော်စပ်ပုံဆိုသည့် မေးခွန်းဖြစ်ပါသည်။ အိမ်ထောင်ဦးစီး၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ သားမက်၊ ချွေးမ၊ မြေး၊ မြစ်စသည်ဖြင့် တော်စပ်ပုံအား မေးမြန်းပါမည်။ မှန်ကန်စွာ ဖြေကြားခြင်းဖြင့် ၎င်းမေးခွန်းကနေ မိသားစုအရွယ်အစား ၊ မိသားစုဖွဲ့စည်းပုံနှင့် မိသားစုဆိုင်ရာ အချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

၄။ မေးခွန်းနံပါတ်(၄)က ကျား/မ မေးခွန်းဖြစ်ပါတယ်။ ယောကျ်ားဖြစ်သည်/ မိန်းမဖြစ်သည်အား ဖြေကြားရန်ဖြစ်ပါသည်။

၅။ မေးခွန်းနံပါတ်(၅)မှာ **ပြည့်ပြီးအသက်**ကိုမေးပါမည်။ မိမိ၏ပြည့်ပြီးသည့်အသက်ကိုဖြေကြားရန်ဖြစ်ပါ သည်။ လာမည့်မွေးနေ့တွင် ပြည့်မည့်အသက်ကို မယူမိရန် ဂရုပြုရပါမည်။

၆။ မေးခွန်းနံပါတ် (၆)မှာ အိမ်ထောင်ရေးအခြေအနေ မေးခွန်းဖြစ်ပါသည်။ အပျို/လူပျို၊ အိမ်ထောင်သည်၊ မုဆိုးဖို/မ၊ ကွဲကွာ၊ သာသနာဝင်စသည်ဖြင့် မေးပါမည်။ မှန်ကန်စွာဖြေကြားရန်ဖြစ်ပါသည်။

၇။ မေးခွန်းနံပါတ်(၇)မှာ ကိုးကွယ်သည့် ဘာသာမေးခွန်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ၊ နတ်၊ ဘာသာမရှိစသည်ဖြင့်မေးပါမည်။ မေးမြန်းမည့် ဘာသာထဲတွင် မပါဝင်ပါက အခြားထဲတွင် ထည့်သွင်းထားပါမည်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်လုံးကျွတ်သန်းခေါင်စာရင်းလုပ်ငန်းတွင် အသုံးပြုမည့်ပစ္စည်းများ မြို့နယ်အသီးသီးသို့ အချိန်မီရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁၃

သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းတွင် အသုံးပြုမည့်ပစ္စည်းများကို တစ်နိုင်ငံလုံးရှိမြို့နယ် ပေါင်း ၃၃၀ သို့ ကုန်တင်ယာဉ်ကြီးများဖြင့် တင်ပို့လျက်ရှိရာ နောက်ဆုံးအသုတ် ကုန်တင်ယာဉ်များသည် နေပြည်တော်မှလည်းကောင်း၊ ရန်ကုန်မြို့မှ လည်းကောင်း၊ မတ် ၈ ရက်ကပင် ထွက်ခွာသွားပြီဖြစ်ကြောင်းနှင့် အဆိုပါပစ္စည်းများ ထုပ်ပိုးတင်ပို့ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကုန်တင်ယာဉ်တစ်စီးလျှင် ပစ္စည်းအမျိုးအစား ၄၈ မျိုး ပါဝင်ပြီး အလေးချိန်အားဖြင့် ကိုးတန်ခန့်ရှိရာ ပါဝင်သည့်ပစ္စည်းများမှာ သန်းခေါင်စာရင်းပုံစံများ၊ မြေပုံများ၊ စာရင်းကောက်များနှင့် စာရင်းစစ်များအတွက် တူညီဝတ်စုံများဖြစ်သည့် ဦးထုပ်များ၊ ဝေ့စ်ကုပ်များ၊ လွယ်အိတ်များနှင့် လျှပ်စစ်မီးမရှိသည့် နေရာများတွင် အသုံးပြုနိုင်ရန် ဓာတ်ခဲသုံးမီးအိမ်များ၊ သန်းခေါင်စာရင်းကောက်ယူပြီးကြောင်း ချိတ်ဆွဲရန် (သို့မဟုတ်) ကပ်ထားရန် အမှတ်တံဆိပ်ကတ်ပြားများ စသည်တို့ ပါဝင်ကြောင်း သိရသည်။

ယင်းကုန်တင်ယာဉ်များသည် မတ် ၁၅ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာမြို့နယ် အသီးသီးသို့ ရောက်ရှိမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ရပ်ကွက်၊ ကျေးရွာများသို့ မတ် ၁၇ ရက်အပြီး ဖြန့်ဝေသွားမည်ဖြစ်သည်။

သန်းခေါင်စာရင်းလုပ်ငန်းတွင် အသုံးပြုမည့် ပစ္စည်းများကို Worldwide Movers Ltd,Mega ကုမ္ပဏီနှင့် Myat Aung စသည့် သယ်ယူပို့ဆောင်ရေးကုမ္ပဏီများက တာဝန်ယူပို့ဆောင်ပေးလျက်ရှိပြီး ချင်းတွင်း မြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်နှင့် ကျေးရွာများဆီသို့ သင်္ဘောနှစ်စင်းဖြင့် ကုန်ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိသည်။ အချို့ ဝေးလံသည့်ဒေသများ (အထူးသဖြင့်) ကချင်ပြည်နယ်အတွင်းရှိ ဒေသများသို့ လူအားဖြင့် ထမ်းပိုး၍ ပို့ဆောင်ရကြောင်း သိရသည်။ ပစ္စည်းများ သယ်ဆောင်သည့် ကုန်တင်ယာဉ်တစ်စီးတွင် ယာဉ်မောင်းတစ်ဦး၊ အကူယာဉ်မောင်းတစ်ဦး၊ ယာဉ်နောက်လိုက်တစ်ဦး၊ သက်ဆိုင်ရာဒေသမှ လဝကဝန်ထမ်းတစ်ဦးနှင့် သယ်ယူပို့ဆောင်ရေးကုမ္ပဏီဝန်ထမ်းတစ်ဦး စုစုပေါင်း ငါးဦးလိုက်ပါသွားကြပြီး တင်ပို့လိုက်သည့် ကုန်ပစ္စည်းများ သက်ဆိုင်ရာဒေသအသီးသီးသို့ အဆင်ပြေချောမောစွာ ရောက်ရှိရေးအတွက် ခရီးစဉ်တစ်လျှောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နေ့စဉ်ကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကို ၁၉၈၃ ခုနှစ်က နောက်ဆုံးကောက်ယူခဲ့ပြီး ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ယူ၍ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး နည်းပညာပံ့ပိုးမှုကို ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေတ္တာရေချမ်း ဆွတ်ဖျန်းချိန်ခါသမယ

ကမ္ဘာသူ ကမ္ဘာသား နိုင်ငံသူ နိုင်ငံသားများ အေးမြစေဖို့
ပရိတ်ရေ ပက်ဖျန်းကြပါစို့

သဗ္ဗညုတ ဉာဏသခင် ဘုရားရှင်၏ ပြည်တော်ဝင်ရာ မိန်ရာသီနှင့် သရဖီအင်ကြင်း ပင်ချင်းနွယ်ယှက် ပွင့်လျက်ဝေဆာ ချိန်ခါအေးမြ တပေါင်းလပြည့် ၁၅-၃-၂၀၁၄ ရက် အခါသမယ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သုံးနာရီကြာ ရွတ်ဖတ်ပူဇော်ပါမည်။ နိုင်ငံသူ နိုင်ငံသား လူအများတို့ ဘေးရန်ကင်းကွာ ချမ်းသာသုခ လိုရာဆန္ဒ ပြည့်ဝစေရန် ရည်စိတ်သန်လျက် မေတ္တာပြည့်ဝ နှလုံးလှ တော်မူကြသည့် ကျေးဇူးတော်ရှင် နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများ ဦးဆောင်တော်မူ၍

“မေတ္တာရေချမ်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး”
“အေးစေမြစေ၊ မေတ္တာရေ သုံးလေနိုင်ငံလုံး” ဟူသော

ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံတော်ကြီးကို ကောင်းကင်ယံမှ လေယာဉ်ဖြင့် မေတ္တာရေများ ဆွတ်ဖန်းပေးမည်ဖြစ်ကြောင်း မေတ္တာဖြင့် ကြိုတင်အသိပေးအပ်ပါသည်။

**(၈၆)ကြိမ်မြောက် နယ်လှည့်စတုဒိသာအလှူ
ဦးဆောင် နတ်စင်တစ်ရာ ဆရာတော်နှင့်
စတုဒိသာ ဒါယကာ၊ ဒါယိကာမများ၊
ကုသိုလ်ယူကာ မေတ္တာပွားပါသည်**

ဒုတိယအကြိမ် တောင်သူလယ်သမားနှင့် လယ်ယာကဏ္ဍဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ကျင်းပမည်

နိုင်ငံနှင့်အဝှမ်း ၇၀ ရာခိုင်နှုန်းကျော်သော ကျေးလက်နေ တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ကျေးလက်နေ မိဘပြည်သူများ အဓိကမှီခိုအားထားရာဖြစ်သည့် လယ်ယာကဏ္ဍကြီး အရှိန်အဟုန်မြင့်မားစွာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်းကောင်း ပြည်သူလူထုတစ်ရပ်လုံး၏အင်အားကိုရယူ၍ လယ်ယာကဏ္ဍကြီးကို ဖွံ့ဖြိုးတိုးတက်ခိုင်မာအောင် အားပေးမြှင့်တင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် တေးရေးဂီတအနုပညာရှင်များ သီကုံးရေးစပ်သော "ဒုတိယအကြိမ် တောင်သူလယ်သမားနှင့် လယ်ယာကဏ္ဍဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ"အား ကျင်းပသွားမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ နေပြည်တော်ကောင်စီနယ်မြေကိုဗဟိုပြု၍ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် အကြားအလပ်မကျန် ဟန်ချက်ညီလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျေးရွာတိုင်းအရောက်တောင်သူပညာပေးစိုက်ခင်းများထူထောင်၍ တောင်သူများလက်လှမ်းတမီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို အတုယူလေ့လာနိုင်ရေးအတွက် သီးနှံအမယ်အလိုက်စိုက်ပျိုးပြသ ထူထောင်အကောင်အထည်ဖော်ရေးလုပ်ငန်းများအား တိုင်းဒေသကြီး/ပြည်နယ်အလိုက် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းဆောင်ရွက်နေကြပြီဖြစ်သည်။

နိုင်ငံတော်သမ္မတက ရေရှည်တည်တံ့ခိုင်မြဲသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်ရန် ချမှတ်ပေးသော လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (၅)ရပ်ဖြစ်သည့်-

- သဘာဝရာသီဥတုကိုသာ မှီခိုအားထားရသည့် **"မိုးကောင်းသောက်လယ်မြေများကို သီးထပ်သီးညှပ်စိုက်ပျိုးနိုင်သည့် ဆည်ရေသောက်စနစ်လယ်မြေများသို့ ပြောင်းလဲရေး"**လုပ်ငန်း။
- သမားရိုးကျ ပုံစံမကျအကွက်ငယ်လယ်များကို တစ်ဧကကွက်၊ ဟက်တာကွက်လယ်မြေများသို့ ကုန်ထုတ်လမ်းနှင့် ရေသွင်း/ရေထုတ်စနစ်များ ပါဝင်သည့် ပုံစံတကျလယ်ကွက်များစနစ်သို့ ပြောင်းလဲရေးလုပ်ငန်းနှင့် **"မိရိုးဖလာ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ပြောင်းလဲရေး"** လုပ်ငန်း။
- သမားရိုးကျမျိုးစေ့များကိုသာ အသုံးပြုစိုက်ပျိုးခြင်းမှ အရည်အသွေးနှင့်အရေအတွက်ကို **"အထွက်နှုန်း နှစ်ဆ၊ သုံးဆ ပိုမိုတိုးတက်ထွက်ရှိနိုင်သည့် ခေတ်မီမျိုးကောင်းမျိုးသန့်မျိုးစေ့များ ပြောင်းလဲအသုံးပြု"** စိုက်ပျိုးခြင်းလုပ်ငန်း။
- **"ရှေးရိုးအစဉ်အလာ မိရိုးဖလာစိုက်နည်းစနစ်များအား ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များသို့ ပြောင်းလဲ"** စိုက်ပျိုးခြင်းလုပ်ငန်း။
- တောင်သူလယ်သမားများကိုယ်တိုင်(အပါအဝင်) လယ်ယာကဏ္ဍဖြင့် မိမိတို့၏ တစ်ဦးချင်းအကျိုးစီးပွားကိုသာမက နိုင်ငံတော်၏ အကျိုးစီးပွားကို တိုးတက်အောင်မြင်ဖြစ်ထွန်းစေနိုင်မည်ဖြစ်သည်ကို **"ကိုယ်တိုင်ယုံကြည်ချက်ခိုင်မာစွာဖြင့် ကိုယ်တိုင်တိုးတက်ကြီးပွားအောင်မြင်လိုသည့် စိတ်ဓာတ်ပိုင်းဆိုင်ရာပြောင်းလဲ"** ရန်လုပ်ငန်းများအပေါ် နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြု၍ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဟန်ချက်ညီတစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြသည်။

အဓိကဆန်စပါးသီးနှံအပါအဝင် တောင်သူလယ်သမားများ လက်တွေ့ဝင်ငွေအကျိုးကျေးဇူး ထိထိရောက်ရောက်ရရှိစေနိုင်မည့် နှစ်ရှည်သီးနှံနှင့် ရာသီလိုက်သီးနှံများကို မျိုးကောင်းမျိုးသန့်များပွားများထုတ်လုပ် ဖြန့်ဖြူးစိုက်ပျိုးခြင်းနည်းလမ်း၊ အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်စေရန် သိပ္ပံနည်းကျစိုက်ပျိုးခြင်းနည်းလမ်း၊ ထွက်ရှိလာသောသီးနှံများကို ကုန်ကြမ်းအဆင့်သာမက အရည်အသွေးမြှင့်တင်ထုတ်လုပ်တင်ပို့ရောင်းချခြင်း နည်းလမ်း၊ တန်ဖိုးမြင့်ကုန်ချောများ အဆင့်မြှင့်တင်ထုတ်လုပ်ရောင်းချခြင်းနည်းလမ်း၊ ဈေးကွက်ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေးအတွက် စနစ်တကျထိန်းသိမ်းထုပ်ပိုးခြင်း၊ တင်ပို့ရောင်းချခြင်းအပါအဝင် "မျိုးစေ့ထုတ်လုပ်ခြင်းမှသည် ဈေးကွက်သို့တင်ပို့ရောင်းချသည့်အဆင့်ထိ" (From Seeding to Market) ကုန်စည်စီးဆင်းမှုလမ်းကြောင်းတစ်လျှောက်လုံးတွင် နိုင်ငံနှင့်အဝှမ်းအခြေခံစိုက်ပျိုးကြသော တောင်သူလယ်သမားများသာမက လယ်ယာကဏ္ဍတွင်ငွေကြေးအရင်းအနှီးများ ရင်းနှီးမြှုပ်နှံကြမည့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးလိုအပ်ချက်ဖြစ်သည်။

နိုင်ငံတော်၏သမိုင်းမှတ်တမ်းတွင် နိုင်ငံသားအားလုံးတို့အတွက် ကမ္ဘာ့အလယ်တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ် တင့်တယ်ခံ့ညားမြင့်မားစေလျက်ရှိသည့် ယနေ့တိုင် ထင်ရှားမြင်တွေ့နေကြရသော ပုဂံခေတ်မှသည် ခေတ်အဆက်ဆက် သမိုင်းအမွေအနှစ်အခိုင်အမာ စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်အဆောက်အအုံများသည် ရှေးအစဉ်အလာကပင်လျှင် လယ်ယာကဏ္ဍစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ခဲ့သည့်အတွက် ရွှေထီးဆောင်းနိုင်ခဲ့ကြသည့် တောင်သူလယ်သမားတို့၏ နိုင်ငံစွမ်းအားကိုဖော်ညွှန်းပြသနေခြင်းပင်ဖြစ်သည်။

တေးရေးဂီတစာဆိုပညာရှင်များ၏ အနုပညာစွမ်းအားဖြင့် ရေးစပ်သီကုံးသော ဂန္ထဝင်မြောက် လယ်ယာကဏ္ဍဂုဏ်ပြုတေးသီချင်းများပေါ်ထွက်လာရေး ရည်ရွယ်ချက်ဖြင့် ဤဒုတိယအကြိမ် ဂီတတေးသီချင်းပြိုင်ပွဲအား ထပ်မံကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ထိုက်တန်သော ဂုဏ်ပြုဆုချီးမြှင့်မှုအားဖြင့်-

(က) ပထမဆုအား ကျပ်သိန်း ၅၀၊
(ခ) ဒုတိယဆုအား ကျပ်သိန်း ၄၀၊
(ဂ) တတိယဆုအား ကျပ်သိန်း ၃၀၊
(ဃ) စတုတ္ထဆုအား ကျပ်သိန်း ၂၀၊
(င) ပဉ္စမဆုအား ကျပ် ၁၀ သိန်း အသီးသီး ထိုက်ထိုက်တန်တန်ချီးမြှင့်သွားမည်ဖြစ်သည့်အပြင် နှစ်သိမ့်ဆုများအနေဖြင့်လည်း နှစ်သိမ့်ဆုရရှိသူတစ်ဦးလျှင် ကျပ်ငါးသိန်းနှုန်းဖြင့် နှစ်သိမ့်ဆု ၁၀ ဆုအား ထပ်ဆောင်းချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ ပြိုင်ပွဲကျင်းပမည့်နေ့ရက်နှင့်ပြိုင်ပွဲစည်းကမ်းချက် အသေးစိတ်အချက်အလက်များကို ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးအဖွဲ့မှ တာဝန်ရှိသူများ ညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး ထပ်မံထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန



ကလိန်အောင်ဆုတောင်းပြည့်ဆံတော်ရှင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ကလိန်အောင် မတ် ၁၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့နယ်ခွဲ အမှတ်(၄)ရပ်ကွက်တွင် တည်ရှိသော ဆုတောင်းပြည့် ကလိန်အောင် ဆံတော်ရှင် စေတီတော်မြတ်ကြီးလုံးတော်ပြည့်ရွှေသင်္ကန်း အသစ်ပြန်လည်ကပ်လှူပူဇော်ပြီးဖြစ်ပါ၍ နှစ်စဉ်ဘုရားပွဲတော်ကို အစဉ်အလာမပျက်ကျင်းပမြဲဖြစ်သော တပေါင်းလဆန်း ၁၄ ရက်(လပြည့်နေ့)မှ လပြည့်ကျော် ၁ ရက်တို့တွင် ဗုဒ္ဓပူဇနီယပွဲတော်၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဓမ္မာရုံအသစ်ဖွင့်ပွဲများ ပြုလုပ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂ ရက် ညနေ ၃ နာရီက ဆုတောင်းပြည့် ဆံတော်ရှင် စေတီတော်ဓမ္မာရုံ၌ ကျင်းပသည်။

မောရဝတီ ရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်နေဝင်းက စေတီတော်လုံးတော်ပြည့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးတွင် ရွှေသင်္ကန်းအတွက် အလှူတော်ကောက်ခံရငွေ၊ သုံးစွဲငွေများ၊ လက်ကျန်ငွေများ၊ ထပ်မံသုံးစွဲရမည့် ငွေများအတွက် စာရင်းရှင်းလင်းဆွေးနွေးပြီး ဆောင်ရွက်ဆဲဖြစ်သော ဂြိုဟ်ခွင် ရှစ်ခွင်အသစ်ပြန်လည်ဆောက်လုပ်ပြီးစီးရေး၊ အပူခံကြွေပြားခင်းခြင်း၊ မီးစက်တစ်လုံးတပ်ဆင်ခြင်း၊ ဘုရားတောင်တက်လမ်း ပြုပြင်ခြင်းလုပ်ငန်းများကို ဘုရားပွဲတော်အချိန်တွင် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရေးနှင့် စောင်းတန်းများအဆင့်မြှင့်တင်တိုးချဲ့၍ အမိုးများ အသစ်ပြုပြင်ခြင်းလုပ်ငန်းများကို ဘုရားပွဲတော်ကျင်းပပြီးစီးသည့်အချိန်တွင် ဆက်လက်ဆောင်ရွက်ရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့ပြီး ပျော်ပွဲရွှင်ပွဲအနေဖြင့် ဇာတ်ပွဲလည်း ပါရှိမည်ဖြစ်ကြောင်း သိရသည်။ **(ကလိန်အောင်မြန်/ဆက်)**



ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အခမ်းအနား ဖိတ်ကြားလွှာ

(၃၄)နှစ်မြောက် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ၁၅-၃-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ မြို့တော်ခန်းမအနီး Orchid Hotel ခန်းမတွင် မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်းမှ ကြီးမှူးကျင်းပမည်ဖြစ်ပါ၍ စားသုံးသူရေးရာကိစ္စရပ်များ ဆောင်ရွက်နေသော အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး ဖိတ်ကြားအပ်ပါသည်။ အဆိုပါအခမ်းအနားတွင် ၅-၄-၂၀၁၄ ရက် ည ၇ နာရီ၌ ပြည်သူ့ရင်ပြင်တွင်ကျင်းပမည့် စားသုံးသူကာကွယ်ရေးပညာပေးအငြိမ့်နှင့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော "ကြောက်မက်ဖွယ်ရာကင်ဆာရောဂါနှင့် စားသုံးသူကာကွယ်ရေး ပညာပေးစာအုပ်" မိတ်ဆက်ခြင်းအခမ်းအနားအစီအစဉ်လည်း ပါဝင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း

နိုင်ငံတကာသို့ တတိယအကြိမ်ထပ်မံထိုးဖောက်လိုသူ

ပရီရန်ကာချိုပရာ

ဘောလိဝုဒ်မှ ဟောလိဝုဒ်အနုပညာလောကသို့ ထိုးဖောက်နိုင်ခဲ့သူ မင်းသမီး ပရီရန်ကာချိုပရာက In My City နှင့် Exotic တို့ ထွက်ရှိအပြီးတွင် နောက်ထပ်နိုင်ငံတကာသို့ ထိုးဖောက်မည့် တတိယမြောက်သီချင်းကို ယခုလကုန်နှင့် ဧပြီလဆန်းတွင် နိုင်ငံတကာသို့စတင်ဖြန့်ချိသွားရန် စီစဉ်ထားကြောင်း အတည်ပြုပြောကြားခဲ့သည်။

"ဘယ်လိုပဲဖြစ်ဖြစ် သီချင်းသစ်ဟာ နိုင်ငံတကာကို အောင်မြင်စွာ ထိုးဖောက်နိုင်မယ်လို့ ကျွန်မယုံကြည်ပါတယ်"ဟု ပရီရန်ကာက ပြောကြားခဲ့သည်။

မင်းသမီး ပရီရန်ကာ၏ In My City သီချင်းတွင် တေးသံရှင် ဝီလ်အိုင်အမ်နှင့်တွဲဖက်သီဆိုထားပြီး ကြည့်ရှုသူ ပရိသတ်ပေါင်း ၁၀ သန်းကျော်ရှိခဲ့ကာ Exotic သီချင်းတွင် ရပ်အဆိုတော် ပစ်ဘူးလ်နှင့် တွဲဖက်သီဆိုထားကာ ကြည့်ရှုသူပရိသတ်ပေါင်း ၃၃ သန်းကျော်ရရှိခဲ့သဖြင့် ယခုအသစ်ထွက်ရှိမည့်သီချင်းသစ်တွင် ကြည့်ရှုသူပရိသတ် ပေါင်း သန်း ၅၀ ကျော် ရရှိရန် မျှော်လင့်ထားကြောင်း ပရီရန်ကာက ဆိုသည်။

ပရိသတ်ရှေ့သို့ ပြန်လည်ရောက်ရှိလာဦးမည့်

စီဝမ်

တောင်ကိုရီးယားရုပ်ရှင်နှင့်ဂီတကြယ်ပွင့်တစ်ဦးဖြစ်သူ စီဝမ်က အမ်ဘီစီရုပ်သံလိုင်း၏ ဒရာမာဇာတ်ကားသစ် Triangle-Drama တွင် ပါဝင်သရုပ်ဆောင်ကာ ပရိသတ်ဆီသို့ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

မင်းသားစီဝမ်သည် ယင်းဇာတ်ကားတွင် မိခင်ဆုံးပါးပြီးနောက်ပိုင်း ညီအစ်ကိုသုံးယောက်လည်း တစ်ယောက်တစ်နေရာစီဖြစ်ကာ ပြန်တွေ့နေချိန်မှာတောင် ညီအစ်ကိုအရင်းမှန်းမသိကြသည့်ဖြစ်ရပ်ကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။ ယင်းဇာတ်ကားတွင် စီဝမ်က အငယ်ဆုံးသား ဂျန်ဒေါင်ဂွန်းအဖြစ် ပါဝင်ထားသည်။

ZE:A အမျိုးသားဂီတ အဖွဲ့မှ တေးသံရှင်တစ်ဦးဖြစ်သည့် သရုပ်ဆောင် စီဝမ်သည် ၂၀၁၂ ခုနှစ်က The Sun and the Moon နှင့် Night Study ဇာတ်ကားတို့တွင် နောက်ဆုံး ပါဝင်ခဲ့ခြင်းဖြစ်ပြီး ယခုမှ ပရိသတ်ရှေ့သို့ တစ်ဖန်ပြန်လည်ထွက်ပေါ်လာခြင်းဖြစ်သည်။

မျိုးစန္ဒာမောင် - စုစည်းသည်

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၄-၃-၂၀၁၄ (သောကြာနေ့)

(၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်၊ အဖိတ်နေ့)

MRTV

၆း၀၀	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၅	ကျန်းမာဖို့အတူကစားစို့
၆း၃၀	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ/အက
၆း၄၅	"ဘေးရန်ကင်းဖို့ ဦးခိုက်ပူဇော် ဥပ္ပါတသန္တိစေတီတော်"
၇း၄၅	"ခါနွေဆန်းစတပေါင်းလ"
၁၁း၀၀	ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
၂း၂၅	အတီးပြိုင်ပွဲ
၄း၂၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဒဿနိကဗေဒ အထူးပြု)(ဒဿနိကဗေဒ)
၆း၂၀	ချစ်သော၍ကမ္ဘာမြေ
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ -မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့

MRTV-4

၅း၄၀	"စိတ်ဆင်ရိုင်းနှင့် ပညာချွန်း" တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာနန္ဒမာလာဘိဝံသ)
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၀း၄၅	အနုပညာမိုးကောင်းကင်
၃း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရူး"(အပိုင်း-၂၇)
၅း၁၀	Minute to Win it
၆း၀၅	Health Fix
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရူး"(အပိုင်း-၂၈)
၇း၁၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး"(အပိုင်း-၂၅)
၈း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၁၁၁)
၉း၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော်ရဲ့ဗီးနပ်စ်" (အပိုင်း-၁၉)
၂း၅၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်

MWD

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၄း၀၃	အဖွင့်သီချင်း
၄း၀၆	တစ်ပတ်အတွင်း စီးပွားရေးသတင်း
၄း၁၅	မျိုးချစ်တပ်မတော်
၄း၂၅	မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	ဇာတ်လမ်းတို
၄း၄၅	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၁၀	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀	လည်မယ်. . . စားမယ်ကမ္ဘာတစ်ခွင်ဝယ်
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅	အမျိုးသားရေးတေးကဗျာ
၆း၁၀	"ရွာ"ဟာသဇာတ်လမ်းတွဲ ဒါရိုက်တာ မိုးဇော်ကို
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဆွေနဲ့မျိုးနဲ့ပြဿနာနဲ့ အပိုင်း(၄၇)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -ဒို့တာဝန်အရေး(၃)ပါး -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -သံစဉ်များနှင့်ကမ္ဘာ -တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်ဇာတ်လမ်း "မြင့်မြတ်ဂုဏ်ရည်"

ကျေးလက်ဒေသလျှပ်စစ်မီးလင်းရေးအတွက် အလှူငွေများလှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

ပညာလိုလားကြိုးစားနေပြီး အမှောင်ထဲက ကျေးရွာသား ရင်သွေးငယ်များ အတွက် ပညာအလင်းရရန် ပညာ့အလင်း ဆိုလာမီးအိမ်များလှူဒါန်းနိုင်ပါသည်။

ရွာတစ်ရွာချင်းစီ အလှူရှင်ကမ္ဘည်းထိုးလှူဒါန်းလိုပါက

-တစ်အိမ်လျှင် ၁ ဒသမ ၅ ဝပ် LED မီးလုံးနှစ်စုံပါ အိမ်ခြေ ၆၀ စာ တစ်ရွာအတွက် ဗဟိုအားသွင်းဆိုလာစနစ် ၁၀ သိန်း၊ စေတနာရှင်ပြည်သူအလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေထည့်ဝင်လှူဒါန်းနိုင်ပြီး ကျေးရွာကော်မတီမှဖြစ်စေ၊ ကျေးလက်မီးလင်းရေးအတွက် ကုမ္ပဏီ/အဖွဲ့အစည်းမှဖြစ်စေ၊ ပြည်သူထည့်ဝင်ငွေ သို့မဟုတ် ရင်းနှီးမတည်ငွေမလုံလောက်ပါက ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်တွင် နှစ်စဉ် ၁၂ ရာခိုင်နှုန်းအတိုးနှုန်းဖြင့် ချေးယူပြီးဆောင်ရွက်နိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

လှူဒါန်းလိုပါက ညွှန်ကြားရေးမှူးချုပ်(မွေး/ညွှန်)ဖုန်း - ၀၆၇-၄၀၈၀၄၆၊ ညွှန်ကြားရေးမှူးချုပ် (မွေး/ကု)ဖုန်း-၀၆၇- ၄၀၈၀၅၆၊ ညွှန်ကြားရေးမှူးချုပ် (ငါးလုပ်ငန်း)ဖုန်း-၀၆၇-၄၀၈၁၇၈၊ ညွှန်ကြားရေးမှူးချုပ်(ကျေးလက်)ဖုန်း-၀၆၇-၄၀၉၀၂၆၊ ရုံးအဖွဲ့မှူး(ပြည်ထောင်စုဝန်ကြီးရုံး)ဖုန်း -၀၆၇-၄၀၈၀၅၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)ဖုန်း-၀၆၇-၄၀၉၂၁၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံကိန်း)ဖုန်း-၀၆၇-၄၀၉၀၂၇၊ ဒုတိယအင်ဂျင်နီယာချုပ်(လုပ်ငန်း) ဖုန်း - ၀၆၇-၄၀၉၃၅၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)ဖုန်း-၀၆၇-၄၀၉၄၀၉၊ ၀၆၇-၄၀၈၀၅၃။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန





မူးယစ်ဆန့်ကျင် အောင်ပွဲဆင်





ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၉၊ မြေကွက်အမှတ်-၅ဒီ/၁၊ ဧရိယာ(၀. ၂၇၂) ဧကနှင့် မြေတိုင်းရပ်ကွက်အမှတ်-၇၉၊ မြေကွက်အမှတ်- ၅ဘီ/၁ အီး၊ ဧရိယာ- ၀. ၀၈၄ ဧက၊ မြေကွက်တည်နေရာအမှတ်(၄၁/ခ)၊ မိုးစန္ဒာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဒေါ်စန်းမြင့်အမည်ပေါက် မြေပိုင်မြေ (၂)ကွက်အား အမည်ပေါက် ဒေါ်စန်းမြင့်၊ ခင်ပွန်း ဦးကျော်ခိုင်တို့ကွယ်လွန်သဖြင့် ဒေါ်မွန်မွန်ခိုင်[၁၂/ကမရ(နိုင်)၀၂၀၈၂၄]က တစ်ဦး တည်းသောသမီးတော်စပ်ကြောင်းနှင့် မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများတင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘာစီလိုနာ နှင့် ပီအက်စ်ဂျီ ချန်ပီယံလိဂ်ကွာတားတက်ပြီ

ငွေကြယ်

ချန်ပီယံလိဂ်(၁၆) သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များကို မတ် ၁၃ ရက်နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းနှင့် မန်စီးတီးအသင်းတို့၏ ပွဲစဉ်တွင် ဘာစီလိုနာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နှစ်ကျော့ပေါင်း ရလဒ် လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ပီအက်စ်ဂျီအသင်းနှင့် လေဗာကူဆင်အသင်းတို့၏ ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း နိုင်ပွဲများရရှိပြီး ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာနိုင်ခဲ့သည်။

ဘာစီလိုနာအသင်းနှင့် မန်စီးတီးအသင်းတို့၏ ဒုတိယအကျော့ပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် အိမ်ရှင်အသင်းပီပီ အကောင်းဆုံးပုံစံဖြင့် ကစားနိုင်ခဲ့ပြီး ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာကာ မန်စီးတီးအသင်းသည်လည်း ဒုတိယအကျော့နိုင်ပွဲမှတစ်ဆင့် ကွာတားဖိုင်နယ်တက်လှမ်းနိုင်ရေးအတွက် ၄-၂-၃-၁ ကစားကွက်ဖြင့် လူစုံထုတ်ကစားခဲ့ကြသည်။ ထို့ကြောင့် ဘာစီလိုနာအသင်းနှင့် မန်စီးတီးအသင်းတို့သည် ပထမပိုင်းတွင် အကြိတ်အနယ်ရှိသည့်အပြင် ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ဒုတိယပိုင်းတွင် မန်စီးတီး နောက်တန်း ကစားသမားများ၏ အရည်အချင်းမပြည့်ဝမှုကို လှစ်ဟဖော်ပြခဲ့သည့်အလား အမှားများစွာပြုလုပ်ခဲ့ခြင်းကြောင့် ဒုတိယပိုင်း ၆၇ မိနစ်တွင် ဖာဘရီဂတ်စ်၏ ပေးပို့မှုမှ တစ်ဆင့်လီယွန်နယ်မက်ဆီက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် မန်စီးတီးအသင်းသည် ချေပဂိုးရရှိရေး ရုန်းကန်ရင်း ပထမပိုင်း မိနစ် ၃၀ တွင် အဝါကတ်ပြခံထားရသော ဇာဘလက်တာ ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် ပွဲကစားချိန် ၇၈ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ သို့ရာတွင် ပွဲကစားချိန် ၈၉ မိနစ်တွင် ဇက်ကို၏ ပေးပို့မှုမှတစ်ဆင့် ကွန်ပနီက ချေပဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း နာကျင်အချိန်ပိုတွင် ဘာစီလိုနာအသင်းက အင်နီယေစတာ၏ ဖန်တီးပေးမှုကြောင့် ဒန်နီအဲလ်ဗက်က တစ်ဂိုးသွင်းယူပေးခဲ့ရာ ဒုတိယအကျော့တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ဘာစီလိုနာအသင်းက နိုင်ပွဲရရှိခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလဒ်ထွက်ပေါ်ကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာနိုင်ခဲ့သည်။

ပီအက်စ်ဂျီအသင်းနှင့် လေဗာကူဆင်အသင်းတို့၏ ပွဲစဉ်တွင် အဝေးကွင်းလာကစားရသည့် လေဗာကူဆင်အသင်း ပထမပိုင်း ၆ မိနစ်တွင် အဖွင့်ဂိုးရရှိခဲ့သော်လည်း အဆုံးသတ်မသေချာမှုကြောင့် ပီအက်စ်ဂျီအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-တစ်ဂိုးဖြင့် ပီအက်စ်ဂျီအသင်း အနိုင်ရလဒ်ထွက်ပေါ်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာနိုင်ခဲ့သည်။

မန်စီးတီးအသင်းနောက်တန်းကစားသမားကောင်းများ လိုအပ်ဟု ဒန်နီမီးလ်ဆို

ပရီမီယာလိဂ်ကလပ်မန်စီးတီးအသင်းသည် ထိပ်ဆုံးအသင်းတစ်သင်းအဖြစ် ရပ်တည်မည်ဆိုပါက နောက်တန်းကစားသမားကောင်းများ ခေါ်ယူအားဖြည့်ရန်လိုအပ်မည်ဟု ယုံကြည်ပါကြောင်း မန်စီးတီးနောက်ခံကစားသမားဟောင်း ဒန်နီမီးလ်က ပြောကြားခဲ့သည်။

မန်စီးတီးအသင်းသည် ဘာစီလိုနာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သော ချန်ပီယံလိဂ်ပွဲစဉ်တွင် နောက်ခံကစားသမားနှစ်ဦးဖြစ်သည့် ဒီမီချီလစ်နှင့် လက်စကော့တို့၏ အမှားများမှတစ်ဆင့် ဘာစီလိုနာအသင်းကို ရှုံးနိမ့်ကာ ချန်ပီယံလိဂ်မှ ထွက်ခဲ့ရခြင်းဖြစ်ကြောင်းလည်း ဒန်နီမီးလ်က ကောက်ချက်ချခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မန်စီးတီးအသင်းသည် ကမ္ဘာ့ကလပ်အသင်းများထဲတွင် ငွေကြေးမြောက်မြားစွာရှိနေလင့်ကစား နောက်တန်းကစားသမားကောင်းများကို ရွေးချယ်မခေါ်ယူနိုင်ခဲ့ကြောင်းလည်း ဒန်နီမီးလ်က ပြောကြားခဲ့သည်။ မန်စီးတီးအသင်းသည် ဒီမီချီလစ်ကို ပေါင် ၄ ဒသမ ၂ သန်း၊ လက်စကော့ကို ပေါင် ၂၂ သန်းပေးကာခေါ်ယူခဲ့သော်လည်း အကောင်းဆုံးပုံစံမရရှိခဲ့ဘဲ ဒီမီချီလစ်ကြောင့် ဘာစီလိုနာနှင့်ကစားခဲ့သည့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ပထမအကျော့တွင် ဂိုးပေးလိုက်ရသည့်အပြင် အနီကတ်ပြထုတ်ပယ်ခံခဲ့ရပြီး ချန်ပီယံရှစ်ကလပ် ဝီဂန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရသည့် အက်ဖ်အေဖလားပွဲစဉ်တွင်လည်း ဒီမီချီလစ်နှင့် ဂျိမ်းစ်ပက်ချ်တို့၏ အမှားများကြောင့် ဝီဂန်ကိုရှုံးကာ အက်ဖ်အေဖလားမှ ထွက်ခဲ့ရသည်။

စီးရီးအေရာင်ခန့်သုံး – ၂၈

စီးရီးအေပွဲစဉ်ရဲ့ ပွဲစဉ် ၂၈ ကိုမတ် ၁၆၊ ၁၇၊ ၁၈ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ အေစီမီလန်နဲ့ ပါးမားဆုံတွေ့နေလို့ အကြိတ်အနယ်ရှိမှာပါ။

ဗီရိုနာ-အင်တာမီလန် နံနက် ၂း၁၅ (၁၆-၃-၁၄)

လက်ရှိဗီရိုနာရဲ့ ကစားအားကျဆင်းသွားပါတယ်။ အင်တာမီလန်က ဥရောပဝင်ခွင့်ရဖို့ အမှားမခံတဲ့အခြေအနေ ရောက်နေတယ်။ ဒါကြောင့်အင်တာမီလန်အားစိုက်လာဖို့ရှိပြီး အဝေးကွင်းဖြစ်ပေမယ့်လည်း အင်တာနဲ့ပဲ ရပ်တည်မယ်။

အတ္တလန်တာ- ဆမ့်ဒိုးရီးယား ည ၆း၀၀ (၁၆-၃-၁၄)

အတ္တလန်တာက ခြေအနည်းငယ်ပြန်ငြိမ်လာတယ်။ အိမ်ကွင်းဖြစ်တယ်။ ဆမ့်ဒိုးရီးယားက အဝေးကွင်းပွဲတွေမှာ စိတ်မချရဘူး။ ဒါကြောင့် အိမ်ကွင်းအားနဲ့ဖိအားပေးမယ့် အတ္တလန်တာကိုပဲ ရွေးချယ်အားပေးရမယ်။

လီဗော်နို-ဘိုလော့ဂ်နာ ည ၇း၃၀ (၁၆-၃-၁၄)

နှစ်သင်းစလုံး တန်းမဆင်းရဖို့ရုန်းရမယ့် တွန်းအားရှိတယ်။ လက်ရှိအချိန်မှာ နှစ်သင်းစလုံးရဲ့ခြေကလည်း ကွာဟမှုသိပ်မရှိဘူး။ ဒါပေမယ့် လီဗော်နိုက အိမ်ကွင်းအားသာချက်ရှိလို့ လီဗော်နိုနဲ့ပဲရပ်တည်ရဖို့ရှိတယ်။

ဆာစူအိုလို- ကာတာနီးယား ည ၇း၃၀ (၁၆-၃-၁၄)

အမှတ်ပေးဇယားအောက်ဆုံးက ဆာစူအိုလိုအနေနဲ့ ဒီလိုပွဲမျိုးမှာ အမှတ်ရအောင်ကြိုးစားလာမှာပါ။ ကာတာနီးယားက သူ့အထက်ကအသင်းဖြစ်ပြီး ခြေစွမ်းပိုင်းလည်း ကွာဟမှုသိပ်မရှိပါဘူး။ ဆာစူအိုလိုနဲ့ပဲ အရဲစွန့်ရမယ်။

ကယ်ဂလီယာရီ-လာဇီယို ည ၇း၃၀ (၁၆-၃-၁၄)

ကယ်ဂလီယာရီက တန်းမဆင်းရဖို့ရုန်းလာမှာပါ။ အိမ်ကွင်းလည်းဖြစ်တယ်။ ဒါကြောင့်လာဇီယိုရဲ့ လက်ရှိခြေစွမ်းပိုင်းကောင်းမွန်ပေမယ့်လည်း မထင်မှတ်ဘဲ အခက်တွေ့နိုင်တယ်။ သရေမျှော်လင့်နိုင်မယ့် ကယ်ဂလီယာရီကို နှစ်သက်တယ်။

အေစီမီလန်-ပါးမား ည ၇း၃၀ (၁၆-၃-၁၄)

လက်ရှိခြေအရ အေစီမီလန်က အားနည်းလွန်းပါတယ်။ ချန်ပီယံလိဂ်ကြောင့်လည်း ပွဲပန်းလာဖို့ရှိတယ်။ ပါးမားက ဥရောပဝင်ခွင့်အတွက် အားစိုက်လာမှာဖြစ်သလို ခြေလည်းမဆိုးဘူး။ အေစီမီလန်ကို ဆက်လက်ငြင်းပယ်ချင်မိတယ်။

ဖီယိုရင်တီးနား-ခီယေဗို နံနက် ၂း၁၅ (၁၇-၃-၁၄)

အိမ်ကွင်းဖြစ်ပေမယ့် ယူရိုပါလိဂ်ကြောင့် ပွဲပန်းလာနိုင်တဲ့ ဖီယိုရင်တီးနားကို ခီယေဗိုတို့အကောင်းဆုံးခံကစားသွားမှာပါ။ လက်ရှိအချိန်မှာ တန်းမဆင်းရဖို့အတွက်လည်း ခီယေဗိုတို့အမှတ်လိုနေတယ်။ ဖီယိုရင်တီးနားနိုင်ရင်တောင် မပြတ်သားဘူး။

ဂျီနိုအာ-ဂျူဗင်တပ် နံနက် ၂း၁၅ (၁၇-၃-၁၄)

ယူရိုပါလိဂ်ကြောင့် ပွဲပန်းလာနိုင်တဲ့ ဂျူဗင်တပ်ကို ဂျီနိုအာ ခံကစားနိုင်ပါ့မလား။ ကွင်းကဂျီနိုအာရဲ့ကွင်းဖြစ်တယ်။ ဂျီနိုအာရဲ့ လက်ရှိခြေကလည်း မဆိုးဘူး။ ဒါကြောင့် ဂျူဗင်တပ်အခက်တွေ့နိုင်ပြီး ပြတ်သားတဲ့အဖြေထွက်ပေါ်ဖို့ခက်တယ်။

တိုရီနို-နာပိုလီ နံနက် ၀၀း၃၀ (၁၈-၃-၁၄)

နာပိုလီအနေနဲ့ ယူရိုပါလိဂ်ကစားရမှာဖြစ်လို့ ပွဲပန်းလာနိုင်တယ်။ တိုရီနိုကလည်း လက်ရှိအချိန်မှာ ခြေကျနေတယ်။ ဒါပေမယ့် တိုရီနိုကွင်းဖြစ်လို့ နာပိုလီလွယ်လွယ်မနိုင်ဘူး။ နာပိုလီတို့ကပ်ပြီးပဲ အနိုင်ရဖို့ရှိတယ်။

ရိုးမား-အူဒီးနီးစ် နံနက် ၂း၃၀ (၁၈-၃-၁၄)

အူဒီးနီးစ်ရဲ့လက်ရှိခြေက ရိုးမားကိုမမီပါဘူး။ ဂျူဗင်တပ်၊ နာပိုလီတို့ ဥရောပပွဲတွေနဲ့ ပွဲပန်းနေချိန်မှာ ရိုးမားတို့ အမှတ်ရအောင် ကစားမှာပါ။ အိမ်ကွင်းလည်းဖြစ်တာကြောင့် ရိုးမားကပဲ နိုင်ပွဲရယူသွားဖို့ရှိပါတယ်။

ရှိုင်းမင်းမင်း

ဘင်္ဂလားဒေ့ရှ်အပျော်တမ်းတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာလူငယ်အမျိုးသမီးအသင်း ဆုနှစ်ဆုဆွတ်ခူးနိုင်

ရန်ကုန် မတ် ၁၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံ Kurmitola Golf Club, Dhaka ၌ မတ် ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည့် "29th Bangladesh Amateur Golf Championship 2014" ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်အမျိုးသမီးဂေါက်သီးရိုက်အသင်းက ဆုနှစ်ဆုဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီးတစ်ဦးချင်း Handicap ပြိုင်ပွဲတွင် မေဦးခိုင်က ပထမရရှိပြီး ယဉ်မေမျိုးက ပဥ္စမအဆင့်ရရှိသည်။

အမျိုးသမီးတစ်ဦးချင်း အကျော့မဲ့ နှစ်ရက်ပြိုင်ပွဲတွင် ယဉ်မေမျိုးက (၇၅+၇၇) Gross Score ၁၅၂ ချက်ဖြင့် တတိယအဆင့်ရရှိပြီး မေဦးခိုင်က (၇၇+၇၈) Gross Score ၁၅၅ ချက်ဖြင့် စတုတ္ထအဆင့်ရရှိသည်။

အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းက ၃၀၇ ချက်ဖြင့် ဒုတိယဆုကိုရရှိခဲ့၍ ထိုင်းအသင်းက ၂၈၂ ချက်ဖြင့် ပထမရရှိပြီး အိမ်ရှင်ဘင်္ဂလားဒေ့ရှ်(ခ)အသင်းက ၃၁၈ ချက်ဖြင့် တတိယရရှိသည်။ ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ အားကစားသမား ၁၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



မုံရွာ – ယာကြီး – ကလေးဝ တောင်ပေါ်ကားလမ်း တစ်ပတ်အတွင်း ယာဉ်နှစ်စီး ထိုးကျတိမ်းမှောက်

ကနီ မတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ယာကြီးကျေးရွာနှင့် လာပို့ကျေးရွာအကြား မုံရွာ- ယာကြီး - ကလေးဝ တောင်ပေါ်ကားလမ်းပိုင်းတွင် တစ်ပတ်အတွင်း ယာဉ်နှစ်စီး ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ လူသေဆုံးမှုများရှိခဲ့ကြောင်း အမှတ်(၁၄)ယာဉ်ထိန်းရဲတပ်ဖွဲ့ မုံရွာတပ်ဖွဲ့ခွဲမှူး ရဲမှူး ခင်ဇော်မြင့်က ပြောသည်။

တောင်တက်၊ တောင်ဆင်းမြင့်မားပြီး လမ်းများကျဉ်းမြောင်းကာ ယာဉ်ကြံ့ခိုင်မှုနည်းပါးသည့်အတွက် ထိုကဲ့သို့ ယာဉ်များ ချောက်ထဲထိုးကျတိမ်းမှောက်ခြင်းဖြစ်သည်ဟု သက်ဆိုင်ရာက မှတ်ချက်ပြုသုံးသပ်ထားကြောင်း သိရသည်။

အဆိုပါကားလမ်းပိုင်းတွင် ယာဉ်တိမ်းမှောက်မှု အများဆုံးဖြစ်ပွားတတ်သည့်နေရာမှာ မိုင်တိုင်အမှတ်(၄၀)နှင့် (၅၈)မိုင်အကြားဖြစ်ကြောင်း ဒေသခံများက ဆိုသည်။ မတ် ၁၀ ရက် ည ၇ နာရီတွင် အဆိုပါ ကားလမ်း၏ မိုင်တိုင်အမှတ် (၅၈) နတ်စင်ကုန်းအဆင်းနေရာရှိ ပေ ၁၅၀ ကျော်နက်သည့် တောင်ကမ်းပါးယံချောက်ထဲသို့ ၁၂ ဘီးကုန်တင်ယာဉ်တစ်စီး ထိုးကျတိမ်းမှောက်ခဲ့ရာ လူအသေအပျောက်များရှိခဲ့ကြောင်း ကနီမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးရှိ ရဲအရာရှိတစ်ဦးက ပြောသည်။

လာပို့နယ်ရဲကင်းစခန်းမှူး ဒုရဲအုပ်တင်ဝင်းအောင်နှင့်အဖွဲ့သည် အဆိုပါယာဉ်တိမ်းမှောက်ရာသို့ သွားရောက်စစ်ဆေးခဲ့ရာ တိမ်းမှောက်ယာဉ်သည် မန္တလေးမြို့မှ ကလေးမြို့သို့ ကုန်စည်များတင်ဆောင်၍ ကိုမျိုးခိုင် ကလေးမြို့ ညောင်ပင်သာရပ်ကွက်နေသူမောင်းနှင်လာသည့် ယာဉ်အမှတ် ၇ခ/--- နီဆန်ဖြူနီကျား ၁၂ ဘီးယာဉ် အမျိုးအစား ဖြစ်ကြောင်း သိရသည်။ အမြင့်ပေ ၁၅၀ ရှိ ချောက်ထဲသို့ ယာဉ်ထိုးကျတိမ်းမှောက်ခဲ့သည့်အတွက် ယာဉ်မောင်းကိုမျိုးခိုင်နှင့် ကိုငြိမ်းချမ်းတို့နှစ်ဦးမှာ ကားပိ၍ နေရာတွင်ပင် သေဆုံးခဲ့ရပြီး ယာဉ်နောက်လိုက် ကိုစိုးမြင့်နိုင်မှာ ယာလက်ချောင်းများ ကြေမွပြီး နားမှ သွေးထွက်ဒဏ်ရာများရရှိခဲ့သဖြင့် ကနီပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံနေကြောင်း သိရသည်။

အဆိုပါကားလမ်းပိုင်းတွင် မတ် ၄ ရက်ကလည်း သစ်ဝါးများတင်ဆောင်လာသည့် ကုန်တင်ခြောက်ဘီးယာဉ်တစ်စီး အလားတူဖြစ်စဉ်ကဲ့သို့ ချောက်ထဲထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ လူနှစ်ဦးသေဆုံးခဲ့ရသည့် ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

တိုးတိုးဝင်း(မုံရွာ)

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းဆုံ ခုံးကျော်တံတားအောက်၌ ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းဆုံမီးပွိုင့်ခုံးကျော်တံတားအောက်၌ အဖြူရောင်ယာဉ်နှစ်စီးတိုက်မှု ဖြစ်ပွားကြောင်း သိရသည်။**(ဓာတ်ပုံ)**

ဖြစ်ပွားပုံမှာ လှိုင်မြို့နယ်ဘက်မှ ဘုရင့်နောင်လမ်းမအတိုင်း ယာဉ်မောင်း ကိုအောင်မျိုးမင်းမောင်းနှင်လာသော အဖြူရောင်တောင်းအေ့(လိုက်ထရပ်)ယာဉ်အမှတ် 8L/--- သည် ဘုရင့်နောင်မီးပွိုင့် ခုံးကျော်တံတားအောက်အရောက် အင်းစိန်ဘက်မှ ဘုရင့်နောင်လမ်းမအတိုင်း ဦးခင်ဝင်း မောင်းနှင်လာသော အဖြူရောင်ပရိုဘောက် ယာဉ်အမှတ် AA/--- အငှားယာဉ်တို့ ခေါင်းချင်းဆိုင်တိုက်မိရာ လိုက်ထရပ်ကား၏ယာဘက်ရှေ့ဦးခေါင်းပိုင်း ကြေမွပျက်စီး၊ ရှေ့ယာဘက်မီးကွဲသွားပြီး အငှားယာဉ်၏ ရှေ့ဝဲဘက်ဦးခေါင်းကြေမွပျက်စီးသွားကာ ယာဉ်ပေါ်ပါ အမျိုးသမီးတစ်ဦး ဝဲလက်အဆစ်လွဲပွန်းပဲ့သွားပြီး လိုက်ထရပ်ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦး ဝဲနဖူးပေါက်ပြဲဒဏ်ရာရရှိခဲ့သည်။

ယဉ်မောင်းနှစ်ဦးအား သက်ဆိုင်ရာ ယာဉ်မှုစစ်မှ အရေးယူထားကြောင်း သိရသည်။

(ညီညီ-သမိုင်း)

❑

လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာ စစ်တောင်းတံတား (သစ်/ဟောင်း)လမ်းဆုံ၌ သိမ်ဇရပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၁ ရက် နံနက် ၆ နာရီခွဲတွင် ယာဉ်များအား ရပ်တန့်စစ်ဆေးနေစဉ် မော်လမြိုင်မြို့ ဇေယျာမြိုင်ရပ်ကွက်နေ ဇင်လင်းနိုင် (၂၇)နှစ်မောင်းနှင်လာသော 7F/---- Mark II အဖြူရောင်ယာဉ်၊ မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက်နေ သက်နိုင်ထွန်း (၃၂)နှစ် မောင်းနှင် လာသော ၄ဃ/---- Grandis Sloon ယာဉ်နှင့် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်နေ ကျော်ဇံထွန်း (၂၉)နှစ်မောင်းနှင်လာသော 2E/---- Toyota Wish ယာဉ်တို့မှာ ယာဉ်နှင့်ပတ်သက်သော အထောက်အထားမပါရှိဘဲ လိုင်စင်မဲ့ယာဉ်များဖြစ်ကြောင်းတွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ပြီး သိမ်ဇရပ်နယ်မြေရဲစခန်းမှ ဇင်လင်းနိုင်အား (ပ)၄၃/၂၀၁၄ ဖြင့်လည်းကောင်း၊ သက်နိုင်ထွန်းအား (ပ)၄၄/၂၀၁၄ ဖြင့်လည်းကောင်း၊ ကျော်ဇံထွန်းအား (ပ)၄၅/၂၀၁၄ ဖြင့်လည်းကောင်း ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

ယာဉ်မဆင်မခြင်မောင်းနှင်၍ သုံးဦးသေ

နေပြည်တော် မတ် ၁၃

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် စသိန်းကျေးရွာနေ နိုင်လင်း (၃၀)နှစ် မောင်းနှင်လာသည့် ဇ/-- ဟီးနိုးအစိမ်းရောင် ခြောက်ဘီးယာဉ်သည် မတ် ၁၀ ရက် ည ၁၁ နာရီတွင် ဇောင်းယားပင်အုပ်စု မင်းကိုင်းကျေးရွာ မြောက်ဘက် နှစ်ဖာလုံခန့်အကွာ ပခုက္ကူမှကျောသို့ ဆက်သွယ်ထားသည့် မီးရထားသံလမ်းတံတားအောက်မှ လှည်းလမ်းအတိုင်း မောင်းနှင်လာစဉ် သံလမ်းတံတားပေါင်နှင့် ယာဉ်ပေါ်ရှိ ကပ်ခြံတို့ တိုက်မိခဲ့သည်။

ထိုသို့တိုက်မိသဖြင့် ကပ်ခြံပေါ်တွင် လိုက်ပါလာသော ပေါက်မြို့နယ် စသိန်းကျေးရွာနေသူများဖြစ်ကြသည့် ဦးဝင်းဌေး (၄၅)နှစ်တွင် ဦးခေါင်းခွံကွဲဒဏ်ရာ၊ ဦးကျော်အေး(၅၀)နှစ်နှင့် ဦးစိုးရွှေ (၄၅)နှစ်တို့တွင် နံရိုးကျိုးကြေ၊ ရင်ခေါင်းအတွင်းဒဏ်ရာများ ရရှိကာ သေဆုံးခဲ့သည်။

ထို့ကြောင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ နိုင်လင်းအား ပေါက်မြို့မရဲစခန်းက ယာဉ်(ပ)၅/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

၁၂ဂ ယာဉ်လိုင်းမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ခရီးသည်လုတင်ဆောင်ရာမှ ထိုးကြိတ်မှုဖြစ်

ရန်ကုန် မတ် ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းမပေါ်၌ မတ် ၁၂ ရက် ညနေ ၅ နာရီခန့်က မင်္ဂလာဒုံဘက်မှ အလယ်ရွာသို့ ဂိတ်ထိုးသည့် ၁၂၇ ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်နှစ်စီးမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့နှစ်ဦး ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်တော်ယာဉ်ထိန်းသိမ်းရေးကော်မတီ ဌာနခွဲ(၄) လက်အောက်ရှိ ၁၂၇ ခရီးသည်တင်ယာဉ်လိုင်းမှ ၇က/--- ယာဉ်နောက်လိုက် ကောင်းမြတ်စိုးနှင့် ၂က/--- ယာဉ်မောင်း ဦးကျော်ရွှေတို့ ခရီးသည်လုတင်ဆောင်ရာမှ အပြန်အလှန်စကားများကြပြီး ထိုးကြိတ်ရာ ဦးကျော်ရွှေတွင် သွေးထွက် ဒဏ်ရာရရှိသွားသည်။

အခင်းဖြစ်နေရာသို့ အမှတ်(၁၇) ယာဉ်ထိန်း တပ်ဖွဲ့ခွဲမှတပ်ဖွဲ့ဝင်များ အချိန်မီ ရောက်ရှိလာပြီး ပြစ်မှုကျူးလွန်သူ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ နှစ်ဦးအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွား မည်ဟု သိရသည်။

(မင်းထက်ပိုင်-လှိုင်သာယာ)

သရဖူမြတ်နိုးသူ **Travels &Tours Co.,Ltd**

ဘားအံ၊ကော့ကရိတ်၊မြဝတီ၊(ထိုင်းနိုင်ငံနယ်စပ်)မဲဆောက်၊ ဖဝေါ 170000 April-12
ထားဝယ်ဘုရားစုံ(ရှင်ကိုးရှင်နေ့ချင်းဖူး)၊ထိုင်းနိုင်ငံကန်ချာနာပူလ်ရီ 260000 April-12&13
ထားဝယ်ဘုရားစုံ(ရှင်ကိုးရှင်နေ့ချင်းဖူး)၊ကန်ချာနာပူလ်ရီဗန်ကောက်(၂ညအိပ်)430000 April-12
ထိုင်းနိုင်ငံ ကန်ချာနာပူလ်ရီနှင့် ဗန်ကောက်သီးသန့်ခရီးစဉ်(ဗန်ကောက် ၂ညအိပ်)350000 April-12
Ph 01-551453, 09-5156297, 09-5014517, 09-450053758

သရဖူမြတ်နိုးသူ **Travels &Tours Co.,Ltd**

	For VIP Trips Scania	Korea	For Upper Trips High	Grade
မန္တလေး၊ပြင်ဦးလွင်၊ကျောက်ဆည်၊ပုဂံဘုရားစုံ(စွယ်တော်ငါးဆူနှင့်ပြည့်ငါးပြည့်)	140000	130000	90000	April-13
မန္တလေး၊ပြင်ဦးလွင်၊ကျောက်ဆည်၊ပခုက္ကူ၊ပုဂံဘုရားစုံ	140000	130000	95000	April-12&13
ရွှေစက်တော်၊ပခုက္ကူ၊စလေ၊ပုဂံဘုရားစုံ(စွယ်တော်လေးဆူနှင့်ပြည့်ငါးပြည့်)	140000	130000	95000	April-12&13
မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ၊မင်းကွန်း၊အလောင်းတော်ကဿပ	150000	140000		April-13
မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ၊မင်းကွန်း၊မိုးကုတ်၊တောင်ပြုန်း		180000		April-13
မန္တလေး၊ပြင်ဦးလွင်၊မိုးကုတ်၊တောင်ပြုန်း		150000		April -13
မန္တလေး၊ပြင်ဦးလွင်၊လားရှိုး၊ရွှေလီ၊ဝမ်တိန်၊မံစီ-(ရွှေလီ၌၂-ရက်လည်/၂ညအိပ်)	260000/220000	210000	160000	April-12&13
တောင်ကြီး၊အင်းလေး၊ကလော၊ပင်းတယ၊ကုံလုံ	150000	140000	95000	April-12&13
တောင်ကြီး၊အင်းလေး၊ကလော၊ပင်းတယ၊ကုံလုံ၊အုံ့ဖွယ်စကားအင်း	180000	170000		April-12
တောင်ကြီး၊အင်းလေး၊ကလော၊ပင်းတယ၊လွိုင်ကော်၊ဒီမောဆိုး	200000	180000		April-12
ပုဂံဘုရားစုံနှင့်တောင်ကြီး၊အင်းလေး၊ကလော၊ပင်းတယ၊ကုံလုံ	190000	180000		April-12
မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ၊တောင်ကြီး၊အင်းလေး၊	200000	190000		April-12
မော်လမြိုင်၊ကျိုက္ခမီ၊စက်စဲ၊ထားဝယ်ဘုရားစုံ(ရှင်ကိုးရှင်နေ့ချင်းဖူး)		130000	85000	April-12,13,14

For VIP -Star Hotel,Famous Restaurant,Latest Air Coach,Experienced Guide,Special Services.
For Upper-ဟိုတယ်စတိုင်တည်းခိုခန်း၊စာသောက်ဆိုင်၊လေအေးပေးစက်ဖွင့် အဆင့်မီလေအိတ်ကားကြီးများ၊အထူးဝန်ဆောင်မှု၊ အထူးမေတ္တာရပ်ခံချက်၊ ထွက်ရှိမည့်ခရီးစဉ်ကားစီးရေကန့်သတ်ထားပါသဖြင့် လက်မှတ်ကြိုတင်မှာယူနိုင်ပါသည်။(Door to Door Services)
Ph 01-551453, 09-5156297, 09-5014517, 09-450053758

ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီး၌ တံတားနှစ်စင်းဖောက်လုပ်

မိုးညှင်း၊ မတ် ၁၃

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့(၁၅)က တာဝန်ယူကြီးကြပ်ပြီး ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုကားလမ်းမကြီး (မိုးညှင်းမြို့နယ်လမ်းပိုင်း) ၌ နန့်စီအောင်တံတားနှင့် ဆယ်မိုင်တံတားနှစ်စင်း တည်ဆောက်လျက်ရှိကြောင်း မြို့နယ်အင်ဂျင်နီယာ ဦးမြင့်ဇော်က ပြောသည်။

အဆိုပါတံတားများနှင့် စပ်လျဉ်းပြီး မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက "၂၀၁၄-၂၀၁၅၊ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှု (ငွေလုံးငွေရင်း ၏အသုံးစရိတ်)လျာထားချက်က တံတားတစ်စင်းကို ကျပ်သန်း ၂၀၀ စီ ခွင့်ပြုပေးဖို့ စိစစ်ထောက်ခံထားပြီး ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပြည်ထောင်စုလမ်းမကြီး၏အစိတ်အပိုင်းဖြစ်သည့် မိုးညှင်းမြို့နယ်လမ်းပိုင်းတွင် တံတားတစ်စင်းတည်ဆောက်နေစဉ်။

မိုးညှင်းမြို့နယ် နန့်စီအောင်တံတား (၁/၁၆၉) သည် အရှည် ၁၂၀ ပေ၊ ခန်းဖွင့်အကျယ် ၆၀ ပေ၊ ယာဉ်သွား လမ်းအကျယ် ၂၄ ပေ၊ နှစ်လမ်းသွား လူသွားလမ်းအကျယ် တစ်ဖက်လျှင် နှစ်ပေ၊ ခြောက်လက်မရှိပြီး သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကာ ၂၀၁၃-၂၀၁၄ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၅၀ ဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်နိုင်ဦးမှ တာဝန်ယူကြီးကြပ် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ဒီတံတားနှစ်စင်းရဲ့တည်ဆောက်မှုဟာ ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါတယ်။ တံတားတွေ တည်ဆောက်ပြီးစီးရင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မိုးညှင်းမြို့နယ် ဆယ်မိုင်တံတား (၅/၁၇၉) သည် အရှည် ၁၀၀ ပေ၊ ခန်းဖွင့်အကျယ် ၁၀၀ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ (နှစ်လမ်းသွား) လူသွားလမ်းအကျယ် တစ်ဖက်လျှင် နှစ်ပေ၊ ခြောက်လက်မရှိပြီး သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကာ ၂၀၁၃-၂၀၁၄ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၅၀ ဖြင့် တည်ဆောက်လျက်ရှိသည်။

ကေဆိုင်းနော်(ဖားကန့်)

တိုက်ကြီးမြို့နယ်တွင် မှုခင်းကျဆင်းရေးဆိုင်ရာများ ခရိုင်ဒုတိယရဲမှူးကြီးက ဆွေးနွေးဟောပြော

တိုက်ကြီး၊ မတ် ၁၃

တိုက်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် မတ် ၁၀ ရက်က မှုခင်းကျဆင်းရေးဆိုင်ရာများကို ဆွေးနွေးခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် ဒုတိယရဲမှူးကြီးမြင့်လွင်သည် တိုက်ကြီးမြို့ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံကာ လုံခြုံရေးကိစ္စများ ပြောကြားကြောင်း သိရသည်။

မြို့မိမြို့ဖများက တိုက်ကြီးမြို့နယ်၊ ရဲတပ်ဖွဲ့ဝင်များ နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နယ်မြေကွင်းဆင်းရာတွင် ရဲတပ်ဖွဲ့အင်အားနည်းသဖြင့် ထပ်မံတိုးချဲ့ပေးရန်လိုကြောင်း၊ အခင်းဖြစ်လျှင် အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ရန် ရဲတပ်ဖွဲ့ဝင်များ၏ သွားရေးလာရေးအဆင်ပြေစေရေး စီစဉ်ပေးလိုကြောင်း၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်-ပြည်လမ်းတစ်လျှောက် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ ဆိုက်ကားများ စည်းမဲ့ကမ်းမဲ့ရပ်ခြင်း၊ အရှိန်ပြင်းစွာမောင်းနှင်ခြင်းတို့ကြောင့် မကြာခဏယာဉ်တိုက်မှုများရှိနေပါသဖြင့် ရဲတပ်ဖွဲ့မှ သက်ဆိုင်ရာအဖွဲ့များနှင့်ပူးပေါင်းပြီး ယာဉ်စစ်ဆေးခြင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြသည်။

ဒုတိယရဲမှူးကြီးမြင့်လွင်က ပြောကြားရာတွင် ပြည်သူများ မှုခင်းမဖြစ်ခင်ကြိုတင်ကာကွယ်ရေးနှင့် မှုခင်းဖြစ်လျှင်ဖြစ်ချင်း ချက်ချင်းဆောင်ရွက်နိုင်ရန်နှင့် ပြည်သူများကို မှုခင်းကျဆင်းရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ယာဉ်လိုင်းများနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ ပူးပေါင်းဆောင်ရွက်ပြီး မှုခင်းကျဆင်းအောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း ပြောကြားပါသည်။ ၎င်းအပြင် တိုက်ကြီးမြို့နယ်တွင် ယခင်နှစ်မှတ်တမ်းများအရ လူသတ်မှု၊ မုဒိမ်းမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ ယာဉ်တိုက်မှုများ များပြားနေကြောင်း သိရပါသည်။ သို့ဖြစ်၍ ၎င်းကိစ္စများ မဖြစ်ပွားစေရန် မြို့မိမြို့ဖများ ပူးပေါင်းကာကွယ်ကြရန်နှင့် စနစ်တကျ ထိန်းသိမ်းပေးရန်လိုအပ်ကြောင်း မှာကြားပြီး အကယ်၍ ရဲတပ်ဖွဲ့ဝင်များ ဆောင်ရွက်မပေးလျှင် မိမိထံသို့ တိုက်ရိုက်ဖုန်းဖြင့် ဆက်သွယ်သတင်းပို့နိုင်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထွန်းလှိုင်(မြို့)

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ခရိုင်အဆင့် စာရင်းစစ်/စာရင်းကောက် နည်းပြသင်တန်းဖွင့်

ပဲခူး၊ မတ် ၁၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ခရိုင်အဆင့် စာရင်းစစ်/စာရင်းကောက် နည်းပြသင်တန်းကို မတ် ၆ ရက်မှ မတ် ၁၁ ရက် အထိ ညောင်လေးပင်မြို့ စက်ရုံလမ်းရှိ အခြေခံပညာအထက်တန်း(ခွဲ)ကျောင်းတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ သင်တန်းတွင် ညောင်လေးပင်၊ ဒိုက်ဦး၊ ကျောက်တံခါး၊ ရွှေကျင်မြို့နယ်များမှ ဆရာ၊ ဆရာမ ၉၆ ဦး တက်ရောက်ခဲ့ပြီး ခရိုင်အဆင့်နည်းပြသင်တန်းဆင်းပွဲသို့ ပဲခူးခရိုင်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးရဲရင့်ထွန်း တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်းစာရင်း စာရင်းစစ်/စာရင်းကောက် နည်းပြခန့်အပ်လွှာများကို သင်တန်းသား၊ သင်တန်းသူများအား ပေးအပ်ပြီး လက်တွေ့သန်းခေါင်စာရင်းကောက်ယူလေ့ကျင့်ခြင်းတို့အပြင် ဉာဏ်စမ်းပဟေဠိစမ်းစစ် ဖြေဆိုခြင်းများကို ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်မောင်လွင်(၆၉၂)

ဒလဆိပ်ကမ်းကို အဆင့်မြှင့်တင် ပြုပြင်သွားမည်

ရန်ကုန်၊ မတ် ၁၃

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အဖွဲ့အစည်းမှ ရန်ကုန်မြို့ ပန်းဆိုးတန်းတစ်ဖက်ကမ်းရှိ ဒလဆိပ်ကမ်းအား သင်္ဘောများ ထပ်မံဆိုက်ကပ်နိုင်ရန်အတွက် အဆင့်မြှင့်ပြုပြင်သွားမည်ဖြစ်ကြောင်း မတ် ၁၂ ရက် ဆိပ်ကမ်းမြေနေရာပန္နက်တင်အခမ်းအနားတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ဌာနေ ကိုယ်စားလှယ်မစ္စတာမာဆာဟီကို တာနာကာက ပြောသည်။

"ဆိုင်ကလုန်းမုန်တိုင်း ဖြစ်ပြီးတဲ့နောက်ပိုင်း ဂျပန်အစိုးရအနေနဲ့ ဘယ်လိုကူညီမလဲဆိုတာ စဉ်းစားတော့ ပျက်စီးသွားတဲ့အပိုင်းတွေကို ပြင်ပေးမယ်ဆိုပြီး စတင်ခဲ့တာ။ တစ်နေ့ကို လူသုံးသောင်းလောက် စားဝတ်နေရေးအတွက် အသွားအပြန်လုပ်နေတဲ့ ဆိပ်ကမ်းကို စိတ်ချလျှင်မြန်စွာ သွားလာနိုင်အောင် တည်ဆောက်ရခြင်းဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)အနေဖြင့် ရန်ကုန်မြို့တွင်း ကုန်းလမ်းပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေး၊ မီးရထားသယ်ယူပို့ဆောင်ရေးများပါဝင်သည့် Master Plan ရေးဆွဲလျက်ရှိနေပြီး လိုအပ်သောကူညီပံ့ပိုးမှုများလည်း ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိနေကြောင်း (JICA) အဖွဲ့မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထီးလှိုင်ရှင်၊ အနော်ရထာ၊ ကျန်စစ်သား အစရှိသည့် ခရီးသည်တင် ကူးတို့ရေယာဉ်များမှာ တစ်ရက်လျှင် နှစ်စီးဖြင့် လူဦးရေ သုံးသောင်းခန့်ကို နေ့စဉ် တစ်စီးလျှင် အသွားအပြန် ၂၃ ခေါက်ကို နံနက် ၅ နာရီမှ ည ၉ နာရီအထိ ပြေးဆွဲပေးလျက်ရှိနေသည်။ ကျန်ရှိသည့် ခရီးသည်တင်သင်္ဘော တစ်စီးအား ပုံမှန်နှစ်ရက်လျှင်တစ်ကြိမ် ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ လိုအပ်ပါက သင်္ဘောအား အသေးစားပြင်ဆင်မှုများ ဆောင်ရွက်၍ အရန်အဖြစ်စီစဉ်ထားလျက်ရှိကြောင်း သိရသည်။

အဆိုပါဆိပ်ကမ်းကို အမေရိကန်ဒေါ်လာ သုံးသန်းအကုန်ကျခံ၍ ယခုနှစ် အောက်တိုဘာလပိုင်းအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး လက်ရှိပြေးဆွဲနေသည့် ပန်းဆိုးတန်းဒလခရီးအတွင်း ထပ်မံပြေးဆွဲနိုင်ရန် (JICA)မှ ခရီးသည်တင် သင်္ဘောသုံးစီးမှာလည်း နိုဝင်ဘာအတွင်း ရောက်ရှိလာမည်ဖြစ်ကြောင်း ၎င်း၏က ထပ်မံပြောကြားသည်။

ပန်းဆိုးတန်းဒလဆိပ်ကမ်းသို့ ပြည်တွင်း ခရီးသည်များအပြင် နိုင်ငံခြားခရီးသွားများ နေ့စဉ်နှစ်ရာခန့် လာရောက်စီးနင်းလျက်ရှိကြောင်း သိရသည်။

တင်မောင်ဦး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အမှတ်(၁)
အခြေခံယာဉ်မောင်းသင်တန်းကျောင်း
[illegible]

စက်မှုဝန်ကြီးဌာန၊ ဝင်းသူဇာအစရှိသော ...
ပုဂ္ဂလိကအဆောင်ဆိုင်ရာ ...
တင်ဒါမှ ...
[illegible]
(က) [illegible]
(ခ) [illegible]
စက်မှုညွှန်ကြားရေးဦးစီးဌာန

စက်မှုဝန်ကြီးဌာန
စက်မှုညွှန်ကြားရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
[illegible]

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
[illegible]
Digital Cinema System
Video Conference System
Hardware
Software
Digital Multifunction Centre
[illegible]

ကျေးရွာအချို့တွင် ရော်ဘာပင်များ ခုတ်လှဲ ခံရမှု တွေ့ဆုံရှင်းလင်း

သထုံ၊ မတ် ၁၃

မွန်ပြည်နယ်၊ သထုံမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ရော်ဘာခြံများအတွင်း ရွာသားများမှ ရော်ဘာပင်များ ဝင်ရောက်ခုတ်လှဲခဲ့မှုနှင့် စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်းပွဲကို မတ်လ ၉ ရက်၊ ညနေ ၃ နာရီက သထုံခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက ယခုကဲ့သို့ ဝင်ရောက်ခုတ်လှဲခြင်းသည် ဥပဒေမဲ့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြေမဲ့ယာမဲ့ မြေယာမရှိ၍ လိုအပ်ပါကလည်း နိုင်ငံတော်မှ ညွှန်ကြားထားသည့် ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေလိုကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရေးအတွက် ရှေ့တန်းစုရပ် အဖွဲ့ ငါးဖွဲ့ ဖွဲ့စည်းပြီး ယင်းအဖွဲ့များတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများကပါ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ဖိတ်ခေါ်ပါကြောင်း၊ သိမ်းဆည်းခံ လယ်ယာမြေများ ပြန်လည်ရရှိလိုပါက အထောက်အထား ခိုင်လုံစွာဖြင့် တင်ပြပေးစေလိုကြောင်း၊ မိမိတို့အနေဖြင့်လည်း အမြန်ဆုံး နည်းလမ်းဖြင့် ပြန်လည်ရရှိရေးကို ကြိုးပမ်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကိစ္စရပ်များ ထပ်မံဖြစ်ပွားလာပါကလည်း ဥပဒေအရ တိကျစွာ ဆက်လက်ဖြေရှင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုဖြစ်စဉ်များတွင် သတင်းရရှိမှုများ နောက်ကျသည့်အတွက် မိမိတို့အဖွဲ့ ရောက်ရှိချိန်တွင် ခုတ်လှဲထားပြီး ရော်ဘာပင်များကိုသာ တွေ့ရှိရပြီး အချိန်မီ တားဆီးနိုင်ခြင်းမရှိခဲ့ကြောင်း မတ် ၇ ရက် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သူ ရှစ်ဦးကို အရေးယူဆောင်ရွက်ထားပြီး မိမိတို့အနေဖြင့် ယခုကဲ့သို့ဖြစ်ရပ်များ အချိန်မီ တားဆီးနိုင်ရေးမှာ သတင်းလက်ဦးမှု ရယူနိုင်ရေးပင်ဖြစ်သောကြောင့် ပြည်သူများပူးပေါင်းပါဝင် သတင်းပေးခြင်းဖြင့် ကူညီကြစေလိုကြောင်း၊ ခရိုင်ရဲတပ်ဖွဲ့အနေဖြင့်လည်း အထူးတပ်ဖွဲ့ ဖွဲ့စည်းကာ ၂၄ နာရီ လှည့်ကင်းဆောင်ရွက်ခြင်းဖြင့် နယ်မြေလုံခြုံရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်မြေသတင်းများ အချိန်နှင့်တပြေးညီ ရရှိစေရေးအတွက် လူစည်ကားရာ နေရာများတွင် Police Box များ ကိုထားရှိပေးထားပါကြောင်းဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်သန်းက ပြောကြားသည်။

အဆိုပါတွေ့ဆုံရှင်းလင်းပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ရော်ဘာခြံ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ကာ ဖြစ်ပွားခဲ့သော စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းစိုက်ပျိုးထားသော ရော်ဘာခြံများနှင့် ပုဂ္ဂလိကပိုင် ရော်ဘာခြံအချို့တွင် ရော်ဘာပင်များ ဝင်ရောက်ခုတ်လှဲခဲ့ခြင်းကြောင့် အလားတူဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် ယခုကဲ့သို့ တွေ့ဆုံညှိနှိုင်း ရှင်းလင်းဆွေးနွေးရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

သထုံခရိုင်(ပြန်/ဆက်)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့သစ်၊ ကန့်ဘလော နှင့် ဘုရားလှအတွင်းရှိ ကျေးလက်ပြည်သူများ တစ်ရွာနှင့်တစ်ရွာ လွယ်ကူစွာ သွားလာနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတော မြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲရှိ ၁၃ မိုင် ၄ ဖာလုံအရှည်ရှိသော မြို့သစ်-ကန့်ဘလာ-ဘုရားလှ ကျေးရွာချင်းဆက် မြေသား လမ်းဖောက်လုပ်နေမှု အား မတ် ၁၀ ရက်က မြို့နယ် ဦးစီးမှူး ဦးကျော်သူမင်းနှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- မြို့နယ် ပြန်/ဆက်

မလေးရှားနိုင်ငံတွင်ရောက်ရှိနေသော မြန်မာအလုပ်သမား ၇၀ မြန်မာ့လေကြောင်းလိုင်း(MAI)ဖြင့် ပြန်လည်ရောက်ရှိလာ

ရန်ကုန်၊ မတ် ၁၃

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI) နှင့် ကမ္ဘောဇဘဏ်လီမိတက်၏ အစီအစဉ်ဖြင့် မလေးရှားနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများကို မတ် ၁၂ ရက်က ပြန်လည်ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကွာလာလမ်ပူ-ရန်ကုန် ခရီးစဉ်အတွက် လေယာဉ်လက်မှတ်ကို အထူးလျှော့ဈေးနှုန်း အမေရိကန်ဒေါ်လာ ၇၀ ဖြင့် ၂၀၁၃ ခုနှစ်၊ ဇွန် ၁၂ ရက်မှ စတင်ရောင်းချပေးသည့် အစီအစဉ်အရ စုစုပေါင်း လူဦးရေ ၃၀၀၀ ဝန်းကျင်ခန့် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

လေယာဉ် လက်မှတ် လျှော့ဒါန်းလျှော့ချမှုမှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၀၀၀၀၀ ဝန်းကျင်ခန့်ရှိကြောင်း MAI လေကြောင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၃ ခုနှစ်၊ ဇွန် ၂၉ ရက်မှ ၂၀၁၄ ခုနှစ်၊ မတ် ၁၂ ရက်ထိ အခမဲ့ စင်းလုံးပြည့် လေယာဉ်အခေါက်ရေ ၁၀ ကြိမ်ရှိပြီဖြစ်ကြောင်း၊ မတ် ၁၂ ရက်တွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI) ဖြင့် ရောက်ရှိလာသည့် မြန်မာအလုပ်သမား ၇၀ အတွက် သီတဂူဆရာတော် ဦးဆောင်သော သီတဂူအထောက်အကူပြုအဖွဲ့(မလေးရှား)နှင့် ကမ္ဘောဇဘဏ်လီမိတက်တို့၏ ပူးပေါင်းလှူဒါန်းမှု အစီအစဉ်အဖြစ် ကွာလာလမ်ပူမြို့မှ ရန်ကုန်မြို့သို့ ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။

အခမဲ့ လေယာဉ်တစ်ခေါက်စာအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ဝန်းကျင်ခန့် ကုန်ကျကြောင်း၊ အိန္ဒိယနိုင်ငံ Port Blair တွင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခသည်အဖြစ် ရောက်ရှိနေသော မြန်မာရေလုပ်သား ၁၂၃ ဦးတို့ကို ဇူလိုင် ၁၀ရက်တွင် မြန်မာနိုင်ငံသို့ အခမဲ့ ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

အောင်သူရ

KOPPEX 2014 တက်ရန် လျှောက်ထားနိုင်

ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ဧပြီ ၂ ရက်မှ ၄ ရက်နေ့အထိ ကျင်းပမည့် Korea Public Procurement Expo 2014 (KOPPEX 2014) တွင် မြန်မာလုပ်ငန်းရှင်များ သွားရောက်ဝယ်ယူကြည့်ရှုအားပေးရန် Vietnam-Korea Small and Medium Business Link (SMBL) မှ ဖိတ်ကြားထားကြောင်း သိရသည်။

အဆိုပါ ပြပွဲသို့တက်ရောက်ရန် မတ်၁၀ရက်နောက်ဆုံးထား လျှောက်လွှာတင်သွင်းရမည်ဖြစ်ပြီး ရွေးချယ်ခံရသော လုပ်ငန်းရှင်များအတွက် ဆိုးလ်မြို့သို့ လေယာဉ်လက်မှတ်ခ၏ ထက်ဝက်ကို ကျခံပေးပြီး ဟိုတယ်နှင့် စကားပြန်အတွက် အခမဲ့ စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

UMFCCI

သတင်းတို

ပုသိမ်မူလတန်းကြိုကျောင်းECCD လက်မှတ်ပေးအပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ပုသိမ်မူလတန်းကြိုကျောင်း၏ ECCD (Certificate)ပေးအပ်ပွဲနှင့် ပဒေသာကပွဲဖျော်ဖြေပွဲကို မတ် ၁၁ ရက် နံနက် ၉ နာရီက ပုသိမ်မူလတန်းကြိုကျောင်း၌ ကျင်းပသည်။ ပုသိမ်မူလတန်းကြိုကျောင်းမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ မူလတန်းကြိုပညာသင်ကြား တတ်မြောက်ပြီးသော ကျောင်းသားကျောင်းသူ ၁၀၁ ဦးရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ဓာတ်ရေဆောင်
09-449250191, 01-710082, 09-5073545

နှစ်ရှည်ငှားရမ်းဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(လုပ်ငန်းတင်ဒါခေါ်ယူခြင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ အရှေ့ခါးရိုးကျောင်းတိုက်စေတီ ရွှေထီးတော်တင်လှူပွဲကျင်းပ

လားရှိုးမြို့ အရှေ့ခါးရိုးကျောင်းတိုက်စေတီ ထီးတော်တင်လှူပွဲတွင် လားရှိုးမြို့နယ် သံဃနာယကအဖွဲ့ဝင် ပဓာနနာယကဆရာတော်အား ဖူးမြော်နေစဉ်။

လားရှိုး၊ မတ် ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ အရှေ့ခါးရိုး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် လားရှိုးမြို့နယ် သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တသုဇာတဦးစီး၍ လွန်ခဲ့သည့်နှစ် ၁၀၀ ခန့်မှ တည်ထားကိုးကွယ်ခဲ့သော မဟာမြတ်မုနိရန်အောင်မြင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးနှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရား၊ စေတီတော်၊ စေတီရံများအား ရွှေထီးတော်တင်လှူပွဲ၊ ရွှေသက်န်းကပ်လှူပူဇော်ပွဲကို မတ် ၈ ရက် နံနက်တွင် အဆိုပါကျောင်းတိုက်အတွင်း၌ကျင်းပခဲ့ရာ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားသို့ ဆရာတော်/သံဃာတော်များ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်စိုးနှင့် ဦးစီးအရာရှိများ၊ မိသားစုများ၊ လားရှိုးခရိုင်၊ မြို့နယ်၊ ရပ်ကွက်များမှ တာဝန်ရှိသူများ၊ ဘာသာရေး လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံဗုဒ္ဓဘာသာဝင်များ တက်ရောက်ကြည်ညိုကြသည်။

သီပေါကိုလတ်

ဆိုလာစနစ်ဖြင့်မီးလင်းရေးငွေကျပ် ၆၀၇ သိန်းအသုံးပြုဆောင်ရွက်

သီပေါ၊ မတ် ၁၃

ဆိုလာပြားများဖြင့် ကျေးလက်ဒေသ မီးလင်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် သီပေါမြို့နယ်အတွင်းရှိ ပန်ခါးကျေးရွာတွင် အိမ်ခြေ ၇၄ အိမ်၊ နမ့်ဟူးကျေးရွာတွင် ၃၁ အိမ်၊ နားကြူကျေးရွာတွင် အိမ်ခြေ ၇၄ အိမ်၊ ပန်ခံကျေးရွာတွင် ၁၂၂ အိမ်နှင့် ထန်စင့်ကျေးရွာတွင် ၅၂ အိမ် စုစုပေါင်း အိမ်ခြေ ၃၅၃ အိမ်တို့အား ဆိုလာပြားဖြင့် မီးလင်းရေးအတွက် ငွေကျပ် ၆၀၇ သိန်း အကုန်အကျခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သီပေါမြို့နယ် ပန်ခါးကျေးရွာမှ ဒေသခံ ရှမ်းပလောင်တိုင်းရင်းသားကြီး ဦးခွန်တီးခမ်းက "ကျွန်တော်အခု အသက်(၇၀)ကျော်ပါပြီ၊ ရွာအနေနဲ့ကလည်း လမ်းပန်းဆက်သွယ်ရေးက ခက်ခဲတယ်၊ မြို့ကနေဆို မိုင် ၃၀ ကျော် လောက်ဝေးတဲ့တောင်ပေါ်ကျေးရွာလေးဖြစ်တော့ ဖွံ့ဖြိုးမှုက အစ နောက်ကျခဲ့ပါတယ်။ ယခင်ရေနံဆီမီးခွက်၊ ဖယောင်းတိုင်နဲ့မီးလင်းခဲ့တဲ့ ကျွန်တော်တို့ရွာလေး အခုဆိုရင် နိုင်ငံတော်ရဲ့ ထောက်ပံ့မှုကြောင့်ဆိုလာမီးနဲ့ ကျေးရွာမီးလင်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ အမှောင်ထုအတွင်းကနေဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းနိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးရွာပြည်သူများကိုယ်စား ကျေးဇူးဉပကာရတင်ရှိပါကြောင်း ပြောသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများအား ဆိုလာပြားများဖြင့် မီးလင်းရေးအတွက် ဆိုလာပြားတပ်ဆင်ခြင်းလုပ်ငန်းကို Unique Super Power Co.,Ltd က ဆောင်ရွက်လျက်ရှိရာ မတ် ၁၂ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်ထွန်းနှင့် ဝန်ထမ်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

သတင်းတို

ဖွံ့ဖြိုးရေးအထောက်အကူပြု ရန်ပုံငွေပေးအပ်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့တွင် ပြည်ထောင်စုလွှတ်တော်မှ တိုးတက်ရေး ရည်မှန်းချက်ဖြင့် တစ်မြို့နယ်လျှင် ဖွံ့ဖြိုးရေးအထောက်အကူပြု ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ အားဖြူးမြို့နယ်သို့ပေးအပ်ခဲ့ကြောင်း သိရသည်။ ဖြူးမြို့နယ်ဖွံ့ဖြိုးရေးကော်မတီမှ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၃ အုပ်စုသို့ တစ်အုပ်စုအား ငွေကျပ် ၁၃ သိန်း နှစ်သောင်းစီခွဲဝေပေးခဲ့ရာ မတ် ၆ ရက်တွင်ငွေကျပ် ရှစ်သိန်းအကုန်အကျခံ၍ အလျားပေ ၅၀၀၊ အကျယ် ၁၂ ပေ အရှည်ရှိ ကညွတ်ကွင်းမြို့ ကွင်းရှေ့ရပ်ကွက်(၂) မှ ကျွန်းတောကျောင်းကြီးဆက်သွယ်သွားလာသောလမ်းအား ကျပ်ငွေရှစ်သိန်းကျပ်ဖြင့်လည်းကောင်း၊ အလျားပေ ၅၀၀၊ အကျယ် ၁၂ ပေ အရှည်ရှိ ခင်တန်းလမ်းမအား ကုန်ကျငွေ ငါးသိန်းဖြင့်လည်းကောင်း၊ အကုန်အကျခံဖောက်လုပ်လျက်ရှိရာ ရပ်ကွက်(၂) အုပ်ချုပ်ရေးမှူး ဦးစိန်ဝင်းနှင့် အထောက်အကူပြုအဖွဲ့ဝင် ဦးကျော်ဝင်း၊ ဦးခင်ကျော်၊ ဦးခင်မောင်တို့က ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

ဦးခင်ဆွေ(ကညွတ်ကွင်း)

တရားမဝင်ကျွန်းခွဲသားအပိုင်းအစ ၃၅၀ ချောင်းနှင့် ဂျင်ကလိလက်နက် ၁၀ ချောင်း ဖမ်းဆီးရမိ

တိုက်ကြီး၊ မတ် ၁၃

မတ် ၃ ရက်က တိုက်ကြီးမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်နှင့် ဝန်ထမ်းများသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းဖမ်းဆီးရေး ဆောင်ရွက်နေစဉ် ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ်(၅၁/၆) ဖာလုံရှိ ရင်းတိုက်တွင် (Checkpoint) မှ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ သယ်ဆောင်လာသည်ဟု မသင်္ကာသောကားများအား သစ်တောဝန်ထမ်းများမှ ယူနီဖောင်းဝတ်၍ အချက်ပြမီးတုတ်များဖြင့် တားဆီးစစ်ဆေး ဆောင်ရွက်နေစဉ် မတ်တူး (အဖြူရောင်) ယာဉ်မှာ တားဆီးစစ်ဆေးမှုကို မခံယူဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် သစ်တောဝန်ထမ်းများမှ မော်တော်ယာဉ်ဖြင့် လိုက်လံဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါကားမှာ တိုက်ကြီး-ဖောင်ကြီးလမ်းအတိုင်း လှည်းကူးမြို့နယ်ဘက်သို့ မောင်းနှင်ထွက်ပြေးသွားသဖြင့် လှည်းကူးမြို့နယ်၊ သစ်တောဦးစီးဌာန၊ တောအုပ် ဦးဇော်ဝင်းအောင်ထံ ပိတ်ဆို့ဖမ်းဆီးနိုင်ရေး သတင်းပေးပို့ခဲ့သည်။ လှည်းကူးမြို့နယ် ဟိုင်းကူးကျေးရွာအုပ်စု ကြို့ကုန်းတောင်ကျေးရွာ လှည်းကူး-ဖောင်ကြီးကားလမ်း မိုင်တိုင်အမှတ်(၁၁/၁)နေရာတွင် ယာဉ်အား ရုတ်တရက်ရပ်တန့်၍ ယာဉ်ပေါ်ပါ လေးဦးမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ အဆိုပါယာဉ်အားစစ်ဆေးရာ ကျွန်းတံခါးအပိုင်း အစ ၃၅၀ ချောင်း သုညဒသမ၃၂၁၄ တန်နှင့် ဂျင်ကလိလက်နက် ၁၀ချောင်းအား ရှာဖွေတွေ့ရှိသိမ်းဆည်းခဲ့သည်။ အဆိုပါ ကျွန်းခွဲသား အပိုင်းအစ ၃၅၀ ချောင်း သုညဒသမ ၃၂၁၄ တန်နှင့်အတူ ဂျင်ကလိလက်နက် ၁၀ ချောင်းတို့အား သိမ်းဆည်း၍ ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

SIES
ဧည့်လမ်းညွှန်
အနီးကပ်အထူး တန်ခွဲသင်
ဝင်ခွင့်
09-5406533

OASIS
ချောင်းသာ
Ph:09...

ကား မျိုးစုံ
(Alphard/Hiace ... / Saloon/ ...)
Ph:09-5418126

ကံ့ကော်ရွှေပြည်
B.A ,H.G.P , R.L,D.I.L , DMA, D.B.A(USA), Ph.D(Law)(USA)
ကံ့ကော်ရွှေပြည်
မတ်လ
၂၀၁၄ - ၂၀၁၅ ပညာသင်နှစ် တန်းခွဲများ

စစ်ကိုင်းတွင် ဆည်ကြီး–ယုဇလယ်ကျေးရွာချင်းဆက်လမ်းကို ခွင့်ပြုရန်ပုံငွေ ကျပ် ၁၇၅ သန်း အသုံးပြုဖောက်လုပ်

ကလေးဝ၊ မတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေး၏ စီစဉ်လမ်းညွှန်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေမှ စုစုပေါင်း ကျပ် ၁၇၅ သန်းကို အသုံးပြုကာ ဆည်ကြီး - ဂဇက် - ယုဇလယ် ကျေးရွာချင်းဆက် မြေသားလမ်းကို ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ဆောင်ရွက်ရာတွင် တစ်ကြောင်းထိုးလမ်းဖြင့် မြေသားလမ်းအရှည်မှာ ၂၁ မိုင် ဖောက်လုပ်ပြီးစီးပြီး ယင်းကျေးရွာချင်းဆက်မြေသားလမ်းသည် ယုဇလယ်၊ ဂုံဂါး၊ မှန်ကုန်း၊ ကွဲခြံ၊ မြို့မ၊ မန်စောင်၊ ချောင်းဆုံ၊ ဂဇက်၊ နောင်ဖနန်၊ ဝက်တိုး၊ မောင်းခါး၊ ခုံပြင်၊ အင်ဒုတ်၊ အပြင်လိပ်ခက်၊ ကင်းနှင့် ဆည်ကြီးကျေးရွာများကို ဖြတ်၍ ဖောက်လုပ်ခြင်းကြောင့် အနီးအနားပတ်ဝန်းကျင်ရှိကျေးလက်ဒေသ ကျေးရွာပေါင်း ၅၀ ရွာတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အလွန် အထောက်အကူပြုလာမည် ဖြစ်သည်။

ဆည်ကြီး–ဂဇက်–ယုဇလယ် ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်နေစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ကလေးခရိုင်၊ ကလေးဝမြို့နယ် မဟာမြိုင်လမ်းမနှင့် ချင်းတွင်းမြစ်အကြားတွင် ကျေးလက်ဒေသ ကျေးရွာပေါင်း ၅၀ ကျော်ရှိပြီး လူဦးရေ ၂၂၀၀၀ ကျော်နေထိုင်ကြကာ အဆိုပါ ကျေးလက်နေပြည်သူများသည် လမ်းပန်းဆက်သွယ်ရေးအတွက် ကုန်းလမ်းဖြင့် သွားလာရာတွင် လူသွားလမ်းသာအသုံးပြုကြပြီး သွားလာရေး အလွန်ခက်ခဲကြလျက် ချင်းတွင်းမြစ် ရေလမ်းကြောင်း တစ်လမ်းကိုသာ အားကိုးအားထားပြု အသုံးပြုကြကြောင်း သိရသည်။

ချင်းတွင်းမြစ် ရေလမ်းကြောင်းကို လမ်းမကြီးသဖွယ်အားထား၍ အမှီပြုနေထိုင်ကြရသော်လည်း ဆည်ကြီး-ဂဇက်-ယုဇလယ်ကျေးရွာချင်းဆက် မြေသားလမ်းကို ဖောက်လုပ်ပေးခြင်းကြောင့် ယခုချိန်တွင် ကုန်းလမ်းခရီးဖြင့် အချိန်မရွေး၊ ရာသီမရွေး သက်သာလွယ်ကူစွာ သွားလာနိုင်ကြတော့မည် ဖြစ်ကြောင်း၊ ကုန်သွယ်ရေးလည်းပိုမိုလွယ်ကူအဆင်ပြေမည် ဖြစ်ကြောင်းသိရသည်။ **ဂျိုးနက်**

စိန်ဖူးတော်နှင့် ရွှေထီးတော်တင်မင်္ဂလာကျင်းပ

ဇီးကုန်း၊ မတ် ၁၃

မြောင်မြို့နယ်၊ ဇီးကုန်းကျေးရွာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် ရွှေထီးတော်သစ်တင်လှူပူဇော်ပွဲကိုမတ် ၄ ရက် နံနက် ၇ နာရီက အဆိုပါဘုရားပရိဝုဏ်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာစိန်ဖူးတော်နှင့် ရွှေထီးတော်အလှူရှင်မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိမ်းပေါင်းရပ်နေ သန်းလွင်ဦး အဆင့်မြင့်အအေးခန်းဧည့်ရိပ်မွန်နှင့် သန်းလွင်ဦးအမြန်ရေယာဉ်ကုန်စည်ပို့ဆောင်ရေးပိုင်ရှင် ဦးထွန်းဝေနှင့် ဒေါ်မြင့်မြင့်သန်းတို့က စိန်ဖူးတော်နှင့်ရွှေထီးတော်ကို ဆုတောင်းပြည့်ဘုရားအား လက်ျာရစ်လှည့်ပတ် ပူဇော်ခံသည်။

ထို့နောက် ဆရာတော်ကြီးများထံ ဆက်ကပ်ပြီး အနေကဇာတင်ကာ စိန်ဖူးတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်ကို နတ်ပန်းရထားဖြင့် ဆုတောင်းပြည့်စေတီတော်ကြီးအား တင်လှူပူဇော်ပြီးနောက် ဆရာတော်ကြီးများမှ အဠမအကြိမ်မြောက် လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားဟောကြားချီးမြှင့်ခဲ့ကြောင်းသိရသည်။ **စိုးသစ္စာ**

သတင်းတို

သန်းခေါင်စာရင်းဖျော်ဖြေရေးယာဉ်မြန်အောင်ရောက်ရှိ

၂၀၁၄ ခုနှစ်မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ စာရင်းကောက်ယူမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကြီး နီးကပ်လာသောကြောင့် အနုပညာရှင်များကလည်း ကဏ္ဍတစ်ခုအနေဖြင့် ဆောင်ရွက်လျက်ရှိနေပြီး သန်းခေါင်စာရင်းအကြိုလှုံ့ဆော်ဖျော်ဖြေပွဲကို အရိုင်း၊ ညောင်ညောင်၊ ဇီးသီး၊ စိန်သီး၊ ပန်းသီး ၊ ဘန်နီဖြိုးတို့ပါဝင်သော အနုပညာရှင်များကဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့(အ-ထ-က) ကျောင်းအနီး ဇေယျာသာရီကွင်းကြီး၌ မတ် ၁၇ ရက်တွင် မြန်အောင်မြို့နေ ပြည်သူများအတွက် လှုံ့ဆော်ဖျော်ဖြေရေးယာဉ်ကြီးများဖြင့် လာရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ **နေဝင်းဇော်(မြန်အောင်)**

ရေချိုငါးလုပ်ငန်း ဥပဒေမူကြမ်းကို ပြန်လည်ဖြည့်စွက်၍ တင်ပြသွားမည်

ရန်ကုန်၊ မတ် ၁၃

ယခုလက်ရှိ မတ် ၃ ရက်မှ စတင်ကျင်းပနေသော ရခိုင်ပြည်နယ်လွှတ်တော်၏ နဝမအကြိမ်မြောက်အစည်းအဝေးတွင် ပြည်နယ်တွင်း အသက်မွေးဝမ်းကြောင်း ပြုနေရသော ရေလုပ်သားများဘဝ တိုးတက်မြင့်မားလာစေရန်နှင့် အကာအကွယ် လုပ်ပေးနိုင်ရန်အတွက် ရေချိုငါးလုပ်ငန်းဥပဒေ မူကြမ်းအား ပြန်လည်ဖြည့်စွက်မှုများပြုလုပ်၍ တင်ပြသွားမည်ဖြစ်ကြောင်း မတ် ၁၂ ရက်က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ရေချိုငါးလုပ်ငန်းဥပဒေအား နဝမအကြိမ်မြောက် လွှတ်တော်သို့ မတင်ပြမီ ပိုမိုပြီးပြည့်စုံကောင်းမွန်လာစေနိုင်မည့် ဖြည့်စွက်အကြံပြုချက်များ ထည့်သွင်းနိုင်ရန် ယခု မတ် ၁၅ ရက်နှင့် ၁၆ ရက်များတွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ပြည်နယ်လွှတ်တော်ခန်းမတွင် ရေလုပ်ငန်းလုပ်ငန်းရှင်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများမှ ပညာရှင်များနှင့် ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံများမှ ရေလုပ်ငန်းပညာရှင်များဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပသွားမည်ဖြစ်သည်။

“ရေချိုငါးဖမ်း လုပ်ငန်းဥပဒေမူကြမ်းကို လွှတ်တော်မှာ တင်ပြီးသွားပါပြီ။ မတ် ၁၅ နဲ့ ၁၆ မှာ ကျင်းပမယ့် အလုပ်ရုံဆွေးနွေးပွဲက ပညာရှင်တွေရဲ့ အချက်အလက်တွေကို ရေချိုငါးလုပ်ငန်းဥပဒေမူကြမ်းမှာ လိုအပ်တာတွေ ပြင်ဆင်ဖြည့်စွက်ပြီး အခုနဝမအကြိမ်မြောက်လွှတ်တော်မှာ တင်ပြီး အတည်ပြုနိုင်ဖို့ လုပ်နေပါတယ်” ဟု ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြကျော်က ပြောသည်။

ရေချိုငါးလုပ်ငန်း ဥပဒေမူကြမ်းကို ပြန်လည်ဖြည့်စွက်ရာတွင် အဓိကအနေဖြင့် ရခိုင်ပြည်နယ်ရှိငါးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်အသက်မွေးနေကြသော ပြည်သူများ၊ ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၏ ရပိုင်ခွင့်၊ ငါးသယံဇာတ ပြုန်းတီးမှုဖြစ်စေမည့်သူများအား ဥပဒေအတိုင်း အရေးယူဆောင်ရွက်ခြင်းနှင့် ငါးသယံဇာတများအား ထိန်းသိမ်းသင့်သည့် အချက်များအား မျှတမှုရှိစေရန် ထည့်သွင်းသွားမည့်အပြင် အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးချက်များပေါ်မူတည်၍ ကမ်းနီး ရေလုပ်သားများအား အကာအကွယ်ပေးနိုင်မည့် ကမ်းနီး ရေလုပ်ငန်းဥပဒေအား မကြာမီ လွှတ်တော်သို့ တင်ပြသွားရန် အစီအစဉ်များရှိကြောင်းလည်း သိရသည်။

“ဒီရေချိုငါးလုပ်ငန်း ဥပဒေထွက်လာရင် ကျွန်တော်တို့ ရေလုပ်သားတွေကိုပိုပြီး အကာအကွယ်ပေးနိုင်လိမ့်မယ်လို့ ယူဆပါတယ်။ ဒီဥပဒေမှာ ဖြည့်စွက်အကြံပြုနိုင်ဖို့ ကျွန်တော်တို့ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့လည်း ထိုင်းနဲ့ ကမ္ဘောဒီးယားကိုသွားပြီး သူတို့ရဲ့ ငါးလုပ်ငန်းဥပဒေနဲ့ ဘယ်လိုလုပ်ကိုင်နေကြလည်းဆိုတာကိုပါ သွားရောက်လေ့လာခဲ့ပါတယ်” ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစံကျော်လှက ပြောသည်။

ယခုနှစ် မတ်လဆန်းပိုင်းတွင် ရခိုင်ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်၏ တာဝန်ရှိသူများသည် ရခိုင်ပြည်နယ်၏ ရေချိုငါးလုပ်ငန်း ဥပဒေအား ပိုမိုအထောက်အကူပြုစေရန် လေ့လာမှုများလည်း ပြုလုပ်ခဲ့ကြောင်း ပြောသည်။ ယခင်ရခိုင်ပြည်နယ် လွှတ်တော်သို့ တင်ပို့ထားခဲ့သော ရေချိုငါးလုပ်ငန်း ဥပဒေမူကြမ်းတွင် အခန်း ၁၇ ခန်းနှင့် ပုဒ်မ ၇၀ ထိ ပါဝင်ကြောင်း ရခိုင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

စိုးအောင်ဖေ

Airocm Express
09-8614228, 09-730 07788
09-430 51977

ဖုန်း-၀၁-၅၆၀၅၆၇၊
၀၉-၃၁ ၂၆၁ ၂၆၀

တင်အညွှန်း

ပျောက်ဆုံးကြောင်း
Passport No.

Ph : 570178, 570371 ,095029608

(1)
ကားမောင်း၊ စက်ပြင်သင်တန်း
01-706862,09-73047755,09-73322177,
09-73235757,01-8011255,01-8011266,01-8011277,01-8011267
01-201188,09-73047744,09-73047766
(218) 01-549764, 01-545155
(3-F) 01-573986, 01-573988

အမှတ်တံဆိပ်
အကြောပြေ မျက်စိကြည်ဆေး
TMR-007525(0614)

ဆောင်းပါး

လမ်းလျှောက်လျှင် အောက်ကြည့်လျှောက်

0;Difvjkm;r;auvgf

ရန်ကုန်မြို့တော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့်တကွ စီးပွားရေးအခွင့်အလမ်းကောင်းများနှင့် ပြည့်စုံသော စီးပွားရေးမြို့တော်ကြီးတစ်ခုဖြစ်သည်။ ခေတ်မီတိုးတက်မှုနှင့်အတူစီးပွားရေးလုပ်ငန်းများ စွာနှင့် အထပ်မြင့်လူနေတိုက်တာ အဆောက်အုံများသည် လူဦးရေထူထပ်များပြားသလောက် လက်ခံယူနိုင်မှုရှိနေသည်။ ယခုဆိုလျှင် မြန်မာနိုင်ငံအနှံ့အပြားမှ တိုင်းရင်းသားပေါင်းစုံ စုဝေးနေထိုင်ကြပြီး လူမှုဘဝ ရပ်တည်ရေးအတွက် ရန်ကုန်မြို့ကြီးအား အမှီပြု လုပ်ကိုင်စားသောက် နေထိုင်သဖြင့် လူဦးရေအထူထပ်ဆုံး မြို့ကြီးတစ်မြို့ဖြစ်ပါသည်။ လူဦးရေ ထူထပ်ခြင်း တိုင်းရင်းသားပေါင်းစုံ စုပေါင်း နေထိုင်ခြင်းများကြောင့် မြန်မာတို့၏ ဆယ့်နှစ်လရာသီ ပွဲတော်များအပြင် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ပွဲတော်အချို့ကိုလည်း ရန်ကုန်မြို့တော်ကြီးတွင် မြင်တွေ့ခွင့် ရနေပါသည်။

မြန်မာတို့သည် ပွဲတော်များကို ပျော်ပွဲရွှင်ပွဲအနေဖြင့် သီးသန့်ဆင်နွှဲကြခြင်း မဟုတ်ဘဲ ဒါနအမှု သီလအမှုများကို တွဲဖက်ကာ ဆင်နွှဲကြသော မြန်မာတို့၏ ကောင်းမွန်သည့် ဓလေ့တစ်ခုဖြစ်ပါသည်။ ယခုဆိုလျှင် ရန်ကုန်မြို့၏ မြို့နယ်တိုင်း၊ ရပ်ကွက်တိုင်း၊ လမ်းတိုင်းလိုလိုသည် ပွင့်လင်းရာသီ ရောက်လာသည်နှင့်အမျှ တရားသဘင်များ ကိုလည်း ခမ်းနားထည်ဝါစွာ ကျင်းပလာကြသည်။ တရားသံမစဲသော လရာသီပင်ဖြစ်ပါသည်။

ကျွန်တော်တို့ ငယ်စဉ်အခါကဆိုလျှင် တရားပွဲကျင်းပရာ၌ ဆိုင်းဘုတ်တင် ရပ်ကွက်တွင်းလှည့်လည် နှိုးဆော်သမှု ပြုကြရုံမျှသာ။ ယခုခေတ်၌ တရားသဘင်များကို ခေတ်နှင့်အညီ ခန့်ညားထည်ဝါစွာ ပြင်ဆင်ဆောင်ရွက်ကြသည်။ ဗီနိုင်းပိုစတာများ ချိတ်ဆွဲ၍ တရားချီးမြှင့်မည့် ဆရာတော် ဓမ္မကထိများ၏ ပုံတော်များနှင့်တကွ ဘွဲ့တော်များကိုပါ ကြည်ညိုသဒ္ဓါတရား ပွားများနိုင်စေရန် စီစဉ်ဆောင်ရွက်လာကြသည်။ အလှူခံ မဏ္ဍပ်တွင်လည်း လာရောက်လှူဒါန်းသူများကို တရားပွဲ ဖိတ်ကြားစာများ ပြန်လည် ပေးဝေကြပြန်သည်။

> **အလှူခံမဏ္ဍပ်မှ ဖိတ်စာပေးဝေပြီး မိနစ်ပိုင်းပင်မကြာသေး ၎င်းဖိတ်စာ သည်လမ်းမပေါ် ရောက်သွား . . .**

ပြဿနာက သည်မှာစတွေ့ပြီ။ အလှူခံမဏ္ဍပ်မှ ဖိတ်စာပေးဝေပြီး မိနစ်ပိုင်းပင် မကြာသေး ၎င်းဖိတ်စာ သည် လမ်းမပေါ် ရောက်သွားသည်။ ပေးသူကပေး၏။ ယူသူကလည်း ယူ၏။ ပစ်သူကလည်း ပစ်၏။ အဆိုပါ ဖိတ်စာများတွင် မြတ်ဗုဒ္ဓ၏ ဆိုဆုံးမစာများ ရဟန်းသံဃာများ၏ ပုံတော်များ ပါရှိနေသည်။ ရန်ကုန်မြို့ကြီးတွင် ကားရှောင်ရ ဆိုက်ကား ရှောင်ရသည့်အပြင် လူလူချင်းပါ ရှောင်ရှား သွားလာနေရသည်။ လမ်းမပေါ်ရောက်ရှိနေသော တရားပွဲ ဖိတ်ကြားစာ (ဖိတ်စာ)များကို အများစုက မမြင်။ မြင်သူတချို့က ကောက်ယူသိမ်းဆည်းခြင်း၊ သင့်လျော်ရာ အမြင့်တစ်နေရာသို့ တင်ဆောင်ပေးခြင်းများ ပြုလုပ်၍ ကုသိုလ်ယူကြရသည်။ ကျော်လွှား၍လည်းကောင်း၊ နင်း၍လည်းကောင်း ပြုလုပ်မိသူများ မည်မျှပင်ရှိသနည်း။ မတွေးဝံ့စရာပါ။ တွေးကြည့်ပါ ဗုဒ္ဓ၏ ဆိုဆုံးမတရားများနှင့် ရဟန်းသံဃာ ပုံတော်များအား ကျော်လွှား၍ နင်းသွားမိသည့်အပြစ်ကို သိစေချင်ပါသည်။ မိမိအား မွေးထုတ်ပေးလိုက်သည့် မိခင်၏ဓာတ်ပုံကို သင်ကျော်လွှားနင်း၍ သွားမည်လား။ စဉ်းစားတွေးတောကြပါ။

စွန့်ပစ်သူတချို့အား အပြစ်မဆိုသာပါ။ ကျွန်တော်တို့သည် ယခုအချိန်ကျမှ အသိတရားရကာ ဘာသာရေးနောက် စတင်လိုက်လံရှာဖွေနေချိန် အများစုက သတိ၊ အသိမရှိနိုင်ကြသေးပါ။ တရားပွဲအလှူကြီးများ ပေးလှူနေကြသော အလှူရှင်ကြီးများကို ကျွန်တော်တစ်ခု တောင်းဆိုချင်ပါသည်။

တရားသဘင်များ၌ တရားပွဲဖိတ်စာများ မပေးဝေလျှင်သော်လည်းကောင်း၊ သည့်ထက်ကောင်းမွန်သည့် အစီအစဉ်တစ်ခုခုကိုသော်လည်းကောင်း ပြောင်းလဲ၍ ပြုလုပ်ပေးစေချင်ပါသည်။ ဓမ္မမိတ်ဆွေ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ခင်ဗျာ။ ပြောင်းလဲမှုတစ်စုံတစ်ရာမရှိသေးခင် ကျွန်တော်တစ်ခု သတိပေးချင်ပါသည်။ လမ်းလျှောက်လျှင် အောက်ကြည့်လျှောက်ကြပါ။

ယခုနှစ်တွင် ကလေးမြို့နယ် စည်ပင်လုပ်ငန်းလိုင်စင် ဝင်ငွေ သိန်းပေါင်း ၅၀၀၀ ကျော်မှန်း

ကလေး၊ မတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း စည်ပင်လိုင်စင် ချထားပေးသည့်လုပ်ငန်းများမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အတွက် ဝင်ငွေကျပ်သိန်းပေါင်း ၅၀၀၀ ကျော် ရရှိရန် မျှော်မှန်းထားကြောင်း စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက ပြောကြားသည်။

လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် စည်ပင်လုပ်ငန်းလိုင်စင်များချထားပေးခြင်းကို မဲစနစ်ဖြင့် လေလံတင်ရောင်းချပြီး လုပ်ငန်းလိုင်စင်အမျိုးအမည်ပေါင်း ၈၅ မျိုးတွင် လျှောက်ထားသူ ၂၄၀ ဦးရှိရာ သားသတ်လုပ်ငန်းလိုင်စင် ၅၁ ခု၊ ကူးတို့လုပ်ငန်းလိုင်စင် ၁၈ ခု၊ ဈေးကောက် လုပ်ငန်းလိုင်စင် ခုနစ်ခု၊ အပေါင်ဆိုင်လုပ်ငန်းလိုင်စင် နှစ်ခု၊ မြို့ဝင်ဘီးကောက်လုပ်ငန်းလိုင်စင်တစ်ခုနှင့် အခြားလုပ်ငန်းလိုင်စင် ခြောက်ခုပါဝင်၍ အမဲလိုင်စင်နှင့် ဝက်လိုင်စင်တို့မှာ လျှောက်ထားသူ အများဆုံးဖြစ်သည်။

ထို့ပြင် ကူးတို့လိုင်စင်လုပ်ငန်း ၁၈ ခုအတွက် လျှောက်ထားသူ ၃၃ ဦးရှိပြီး လိုင်စင်သက်တမ်းမှာ တစ်နှစ်သက်တမ်းဖြစ်ကြောင်းလည်း သိရသည်။

ယင်းကဲ့သို့ လုပ်ငန်းလိုင်စင်ရရှိသွားသူများအနေဖြင့်ကြမ်းခင်းဈေး၏ ၂၀ရာခိုင်နှုန်းကိုပေးသွင်း ထားရမည်ဖြစ်ပြီး ကျန် ၈၀ ရာခိုင်နှုန်းကိုမူ ဧပြီ ၂ ရက်တွင် အကျေပေးသွင်းရမည်ဖြစ်သည်။ ထိုသို့ နှစ်စဉ်နှစ်တိုင်း စည်ပင်လုပ်ငန်းလိုင်စင်များ ချထားပေးလေ့ရှိပြီး ၎င်းလုပ်ငန်းများမှ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ဝင်ငွေကျပ်သိန်း ၃၈၆၀ ရရှိခဲ့ကြောင်း သိရသည်။

ချင်းတွင်းသား

ရွှေတောင်မြို့နယ်တွင် မှူခင်းသတင်းဂျာနယ်ရုံးခွဲဖွင့်

ရွှေတောင်၊ မတ် ၁၃

မြန်မာနိုင်ငံ ပြစ်မှုကင်းဝေး မီဒီယာသတင်းပေးအထူးအစီအစဉ် မှုခင်းသတင်းဂျာနယ်(ရုံးခွဲ) ဖွင့်လှစ်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို မတ် ၉ ရက် နံနက် ၉ နာရီက ရွှေတောင်မြို့နယ် နွားမယံကျေးရွာအုပ်စု ပြည်-ရန်ကုန်လမ်းအမှတ် (၁၉၄) စိမ်းလဲ့မြိုင်ခြံတွင် ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးတင်မောင်မြင့်၊ ဦးထွန်းထွန်းဦး၊ ရွှေတောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်း၊ ရွှေတောင်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူး ဝင်းဦးနှင့် ရဲသတင်းတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့တို့မှ တာဝန်သူများ၊ နွားမယံအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်စိုးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်၊ ရွှေတောင်၊ ပန်းတောင်းမြို့နယ်များမှ မှုခင်းသတင်းဂျာနယ်သတင်းထောက်များ၊ မြဝတီ၊ ကြေးမုံ၊ မြန်မာ့အလင်း သတင်းစာတိုက်တို့မှ သတင်းထောက်များ တက်ရောက်ကြသည်။

အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ရွှေတောင်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူး ဝင်းဦးတို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

၁၄၃

မြတ်ဆရာပူဇော်ပွဲနှင့် စာပေဟောပြောပွဲ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ကျင်းပမည်

ပုသိမ်၊ မတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၂)အထက၊ ယခင်နေရှင်နယ် အမျိုးသား အထက်တန်းကျောင်း ပဥ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ ခုနှစ် မတ် ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပပြုလုပ် မည်ဖြစ်ကြောင်း သိရသည်။

၁၉၂၀ ပြည့်နှစ် နေရှင်နယ်အမျိုးသား အထက်တန်းကျောင်း သမိုင်းတည်စဉ်က ကျောင်းသားတစ်ဦးဖြစ်ခဲ့သော စာရေးဆရာကြီး မင်းယုဝေ အမှူးပြု၍ ဒေါက်တာထွန်းလွင် (မိုး/လေ)၊ စာရေးဆရာမ သန်းမြင့်အောင်၊ စာရေးဆရာ ကျော်ဝင်းတို့က မတ် ၂၈ ရက် မြတ်ဆရာပူဇော်ပွဲ အကြိုညခ၌ သုတရသစာပေများ ဟောပြောကြမည်ဖြစ်သည်။ ပဥ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အထိမ်းအမှတ် မဂ္ဂဇင်းနှင့် မျိုးဆက်သစ်စာပေတိုက်ထုတ် ဘာသာရေး၊ နိုင်ငံရေး၊ ထေရုပ္ပတ္တိစုံ၊ သုတ၊ ရသ၊ သိပ္ပံဘာသာရပ်စုံ စာအုပ်ဈေးရောင်းပွဲတော်နှင့် နေရှင်နယ် အမျိုးသားကျောင်း သမိုင်းမှတ်တမ်း ဓာတ်ပုံပြခန်းများလည်း ခင်းကျင်းပြသထားမည်ဖြစ်သည်။

မတ် ၂၈ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့မုခ်ဗဟန်းကြားတောရလမ်း၊ ဧရာဝတီတိုင်းဒေသကြီးဓမ္မာရုံ၌ စုရပ်ပြု၍ မှန်လုံကားကြီးများဖြင့် ပုသိမ်မြို့၊ အမှတ်(၂)အ. ထ. က၊ နေရှင်နယ်အမျိုးသားအထက်တန်းကျောင်း မြတ်ဆရာပူဇော်ပွဲသို့ ကြို/ပို့ပေးကြမည်ဖြစ်ကြောင်းသိရသည်။ **ပုသိမ်လုကြည်**

သတင်းတို

ကျေးရွာအုပ်စုစာရေးဝန်ထမ်းများသင်တန်းဆင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ရပ်ကွက်ကျေးရွာအုပ်စု စာရေး ဝန်ထမ်းများ အလုပ်ခွင်မပျက်ရက်တိုသင်တန်းဆင်းပွဲကို မတ် ၁၀ ရက် ညနေ ၃နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မင်းရာဇာခန်းမ၌ကျင်းပရာ မြို့နယ်အတွင်းရှိရပ်ကွက် ကျေးရွာအုပ်စုစာရေးဝန်ထမ်း ၆၂ ဦး၊ တက်ရောက်ခဲ့သည်။ **ချင်းတွင်းသား(ပြန်/ဆက်)**

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်
ကမ္ဘာ့ဓနန်းတွင်းဒုံးအဖွဲ့ချုပ်

ဇော်ခိတ်ထူး

သင်္ကြန်တွင်း
အထူးအစီအစဉ်များ

သိုင်းပြောင်းပြန်သင်တန်းများဖွင့်ပြီ
B.A, B.L (Advocate)
Grandmaster (International Thaing Byaung Byan Association)

အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်းမှန်စေတဲ့
မုံရွာဆရာမိုး
ကျောက်တစ်လုံးဝမ်းမှန်ဆေး

Ph:09250142828, 095029641

Myint Universe

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ ။)
၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၁၂ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဖွံ့ဖြိုးရေးလုပ်ငန်း** ဆိုသည်မှာ မြို့နယ်ကို အခြေခံ၍ ခွဲဝေသတ်မှတ်သည့် ပြည်ထောင်စု၏ ထောက်ပံ့ငွေဖြင့် သက်ဆိုင်ရာမြို့နယ်အတွင်း လွှတ်တော်ကိုယ်စားလှယ်များက အကောင်အထည်ဖော်ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းကိုဆိုသည်။

(ခ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ရန်ပုံငွေလျာထားခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်က ဤဥပဒေအရ ဖွဲ့စည်းသော ကော်မတီကို ဆိုသည်။

(ဂ) **လွှတ်တော်ကိုယ်စားလှယ်**ဆိုသည်မှာ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မည့် သက်ဆိုင်ရာမြို့နယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့ကို ဆိုသည်။

(ဃ) **မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တာဝန်ခံကြီးကြပ်ရန် ပုဒ်မ ၈ အရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(င) **ဘဏ္ဍာရေးကော်မရှင်**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ဖွဲ့စည်းတာဝန်ပေးအပ်သည့် ဘဏ္ဍာရေးကော်မရှင်ကို ဆိုသည်။

(စ) **ဖွံ့ဖြိုးရေးရန်ပုံငွေ** ဆိုသည်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသော ထောက်ပံ့ငွေကို ဆိုသည်။

(ဆ) **ဖွံ့ဖြိုးရေးရန်ပုံငွေ နှစ်စဉ်လျာထားချက်** ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုလွှတ်တော်ရုံးက ဘဏ္ဍာရေးကော်မရှင်သို့ အရအသုံးခန့်မှန်းခြေ ငွေစာရင်း၌ လျာထားခွင့်ပြုပေးရန် အဆိုပြုသည့် ထောက်ပံ့ငွေကို ဆိုသည်။

(ဇ) **လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးဗဟိုအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်၌ ဗဟိုကော်မတီက ခွင့်ပြုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေခွဲဝေသုံးစွဲရာတွင် ဗဟိုကော်မတီက သတ်မှတ်ထားသည့် စည်းကမ်းများနှင့် ကိုက်ညီမှု ရှိ မရှိ၊ လုပ်ငန်း၏ မူလရည်ရွယ်ချက်နှင့် ရည်မှန်းချက်များအတိုင်း အကောင် အထည်ဖော်ဆောင်ရွက်နိုင်ခြင်း ရှိ မရှိ၊ လုပ်ငန်းများနှင့် စာရင်းများကို စစ်ဆေးရေးအတွက်လည်းကောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက စစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရေးအတွက်လည်းကောင်း ဗဟိုကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သည့် အဖွဲ့ကိုဆိုသည်။

(ဈ) **မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ** ဆိုသည်မှာ နိုင်ငံတော် သမ္မတရုံး၏ ၂၆-၂-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၃) ဖြင့် ဖွဲ့စည်းသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မြို့နယ်အားလုံးနှင့် ကျေးလက်ဒေသမကျန် နှစ်စဉ်ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အလိုက် ဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲရာတွင် ပါဝင်လာစေရန်၊

(ခ) မဲဆန္ဒနယ်မြေရှိ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊

(ဂ) ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် အဓိက ဆောင်ရွက်ရမည့်လုပ်ငန်းငယ်များကို အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်၊

(ဃ) ကျေးလက်ဒေသများလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူဖြစ်စေရန်၊

(င) မြို့နယ်အလိုက်သုံးစွဲရန် ခွင့်ပြုထားသော ထောက်ပံ့ငွေဖြင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်သည့် အလေ့အကျင့်ရရှိစေရန်။

အခန်း(၃)
ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ နှစ်စဉ်လျာထားခွင့်ပြုခြင်း

၄။ ပြည်ထောင်စုလွှတ်တော်ရုံးသည် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ်လျာထားပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။

၅။ ဗဟိုကော်မတီသည် ပြည်ထောင်စုလွှတ်တော်ရုံးက နှစ်စဉ်အဆိုပြုသည့် ဖွံ့ဖြိုးရေးရန်ပုံငွေ လျာထားချက်ကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ပြည်ထောင်စု၏ ထောက်ပံ့ငွေအဖြစ် ထည့်သွင်းခွင့်ပြုနိုင်ရန် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

အခန်း(၄)
ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၆။ ပြည်ထောင်စုလွှတ်တော်သည် ဗဟိုကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က)	နာယက၊ ပြည်ထောင်စုလွှတ်တော်	ဥက္ကဋ္ဌ
(ခ)	ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်	အဖွဲ့ဝင်
(ဃ)	ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်	အဖွဲ့ဝင်
(င)	ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော်	အဖွဲ့ဝင်
(စ)	ဥက္ကဋ္ဌ၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော်	အဖွဲ့ဝင်
(ဆ)	အတွင်းရေးမှူး၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော်	အတွင်းရေးမှူး
(ဇ)	အတွင်းရေးမှူး၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော်	တွဲဖက် အတွင်းရေးမှူး

၇။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ခ) ဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ်လျာထား သတ်မှတ်၍ ပြည်ထောင်စု ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ထည့်သွင်းရေးဆွဲနိုင်ရန် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) သက်ဆိုင်ရာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့က အဆိုပြုတင်ပြသောလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီများအား စိစစ်တင်ပြရန် လိုအပ်သလို တာဝန်ပေးအပ်ခြင်း၊

(ဃ) ဖွံ့ဖြိုးရေးရန်ပုံငွေကို မြို့နယ်အရွယ်အစားနှင့် ဖွံ့ဖြိုးမှုအလိုက် စိစစ်ခွင့်ပြုခြင်း၊

(င) ဖွံ့ဖြိုးရေးရန်ပုံငွေကို သုံးစွဲရန် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ သုံးစွဲစေခြင်း၊

(စ) လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးဗဟိုအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဆ) မြို့နယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စာရင်းချုပ်ပြုစု၍ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြအစီရင်ခံခြင်း၊

(ဇ) ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးအား တာဝန်လွှဲအပ်ဆောင်ရွက်စေခြင်း။

အခန်း(၅)
မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၈။ (က) မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁)	လွှတ်တော်ကိုယ်စားလှယ်တစ်ဦး	ဥက္ကဋ္ဌ
(၂)	ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော လွှတ်တော် ကိုယ်စားလှယ်မှအပ ကျန်လွှတ်တော်ကိုယ်စားလှယ်များ	အဖွဲ့ဝင်များ
(၃)	အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ သို့မဟုတ် မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ	အဖွဲ့ဝင်
(၄)	မြို့နယ်ဦးစီးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၅)	ဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ	အဖွဲ့ဝင်
(၆)	မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန	အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောအဖွဲ့တွင် လိုအပ်ပါက အဖွဲ့ဝင်များထဲမှ ပုဂ္ဂိုလ်နှစ်ဦးကို ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၉။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဒေသအတွက် အမှန်တကယ်လိုအပ်သည့်လုပ်ငန်းများကို ကုန်ကျစရိတ်မကြီးမြင့်စေဘဲ အလေးထားဆောင်ရွက်ခြင်းနှင့် ယင်းလုပ်ငန်းများကို ကြီးကြပ်ခြင်း၊

(ခ) ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဒေသခံပြည်သူများ၏ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုကိုရယူသည့် နည်းလမ်းအား အလေးထားအသုံးပြုခြင်း၊

(ဂ) ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မြို့နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ သဘောထားကိုပါ ထည့်သွင်းစဉ်းစားနိုင်ရန် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများကို လိုအပ်ပါက အကြံဉာဏ်များရယူနိုင်ခြင်း၊

(ဃ) ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းများကို စနစ်တကျရှိစေရေးအတွက် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့၏ အတွင်းရေးမှူးအား တာဝန်ပေးအပ်ခြင်း၊

(င) မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအလိုက် လုပ်ဆောင်မည့်ဌာန သို့မဟုတ် အဖွဲ့အစည်းသို့ လုပ်ငန်းအပ်နှံခြင်း၊

(စ) ကော်မတီ၏ ခွင့်ပြုချက်ဖြင့် လွှဲပြောင်းပေးပို့လာသောငွေကို သက်ဆိုင်ရာ မြို့နယ်ဘဏ်ခွဲများတွင် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်း (အခြားစာရင်းရှင်)UFA (OA)အား ပြည်ထောင်စုလွှတ်တော်ရုံး၏ ဒေသနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအမည်ဖြင့်ဖွင့်လှစ်ပြီး ငွေထုတ်သူအရာရှိအဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ အမည်စာရင်းနှင့် ငွေစာရင်းအမှတ်တို့ကို ကော်မတီသို့ ပေးပို့ခြင်း၊

(ဆ) လုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ မှတ်တမ်းအထောက်အထားများကို စနစ်တကျထိန်းသိမ်း၍ စာရင်းဇယားများပြုစုခြင်းနှင့် ယင်းမှတ်တမ်းအထောက်အထားများနှင့် စာရင်းဇယားများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ထိန်းသိမ်းထားရှိခြင်း၊

(ဇ) ဗဟိုကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း။

အခန်း(၆)
လုပ်ငန်းနှင့် စာရင်းစစ်ဆေးမှုခံယူခြင်း

၁၀။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြည်ထောင်စုလွှတ်တော်နာယကက အကြောင်းကြားသည့်အခါ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စာရင်းများကို စစ်ဆေးပြီး စာရင်းစစ်အစီရင်ခံစာကို တင်ပြရမည်။

၁၁။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် သက်ဆိုင်သော စာရင်းဇယားများ၊ မှတ်တမ်းများ၊ စာရင်းစစ်ဆေးချက်နှင့် အစီရင်ခံစာများကို ဗဟိုကော်မတီသို့ ပေးပို့တင်ပြရမည်။

အခန်း(၇)
မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ နှစ်စဉ်လျာထားသတ်မှတ်ခြင်း

၁၂။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လျာထားသတ်မှတ်ရာ၌ ဒေသခံပြည်သူများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုကို ရယူနိုင်သည့် အောက်ပါလုပ်ငန်းများကို ဦးစားပေးလျာထားရမည် -

(က) သောက်သုံးရေ ရရှိရေးလုပ်ငန်းများ၊

(ခ) ကျေးလက်လမ်းများ၊ တံတားများ ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများ၊

(ဂ) ပြည်သူလူထု၏ အမှန်တကယ်လိုအပ်နေသော အခြားလုပ်ငန်းများ။

၁၃။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်နိုင်ခြင်းမရှိပါက ပိုလျှံရန်ပုံငွေများကို ပြန်လည်အပ်နှံရမည်။

အခန်း(၈)
အထွေထွေ

၁၄။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေရန်၊ ကိုးကွယ်မှုဘာသာအချင်းချင်း ပဋိပက္ခဖြစ်စေရန်၊ နိုင်ငံရေးပါတီများ အချင်းချင်း စိတ်ဝမ်းကွဲပြားစေရန်၊ ဒေသတွင်းနားလည် ချစ်ကြည်မှုကို ထိပါးစေရန် ဆောင်ရွက်ခြင်းမျိုးကို ရှောင်ကြဉ်ရမည်။

၁၅။ မည်သူမဆို ဖွံ့ဖြိုးရေးရန်ပုံငွေကို မရိုးမဖြောင့်သော သဘောဖြင့် ဆောင်ရွက်ခြင်းပြုလုပ်ပါက ပြစ်မှုဆိုင်ရာဥပဒေအရ အလွဲသုံးစားပြုမှု ကျူးလွန်သည်ဟု မှတ်ယူရမည်။

၁၆။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ -

(က) အမျိုးသားစီမံကိန်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရ စီမံကိန်းလုပ်ငန်းများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ထိခိုက်စေသော လုပ်ငန်းများ။

၁၇။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီသည် -

(က) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဆောင်ရွက်ချက်မှတ်တမ်းနှင့် ရန်ပုံငွေသုံးစွဲမှု စာရင်းဇယားတို့ကို အများပြည်သူသိရှိစေရန် သက်ဆိုင်ရာလုပ်ငန်းနေရာ၌ အမှတ်အသားဆိုင်းဘုတ်ဖြင့် ပြသထားရမည်။

(ခ) ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုချင်းစီအလိုက် ကုန်ကျစရိတ် တွက်ချက် တင်ပြရာတွင် အမှန်သုံးစွဲရသော အထွေထွေကုန်ကျစရိတ်ကို သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းစီအလိုက် ကုန်ကျစရိတ်၏ သုံးရာခိုင်နှုန်းထက် မကျော်လွန်စေဘဲ ထည့်သွင်းတောင်းခံနိုင်သည်။

၁၈။ ပြည်ထောင်စုလွှတ်တော်ရုံးသည် -

(က) ဗဟိုကော်မတီနှင့် ယင်းကဖွဲ့စည်းတာဝန်ပေးအပ်သော အဖွဲ့ များ၏ ကုန်ကျစရိတ်များကို ကျခံရမည်။

(ခ) ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ဂ) ဤဥပဒေပါလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဝန်ထမ်းဖွဲ့စည်းပုံကို တိုးချဲ့ဖွဲ့စည်းနိုင်ရန် လိုအပ်သလို ဆောင်ရွက်ရမည်။

၁၉။ (က) တည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေအရသာ လိုက်နာဆောင်ရွက်ရမည်။

(ခ) ဤဥပဒေမထုတ်ပြန်မီ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် လုပ်ငန်းဆောင်ရွက်ချက်များသည် ဤဥပဒေနှင့်အညီ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်ရုံးက ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဗဟိုကော်မတီသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

UEC
OFFICIAL PRIVATE SCHOOL
Grade 1 to 11
OUR VALUE - ACADEMIC EXCELLENCE - INSPIRATIONAL TEACHING - ELITE LIVING
SUMMER SPECIAL
FOR KIDS (aged 6-14)
- English Four Skills
- Computer
- Music
- Arts & Crafts
- Kids Invent

GL
Mar 14
Mar 14, Mar 28
Mar 26, Apr 12
Mar 26, Apr 12
Mar 26, Apr 12
Apr 12
Apr 12
Mar 26, Apr 12
Mar 26, Apr 13
Apr 13
Apr 13
Apr 13

ငှားမည်

မြေ ပေ(၁၂၀×၈၀)ပေါ် ဂိုထောင် ပေ (၄၀×၆၀) သစ်လုပ်ငန်းစုံရ ဆေးဆိုးပန်းရိုက် အင်းစိန်၊ ဖော့ကန် ။

ဖုန်း-၀၁-၆၄၁၉၃၂၊ ၀၉၅၁၁၇၄၁၀၊ ၀၉ ၅၀၂၀၄၂၂

မွေးသက္ကရာဇ်အမှန်

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၀/သထန(နိုင်)၂၃၄၆၈၆] ကိုင်ဆောင်သူ မအိအိအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁၀-၁၉၉၈ ဖြစ်ပါကြောင်း။

မအိအိအောင်

Traders Hotels

မလှိုင်မြို့နယ်အသင်း(ရန်ကုန်) ဖွဲ့စည်းတည်ထောင်ရန် ဖိတ်ကြားခြင်း

ရန်ကုန်မြို့၌ သီတင်းသုံးသာသနာပြုတော်မူကြသော မလှိုင်မြို့နယ်ဇာတိဖွား ဆရာတော်ကြီးများနှင့် (တိပိဋကဓရ မလှိုင်ဆရာတော်) ဘဒ္ဒန္တဝိစိတ္တာလင်္ကာရဦးဆောင်၍ မလှိုင်မြို့နယ်အသင်း(ရန်ကုန်)ကို ဖွဲ့စည်းတည်ထောင်လိုပါသောကြောင့် ရန်ကုန်မြို့ရှိ မလှိုင်နယ်ဖွား ဒါယကာ/ဒါယိကာမများအနေဖြင့် ဗဟန်းမြို့နယ်၊ အမှတ်(၇၀)၊ တက္ကသိုလ်ရိပ်သာလမ်း၊ အင်းလျားကန်ဖျားကျောင်းတိုက်၌ ၂၇-၃-၂၀၁၄ရက် (ကြာသပတေးနေ့)၊ မွန်းလွဲ ၂း၃၀နာရီတွင် ကျင်းပမည့် တွေ့ဆုံဆွေးနွေးပွဲသို့ ကြွရောက်ကြပါရန် မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

မလှိုင်မြို့နယ်အသင်း ဖြစ်မြောက်ရေးအဖွဲ့ စုံစမ်းဆက်သွယ်ရန်-

၁။ တိပိဋကဓရမလှိုင် ဆရာတော်	ဖုန်း-၀၉-၅၀၀၄၅၅၆
၂။ ဆရာတော်ဘဒ္ဒန္တနန္ဒိယ	ဖုန်း-၀၉-၅၀၃၈၁၄၈
၃။ ဆရာတော်ဘဒ္ဒန္တသုစိတ္တ	ဖုန်း-၀၁-၆၁၁၀၁၉
၄။ ဆရာတော်ဘဒ္ဒန္တပဏ္ဍာဝံသ	ဖုန်း-၀၉-၇၃၀၈၅၄၈၃
၅။ ဆရာတော်ဘဒ္ဒန္တဇဝန	ဖုန်း-၀၉-၅၁၉၄၂၇၇
၆။ ဆရာတော်ဘဒ္ဒန္တနေမိန္ဒ	ဖုန်း-၀၉-၄၉၂၆၆၃၄၅
၇။ ဆရာတော်ဘဒ္ဒန္တဝဇိရပါဏိဘိဝံသ	ဖုန်း-၀၉-၅၅၀၃၇၄၅
၈။ ဆရာတော်ဘဒ္ဒန္တသီလာနန္ဒ	ဖုန်း-၀၉-၄၀၂၇၃၀၂၉၄

American International Institute - AMII

Become Certified and Jobs Will Seek You.
HR Manager
Certified Human Resources Manager "CHRM"
Starting Date : 22 March 2014
MCC Training Institute (Yangon Campus)

(ညှိနှိုင်းဈေးဖြင့်အမြန်) ငှားရန်ရှိသည်
ဗဟန်းမြို့နယ်၊ ဆရာစံလမ်းမတန်း၊
ပေ ၈၀ အကျယ်၊ ပေ ၁၄၀ အရှည်
(ယခင် KTV ဖွင့်ခဲ့၍ အခန်း ၁၆ ခန်းပါသည်။)
ဆက်သွယ်ရန်ဖုန်း-၀၉ ၈၃၀၃၉၉၉၊ ၀၉-၈၃၀၃၈၈၈
(ရုံးချိန်အတွင်းသာ)

Taxi

Chery M.Mini Taxi ယာဉ်မောင်းလိုသူများ အမြန်ဆက်သွယ်ပါ။
အိမ်ပေးထားမည်။
လပေးငှားမည်။
ဖုန်း-၀၉- ၅၀၂၀၂၂၉

စာအုပ်စာပေလှူမိုတ်ဆွေ

ဖုန်းဖြင့် ဂိမ်းကစားနည်းများ
ANDROID GAME FOR ALL
SMART Phone ဖြင့် ဂိမ်းကစားနည်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာ ဦးမျိုးတင့်
အသက်(၈၅)နှစ်
ခေတ်ရောင်ခြည်အထူးကုဆရာဝန်ကြီး(ငြိမ်း)

သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်အေးအေးတင့်(ဗဟို အမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်)၏ဖခင် ဒေါက်တာ ဦးမျိုးတင့်သည် ၁၀-၃-၂၀၁၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သားဖွားမီးယပ်ပညာအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

ဝမ်းနည်းကြေကွဲခြင်း
ဦးစောလင်းအောင်(အယ်ဒီတာ)
(မဇ္ဈိမသတင်းစာ၊ အိုအေစစ်ဂျာနယ်၊ Myanmar Media Library)
(မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်)
အသက်(၃၉)နှစ်

မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးစောလင်းအောင်သည် ၈-၃-၂၀၁၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအေးကျော်(ကျောင်းအုပ်ကြီး)
MHR သင်တန်းကျောင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်-၁၃၂၊ (ဦးခင်မောင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးခင်မောင်ထံမှ အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူခဲ့သူ ဦးမြတ်သန်း[၁၂/အစန(နိုင်)၁၅၆၈၄၈]မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ကတိသစ္စာပြုလွှာများ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၉၊ မြေကွက်အမှတ်-၁၀၂ အမည်ပေါက် ဒေါ်ခင်မျိုးမြင့် H/RGN-024924 သည် မြေချပါမစ်တွင် ပူးတွဲ ပါရှိသည့်ခေတ်ပုံ မိတ္တူမှန် လုပ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန် မရှိပါက ခေတ်ပုံမိတ္တူမှန် လုပ်ပေးရန် ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ တစ်ဖက်ကမ်း၊ အလတ်ချောင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁B၊ မြေကွက်အမှတ်-၁၂၏ တစ်စိတ်တစ်ဒေသ ဧရိယာ(၃. ၇၅၂) ဧက၁၆A၏ တစ်စိတ်တစ်ဒေသ၊ ဧရိယာ(၀. ၉၁၈)ဧက၊ မောင်ဘဖိုး၊ မောင်မိုးဆွေ အမည်ပေါက် နှစ်ခြင်းမြေငှားဂရန် မြေအား Myanmar Logistics Management Co.,Ltd မှ ကုန်တင် ကုန်ချ ဆိပ်ခံတံတားနှင့် ကုန်စည်သိုလှောင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်သစ်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၄၇၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၇၅/ခ)၊ အနော်မာ(၁၁)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်ကျင်နု) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကျင်နု (မိခင်)နှင့် ဦးရှုရစ်(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သားဖြစ်သူ ဦးစိုးဝင်း [၁၂/သကတ(နိုင်)၁၁၇၀၁၄]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး/တောင်၊ မြေကွက်အမှတ်-၅၃၇/ခ၊ မြေကွက်တည်နေရာအမှတ်(၅၃၇/ခ)၊ အောင်ရတနာလမ်း၊ ကြီးပွားရေး၊ သယ်န်းကျွန်း ဦးဝင်းကြည်အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးဝင်းကြည်[၁၂/သဃက(နိုင်)၀၅၉၀၄၁]က နှစ်(၆၀)ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စိုက်မွေး ၃၊ မြေကွက်အမှတ်-၉၈၊ မြေကွက်တည် နေရာအမှတ်(၉၈)၊ စိုက်မွေး ၁/၃၊ ဆင်ဖြူရှင်လမ်း၊ ဒဂုံတောင်၊ ဦးလံစင်းခိုင်[၁၂/လကန(နိုင်)၀၅၉၇၁၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလံစင်းခိုင်ကွယ်လွန်၍ ဒေါ်ထောင်ခန့်နန်း[၁၂/လကန(နိုင်)၀၆၀၈၉၈]မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး ၎င်းထံမှ GP No. ၁၇၀၁/၁၇-၁-၁၄ဖြင့် ရရှိသူ ဦးမင်းဇော်နိုင်ထွန်း[၁၂/သဃက(နိုင်)၀၂၅၅၇၈]မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်လမ်းမ၊ တိုက်အမှတ်(၆၁၄)နေ ဒေါ်မရန်နန်တောင်[၁/မကန(နိုင်)၁၅၄၁၀၇]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၃)လမ်း။ တိုက်အမှတ်(၃၄)၊ မြေညီထပ်(ဝဲ) တိုက်ခန်းကို တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားရှိသူ ဒေါ်သီတာအောင်(ခ) ဒေါ်မီးမီး[၁၂/ဒဂတ(နိုင်)၀၀၀၄၃၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါ တိုက်ခန်းနှင့် ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မရန်နန်တောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းစိုး	**ဒေါ်ခိုင်ကျော့ကျော့လှိုင်**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၂၈၉၈)	**(စဉ်-၃၄၀၆၂)**

တိုက်(၄၄)၊ အခန်း(၆-အေ)၊ ပေ (၅၀)လမ်း၊ (၃) ရပ်ကွက်၊ လှည်းတန်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀၂၁၈၂၇၊ ၀၉- ၄၃၁၂၄၅၉၄

အထူးဝမ်းနည်းကြေကွဲခြင်း
ဟာဂျီမိုဟာမက်ဟူစိန်(ခ)ဦးမြင့်လွင်
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၉၉)၊ (၁၀၁)လမ်း၊ ဖို့မြေရပ်ကွက်နေ ဟာဂျီမ ဒေါ်စမ်းစမ်းအေး(စည်းရုံးရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ မအဖ)၏ ခင်ပွန်းသည် ၃-၃-၂၀၁၄ရက်တွင် အလ္လာဟ်သျှင်မြတ် အမိန့်တော် ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်
ရန်ကုန်တိုင်းဒေသကြီး၊ မအဖ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်-၄၉၁၊ မြေကွက်တည်နေရာအမှတ်-၄၉၁၊ နိဂြောဓလမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ (၁)ဦးချစ်မြ၊ (၂)ဒေါ်အေးတင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးတင်(ဇနီး)ကွယ်လွန်သဖြင့် ဤအမည်ပေါက် ဦးချစ်မြ (ခင်ပွန်း)[၁၂/သကတ(နိုင်)၀၅၁၃၆၄]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့်အတူ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ်-၄၀၁/က၊ မြေကွက်တည်နေရာအမှတ်(၄၀၁/က)၊ အနော်မာအနောက်(၁၀)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့ (၁။ဒေါ်အဝါဘီ ၂။ဒေါ်ဟလီမာ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ၁။ဒေါ်အဝါဘီ[CI-၀၂၆၉၅၁]၂။ ဒေါ်ဟလီမာ(CI-၀၂၈၉၉၈) တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၀၃၉/၂၀၁၃)နှင့် (၁၉၃၃၂/၂၀၁၃)ရရှိသူ ဦးအောင်မြင့်[၁၂/မဂတ(နိုင်)၀၁၅၈၀၃]မှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ၏ ထောက်ခံစာ၊ ရဲစခန်းထောက်ခံချက် ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မောင်ကီးအွမ်[၄/မတန(နိုင်)၀၃၁၃၇၄]အား အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ချင်းပြည်နယ်၊ မင်းတပ်မြို့၊ အနောက်ရပ်ကွက်၊ မင်းတပ်-မတူပီလမ်း၊ ဆောက်လုပ်ရေးဝင်း၊ အနီးတွင်နေထိုင်သူ မောင်ကီးအွမ်[၄/မတန(နိုင်)၀၃၁၃၇၄] သည် မိဘနှစ်ပါးနှင့်ဆွေမျိုးမိသားစုတို့၏ သွန်သင်ဆုံးမမှုကို မနာခံဘဲ မိဘဆွေမျိုးတို့၏ သဘောထားကို ဆန့်ကျင်လျက်အုပ်ထိန်းမှုအောက်မှ ထွက်ခွာသွားခြင်း၊ မိဘဆွေမျိုးတို့အား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ခြင်းတို့ကြောင့် မိဘနှစ်ပါးမှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်း၏ပြုလုပ်မှုကိစ္စအဝဝတို့အတွက် ၎င်းတွင်သာတာဝန်ရှိပြီး၊ မိဘဆွေမျိုးများနှင့် လုံးဝသက်ဆိုင်ခြင်း မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးငိုင်ဆာ့ခ် LL.B,LL.M(Q-II),M.A(Th)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၂၂)
အခန်း-၁၀၄(စီ)ပထမထပ်၊ တိုက်(၁၀/၁၂)၊ ၃၅လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၆၀၇၈၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၊ မြေကွက်အမှတ်-၁၂၀၊ မြေကွက်တည်နေရာအမှတ်-၁၂၀၊ မြို့သစ် ၂လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးတင်လှိုင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်(၄-၆-၉၇)ဖြင့် ပိုင်ဆိုင်ထားပြီး S/P(၁၈၉၈၁/၉၇) (၈-၁၀-၉၇)ရရှိသူ ဦးမောင်အံ[၁၂/မရက(နိုင်)၀၈၅၉၇၀]မှ S/Pနှင့်အရပ်ကတိ အရောင်းအဝယ်စာချုပ်တို့တင်ပြ၍ အိမ်ဆောက်ရန်အတွက် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပန်းဘဲတန်းမြို့နယ်၊ (၃၁)လမ်း၊ အမှတ်(၁၆၉/၁၇၁)တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်-၁၆ဒီ၊ မြေကွက်အမှတ် Retain Area of I 4၊မြေပိုင်မြေ အမျိုးအစား မြေအမည်ပေါက် The Md Ajam Esmail Coyမြေအား ဦးအီစွတ်ကာစင်အစ္စမေးလ် [၁၂/ပဘတ(နိုင်)၀၂၂၀၆]မှ မြေအမည်ပေါက် စာချုပ် မိတ္တူမှန်၊ The Mohamed Ajam Esmail Company Limited ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ၃၀-၉-၂၀၁၄ရက်အထိ ကုမ္ပဏီသက်တမ်းတိုးခွင့်ပြုကြောင်းစာ၊ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းတို့ကို တင်ပြပြီး အဆောက်အအုံ ဆောက်လုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၉၇)၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူ ဒေါ်သန်းဌေး[၁၂/သဃက(နိုင်)၁၀၁၂၂၉]ထံမှ အဆက်ဆက် အရောင်းအဝယ်စာချုပ်ဖြင့် ပိုင်ဆိုင်လက်ရှိထားသူ ဦးဌေးမြင့်[၁၂/မဂတ(နိုင်)၀၅၂၃၃၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက တန်ဖိုးငွေအပြေအကျေပေးချေကာ အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ ပါမစ်မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသာလျှင် လက်ရှိထား ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမိုးကျော်ဦး LL.B(စဉ်-၆၅၈၈) တရားလွှတ်တော်ရှေ့နေ
အခန်း-၅၊ အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၉၆၃၆

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 8J/4488 Doh Shwe Myanmar (12) Wheel Truck (8-4) T/S ယာဉ်လက်ဝယ်ရှိသူအမည် ဦးဖရန်ချစ်ဂျေစီရယ်[၁၂/မဂတ(နိုင်)၀၇၄၈၉၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)
ရန်ကုန်မြို့။

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာ ဦးမျိုးတင့်
ခေတ်ရောင်ခြည်အထူးကုဆရာဝန်ကြီး(ငြိမ်း)

ဒေါ်ချယ်ရီမျိုးတင့်(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၏ဖခင် ဒေါက်တာ ဦးမျိုးတင့် အသက်(၈၅)နှစ်သည် ၁၀-၃-၂၀၁၄ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်
Fortune International Limited

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ရတနာမွန်အိမ်ရာရှိ တိုက်(၁)၊ အခန်း(၀၀၁)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ဝင်း[၉/မနတ(နိုင်)၀၃၀၆၄၆] ကွယ်လွန်ထံမှ အမွေဆက်ခံပိုင်ခွင့်ရရှိထားသူ ဦးတင်ဝင်း၏သမီး ဒေါ်ဖြိုးဝေဝင်းအောင်[၉/ခအဇ(နိုင်)၀၀၂၃၈၃]မှ ၎င်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/၄၊ မြေကွက်အမှတ်-၆၁၈/ခ၊ မြေကွက်တည်နေရာအမှတ်(၆၁၈)၊ သီတာရေစင်လမ်း၊ (၁၆/၄)ရပ်ကွက်၊ သယ်န်းကျွန်း၊ ဦးဂျင်မီလွန်း[၁၂/သဃက(နိုင်)၀၂၅၃၁၆]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဂျင်မီလွန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ဝင်းကြူ[၁၂/သဃက(နိုင်)၀၂၆၇၇၉]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/၃၆၊ မြေကွက်အမှတ်-၉၇၊ မြေကွက်တည်နေရာအမှတ်(၉၇)၊ ပြည်နဝဒေးလမ်းသွယ်၊ ရွှေပြည်သာမြို့နယ်၊ (ဗိုလ်မှူးခင်မောင်ကြည်) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဗိုလ်မှူးခင်မောင်ကြည် ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးမြင့်[၁၂/ပဘတ(နိုင်)၀၁၇၉၁၀]မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တင်ပြသောပါမစ်တွင် ခေတ်ပုံနှင့် အိမ်ထောင်ဦးစီးဇယားမပါရှိ၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့်(၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၃၉၉၊ မြေကွက်တည်နေရာအမှတ်(၃၉၉)၊ ပင်းယ(၁၄)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမောင်ထွန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်ထွန်းထံမှ အပိုင်ပေးစာချုပ်-၁၈၁၄ (၁၇-၅-၀၆)ဖြင့်ပေ(၂၀×၆၀)(Portion)ကို ရရှိထားသူ ဦးအောင်သိန်း [၁၂/ဥကတ(နိုင်)၁၃၃၉၁၅] က(ဖခင်)ဦးမောင်ထွန်း၊ (မိခင်)ဒေါ် တင်အေးတို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကျန်ပေ(၂၀×ပေ၆၀) (Portion)အား ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂-၃-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ(၈)တွင် ဖော်ပြကြေညာခဲ့သော ဒေါ်လှလှထွေး[၁၂/ဥကတ(နိုင်)၀၃၁၅၁၄]၏ ကန်ထရိုက်တာဦးသောင်းထိုက်[၁၂/ဥကတ(နိုင်)၀၁၁၃၁၇]နှင့် အများသိစေရန် ကြေညာချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

ဒေါ်လှလှထွေးနှင့်ကျွန်ုပ်၏မိတ်ဆွေကန်ထရိုက်တာဦးသောင်းထိုက်တို့ ကန်ထရိုက်တိုက်ဆောက်လုပ်ရန် ၂၁-၁၀-၂၀၁၃ရက် သက်သေများရှေ့မှောက်၌စရန်ပေးစာချုပ်ချုပ်ဆိုခဲ့ပြီး စရန်ငွေအဖြစ် ၀-၂၀သိန်း+ဒု-၃၀သိန်း၊ ငွေကျပ်သိန်း(၅၀)တိတိပေး အပ်ခဲ့ပြီး ၂၉-၁၁-၂၀၁၃ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ ကမ္ဘောဇဘဏ်ခွဲ၌ငွေသွင်းခိုင်း၍ ငွေကျပ်သိန်း(၁၀၀)နှင့်ဘဏ်ခွဲ ရှေ့လက်ဖက်ရည်ဆိုင်တွင် ငွေကျပ်(၆)သိန်းတိတိကို ထပ်မံတောင်းခံသည့်အတွက် စုစုပေါင်းငွေကျပ်(၁၅၆)သိန်းတိတိ အိမ်ရှင်သို့ပေးခဲ့ပြီးဖြစ်ပါသည်။

၁-၂-၂၀၁၄ရက်တွင် စာချုပ်ချုပ်ဆိုရန်အတွက် ဦးသောင်းထိုက်မှ ၎င်း၏အထူးကိုယ်စားလှယ် ဦးအာကာလင်း (အထက်တန်းရှေ့နေ) အားစေလွှတ်ခဲ့သော်လည်း ဒေါ်လှလှထွေးဘက်မှဆောက်လုပ်ခြင်းနှင့် သက်ဆိုင်သောကိစ္စများအား လုပ်ဆောင်ခြင်းမရှိဘဲ စာချုပ်ဖျက်သိမ်းရန်သာပြောဆိုပြီးစာချုပ်ချုပ်ဆိုရန် ပျက်ကွက်ခဲ့ခြင်းသာဖြစ်ပါသည်။ဒေါ်လှလှထွေး၏ (၁၁-၂-၂၀၁၄)ရက်စွဲပါ တစ်ကြိမ်တည်းသာပေးပို့ခဲ့သည့်အကြောင်းကြားစာနှင့်ပတ်သက်၍ မမှန်မကန်အကြောင်းကြားစာ ပေးပို့ခြင်းဖြစ်၍ ပြန်ကြားရန်မလိုပါ။

၂၁-၁၀-၂၀၁၃ရက်စွဲပါ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းအတွက်စရန်ငွေပေးစာချုပ်တွင် ဦးသောင်းထိုက်ဘက်မှပျက်ကွက်ခဲ့လျှင် စရန်ငွေပေးစာချုပ်များပျက်ပြယ်ပြီးဖြစ်ကြောင်းဖော်ပြထားခြင်းမရှိပါ။

သတင်းစာ၌ထည့်သွင်းဖော်ပြရုံမျှဖြင့် ကတိစာချုပ်ပျက်ပြယ်ကြောင်း ဥပဒေ၌ပြဋ္ဌာန်းထားခြင်းမရှိပါ။ ဒေါ်လှလှထွေး၏ ကြော်ငြာချက်သည် ကောင်းသောဂုဏ်သတင်းဖြင့် ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်နေသူဦးသောင်းထိုက်၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေသည့်အတွက် ဒေါ်လှလှထွေး၏ ၃-၂-၂၀၁၄ရက်ကြော်ငြာချက်အား ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ကန်ထရိုက်တာနှင့် ချုပ်ဆိုထားသောစာချုပ်ပါ စည်းကမ်းချက်များကို မြေရှင်ဒေါ်လှလှထွေးမှဖောက်ဖျက်ပြီး ဆက်လက်ဆောင်ရွက်သွားပါက မြန်မာနိုင်ငံတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-

ဒေါ်အိအိထွေး(LL.B)	**ဒေါ်စုဝသာန်ကျော်(LL.B)**
(စဉ်-၃၈၁၆၂)	**(စဉ်-၄၁၉၅၆)**

အထက်တန်းရှေ့နေများ
အမှတ်(၈၂၇)၊ ၂၆လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ဦးထွန်းထွန်းလင်း[၁၄/ညတန(နိုင်)၁၁၆၄၃၀]နှင့်အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်း-၃၊ မြေကွက်အမှတ်(၁၂၅၁)၊ အကျယ်အဝန်း ပေ(၃၀×၅၀)ရှိ ပါမစ်မြေကွက် (အရပ်အခေါ်) အမှတ်(၃/၁၂၅၁)၊ မဥ္ဇူလမ်း၊ မှော်စက်ရပ်ကွက်၊ ဒလမြို့နယ်ဟု ခေါ်တွင်သော မြေကွက်ကို ဦးထွန်းထွန်းလင်း[၁၄/ညတန(နိုင်)၁၁၆၄၃၀] က ဦးစိုးအောင်[၁/မညန(နိုင်)၀၈၂၃၆၉]ထံမှ အထက်ပါ မြေအရောင်းအဝယ်အတွက် စရန်ပေးစာချုပ်ချုပ်ဆိုပြီး စရန်ငွေ အချို့ လက်ခံ ရယူထားခဲ့ပါသည်။ ၃၀-၁၁-၂၀၁၃ရက်တွင် ချိန်းဆိုထားသည့်အတိုင်း ဦးစိုးအောင်က ကျန်ငွေပေးချေရန် ဆောင်ရွက်ခဲ့သော်လည်း ဦးထွန်းထွန်းလင်းမှ အတွေ့မခံဘဲ ရှောင်တိမ်းနေသဖြင့် ကျန်ငွေပေးအပ်နိုင်ခြင်း မရှိပါ။

သို့ဖြစ်ပါ၍ ဦးစိုးအောင်မှ ဦးထွန်းထွန်းလင်းအား မြေကွက်ရောင်းဖိုးငွေ တစ်စိတ် တစ်ပိုင်းပေးချေကာ အရောင်းအဝယ် ပြုလုပ်ထားပြီးဖြစ်ပါသဖြင့် ဦးထွန်းထွန်းလင်းအပါအဝင် မည်သူမဆို အထက်ပါ မြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူပေးပါရန် ကျွန်ုပ်အားညွှန်ကြားထားပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဇော်မြတ်(LL.B) (စဉ်-၈၅၀၉) တရားလွှတ်တော်ရှေ့နေ
အမှတ်(၅၅)၊ ဒုထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၃၀၅၄၃၃၉၊ ၀၉-၅၄၁၂၇၅၄

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာ ဦးမျိုးတင့်
အသက်(၈၅)နှစ်
(ရွာသစ်ရပ်ကွက်၊ဝါးခယ်မမြို့)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ရန်ကုန်အော်တိုတယ်လီဖုန်း၊ အင်ဂျင်နီယာချုပ်ဒေါ်ချယ်ရီမျိုးတင့်၏ဖခင် ဒေါက်တာဦးမျိုးတင့် အသက်(၈၅)နှစ်သည် ၁၀-၃-၂၀၁၄(တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ထမ်းများ
(ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်မြင့်မြင့်(ခ)ဒေါ်မိမိဆွေ (၆၅)နှစ်

ဗိုလ်မှူးထူးအောင်ဝင်း(တပ်မတော်ဆေးတက္ကသိုလ်)-ဒေါက်တာနှင်းလွင်ဦး(ဆေးတက္ကသိုလ်-၁)တို့၏မိခင်၊ မအိမ့်ခေတ်ကြည်ဖြူအောင်၏အဘွား ဒေါ်မြင့်မြင့်(ခ)ဒေါ်မိမိဆွေ အသက်(၆၅)နှစ်သည် ၈-၃-၂၀၁၄ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

တပ်မတော်ဆေးတက္ကသိုလ်အမှတ်စဉ်(၁)မှသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းစာ(ပင်မသိုင်းဆရာကြီး)
အသက်(၉၁)နှစ်

အာရှလူငယ်အစည်းအရုံး၊ ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံး (သိုင်းဌာန)တွင် နိုင်ငံ့ဂုဏ်ဆောင် ဆရာကြီးများဖြစ်ကြသော ဦးပြည်သိမ်း၊ ဦးချစ်သန်းတို့၏တပည့် မဟိဒ္ဓိသိပ္ပံပင်မသိုင်းဆရာကြီး ဓားဘုရင် ဦးထွန်းစာသည် ၁၂-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစု၊ မိတ်ဆွေများ၊ တပည့်တပန်းများနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ချစ်တပည့်-ဦးမြသိန်း(အဖွဲ့ဝင်)-ဒေါ်ရီရီဝင်း
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ နေပြည်တော်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဆေးနိုင်(ဘုရင့်နောင်ပွဲရုံ အောင်သပြေလမ်း)၏မိခင် ဒေါ်တင်(ကျောင်းကုန်းမြို့) အသက်(၈၇)နှစ်သည် ၁၃-၃-၂၀၁၄ရက်တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှအထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

ဒုတိယဗိုလ်မှူးကြီးအောင်နိုင်(ငြိမ်း)-ဒေါ်မေရီခိုင်
(ညွှန်ကြားရေးမှူး၊ နိုင်ငံတော်သမ္မတရုံး၊နေပြည်တော်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဆေးနိုင်(ဘုရင့်နောင်ပွဲရုံ အောင်သပြေလမ်း)၏မိခင် ဒေါ်တင်(ကျောင်းကုန်းမြို့) အသက်(၈၇)နှစ်သည် ၁၃-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှအထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

ဗိုလ်မှူးခင်အောင်(ငြိမ်း)၊ဗိုလ်ကြီးအောင်ဦးကျော်(ငြိမ်း)၊
ဗိုလ်မှူးဟိန်းမြတ်ကျော်(ငြိမ်း)၊ဦးဇော်ဝင်း(မန္တလေး)၊ဦးဇော်လင်း(မန္တလေး)၊
ဦးဝင်းထွန်း(မန္တလေး)၊ကိုညီညီလင်း(မြောင်းမြ)

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ရေတွင်း၊ ရေကန်ဒါယိကာမကြီး
ဒေါ်မြင့်မြင့်
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ သဇင်ကွန်ဒို၊ အမှတ်(၅၆)၊ အခန်း(၁၀၂)နေ(ဦးအေးကြည်)၏ ဇနီး၊ (ဦးကြည်မြင့်)-ဒေါ်ကြူကြူ၊ (ဦးအေးကို)-ဒေါ်ဝါဝါ၊ (ဒေါ်ဝင်းဝင်း)၊ ဦးအောင်သန်း-ဒေါ်ညိုညို၊ (ဦးအောင်အောင်သွင်)-ဒေါ်အေးချို၊ ဦးဇော်မြင့်ဦး(ပွင့်ဆန်းယဉ်ဆန်စက်)-ဒေါ်စန်းစန်းမြင့်တို့၏မိခင်၊ မြေး ၂၂ယောက်၊ မြစ် ၁၅ယောက်တို့၏ အဘွားသည် ၁၃-၃-၂၀၁၄(ကြာသပတေးနေ့)နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၄(စနေနေ့)နံနက် ၉နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးညီညီနိုင်
အသက်(၄၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေလှိုင်လမ်း၊အမှတ်(၁၈)နေ(ဦးညွန့်လွင်-ဒေါ်စန်းနွဲ့)တို့၏သား၊ ဦးဖိုးထောင်-ဒေါ်လှလှမြိုင်တို့၏သားသမက်၊ ဒေါ်ရင်ရင်မြိုင်၊ဦးသန့်စင်ဦး-ဒေါ်ခိုင်စန်းအေး၊ ဦးသန်းဝင်း - ဒေါ်နုနုလွင်၊ ဦးတင်မောင်မိုး-ဒေါ်ခင်မျိုးလတ်၊ ဦးအောင်မျိုးသန့်-ဒေါ်တင်တင်ဦး၊ ဦးနေဝင်းထွန်း-ဒေါ်မြင့်မြင့်ကြူတို့၏ညီ၊မောင်၊ မယဉ်ယဉ်ထွန်း၊မသီတာထွန်း၊ မောင်လှမင်းဇော်တို့၏အစ်ကို၊ မမေပုလဲ၊မယွန်းသီရိမေတို့၏ ဖခင်၊ ဒေါ်ဥမ္မာထွန်း၏ချစ်လှစွာသောခင်ပွန်းဦးညီညီနိုင်သည် ၁၂-၃-၂၀၁၄ရက် ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်လားမ(ခ)ဒေါ်အေးတင်
အသက်(၈၃)နှစ်
မဝါကြည်ဆေးလိပ်ခုံ၊(ပုလော)

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊မြသီတာလမ်းနေ ဒေါ်အေးတင်သည် ၁၃-၃-၂၀၁၄(ကြာသပတေးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့ သုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်အေး(ပဲခူး)(၅၉)နှစ်
ဌာနခွဲစာရေး၊ ဘူမိဗေဒရုံး

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ အမှတ်(၈၇၄)နေ(ဦးတုံခင်-ဒေါ်အာဝါး)တို့၏သမီး၊ (ဦးကျင်စိန်-ဒေါ်ကျင်အိန်း)တို့၏သမီးချွေးမ၊ (ဦးကျင်ဟို)-ဒေါ်စန်းစန်းမြင့်တို့၏ညီမ၊ဦးကျင်ဝက်-ဒေါ်ဥမ္မာ၊ ဦးကျင်ထွန်း-ဒေါ်ခင်မာဦး၊ ဦးသောင်းနိုင်(လဝက၊ ပဲခူး)-(ဒေါ်ခင်ခင်ထွေး)တို့၏ အစ်မ၊ ဦးအောင်လင်း(ဆည်မြောင်း-ငြိမ်း)၏ဇနီး ဒေါ်ခင်ခင်အေးသည် ၁၃-၃-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

မောင်ရဲမင်းထွဋ် (၂၈)နှစ်
အထက(၂)ဗိုလ်တထောင်
(ကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇) အရှေ့ရပ်ကွက်၊ မေတ္တာရှင်လမ်း၊ အမှတ်(၇၄၀)နေ ဦးဇော်ထွဋ်(ဥက္ကဋ္ဌ၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်း၊ သာကေတ)-ဒေါ်နွဲ့နွဲ့ရီ(ဌာနခွဲမှူး၊ရေနံသယ်ပို့)တို့၏ တစ်ဦးတည်းသောသား မောင်ရဲမင်းထွဋ်သည် ၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ထောက်ခံ

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်လားမ(ခ)ဒေါ်အေးတင်
အသက်(၈၃)နှစ်
မဝါကြည်ဆေးလိပ်ခုံ

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊မြသီတာလမ်းနေ ဒေါ်အေးတင်သည် ၁၃-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်းဒါယိကာမကြီး
ဒေါ်လှပို (၈၁)နှစ်

တောင်ကြီးမြို့၊ ပြည်တော်သာရပ်၊ နယ်မြေ(၁၁)၊ နှင်းဆီလမ်း၊ အမှတ်(၁၀၁)နေ ဦးဝင်းမြင့် (လွင်ဦးထွေး-အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ ဇနီး၊ ဦးဝင်းလွင်ဦး-ဒေါ်မိမိထွေး(လွင်ဦးထွေး- အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ ရန်ကုန်/တောင်ကြီး)၊ (ဦးဝင်းလွင်ထူး)-ဒေါ်ခင်ဝင်းတင့်၊ ဦးစိုးလှိုင်အောင်-ဒေါ်ဌေးဌေးမြင့်၊ ဒေါ်အေးအေးမြင့်၊ (ဒေါ်ထွေးထွေးမြင့်)တို့၏ မွေးသမိခင်၊မြေးခုနစ်ယောက်တို့ ၏အဘွား ဒေါ်လှပိုသည် ၁၃-၃-၂၀၁၄(ကြာသပတေးနေ့) နံနက် ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ညွှန့်ညွှန့် (၇၉)နှစ်
မူလတန်းကျောင်းဆရာမကြီး(ငြိမ်း)ဓနုဖြူမြို့

ဓနုဖြူမြို့၊(၉)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၈၃)နှင့် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၅၅)နေ ဦးဘလှ-ဒေါ်ခင်မေတို့၏သမီး၊ ဆရာကြီး(ဦးဝင်းမောင်)၏ဇနီး၊ ဒေါ်သူဇာဝင်း (သူဇာသဇင်ကျောက်မျက်ရတနာရောင်းဝယ်ရေး)၊ ဦးဝင်းနိုင်(မြို့နယ်တရားရုံး၊ ဓနုဖြူမြို့)၊ ဒေါ်သဇင်ဝင်း၊ ကိုရွှင်ကြည်- Dr. နန်းထက်ဝင်း၊ ကိုအောင်မျိုးမြတ်-မငြိမ်းစန္ဒာထွေး၊ ကိုကျော်စိုးမိုး-မသင်းယုဆွေတို့၏ မိခင်သည် ၁၂-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အမှတ်-၅၅၊ သိပ္ပံလမ်းနေ ဒေါ်ညွှန့်ညွှန့်၏နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးသန်းတင်(လဝက-ငြိမ်း)
အသက်(၇၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နေ (ဦးဖိုးဒီ-ဒေါ်သိန်းမေ)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့နေ (ဦးဘရှင်း-ဒေါ်အေးမှန်)တို့၏သားသမက်၊ (ဒေါ်ခင်ကြိုင်)၏ ခင်ပွန်း၊ မညွှန့်ညွှန့်ဝေ၊ တပ်ခွဲတပ်ကြပ်ကြီး တင်ဝင်း-ဒေါ်ခင်လေးမေ(ကပစ-၄၊ ငဖဲ)၊ ဗိုလ်ကြီးသက်တင်(ငြိမ်း)-ဒေါ်အေးအေးသန်း၊ ဦးဇော်မင်း(လသာတရားရုံး) - ဒေါ်ခင်ခင်ဌေး (လဝက၊ နေပြည်တော်)၊ ဦးထွန်းထွန်းလင်း-ဒေါ်ရီရီလွင်၊ (မောင်မျိုးမင်းအောင်)တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၃-၃-၂၀၁၄(ကြာသပတေးနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၄ (စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဘမြင့် (၇၅)နှစ်
ဦးစီးအရာရှိ(ငြိမ်း)မြေတိုင်းဦးစီးဌာန

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊တောင်လုံးပြန်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၂၃)နေ (ဦးဘအုန်း-ဒေါ်လှစိန်)တို့၏သား၊ ဦးလှမြင့်-(ဒေါ်တင်တင်ကြီး)၏ညီ၊ ဦးထွေးမြင့်- ဒေါ်ခင်ခင်ညွန့်တို့၏အစ်ကို၊ ကိုမောင်မောင်မြတ်-မသီသီမြင့်တို့၏ချစ်လှစွာသောဖခင်၊ မောင်ဟန်လင်းထက်၏ အဘိုး ဦးဘမြင့်သည် ၁၃-၃-၂၀၁၄ရက် နံနက် ၁း၃၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါဖြင့် ၁၅-၃-၂၀၁၄ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေး အအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြင့်အောင်(ငွေဇင်ယော်)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၁၁)ရပ်ကွက်၊အမှတ်(၉)(၆)မိုင်ခွဲပြည်လမ်းနေ(ငွေဇင်ယော် ဦးကြင်-ဒေါ်မြကြည်၊ဒေါ်စောညွန့်)တို့၏သားကြီး၊ ကျိုင်းတုံမြို့နေ(ဦးစိုင်းမုန့်-ဒေါ်နန်းဝိုး)တို့၏သားသမက်၊ [ဒေါ်နန်းစမ်ဖောင်း(ခ)ဒေါ်မဂ္ဂီမောင်း]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုင်းလျိုး-ဒေါ်နန်းတစ်(ပ်)၏ညီ၊ ဒေါ်နန်းကိန်ခမ်း(ငြိမ်း)[အ. ထ. က(၅)အလုံ]၏အစ်ကို၊ ဦးဇော်မြင့်အောင်(စိုင်းလုံ)-ဒေါ်မာလာသန်း၊ ဦးရဲမြင့်အောင်(စိုင်းယီ)ခေတ္တ-တိုကျို(ဂျပန်)-Mrs NAKANO HIKARUတိုကျို(ဂျပန်)၊ ဦးနန္ဒမင်း-ဒေါ်စပယ်မြင့်အောင် (နန်းယိင်း)(THAI DONOGENGEN Co.,Ltd.၊ မြန်မာပြည်ကိုယ်စားလှယ်)တို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်းသုတခန့်(TTC)၊ မပွင့်နေခြည်မင်း(ICEC)၊ မောင်ပိုင်ဇွဲသန့်(TTC)၊ MIO-CHAN (တိုကျိုဂျပန်)တို့၏ချစ်လှစွာသောအဘိုးသည် ၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြင့်အောင်(ငွေဇင်ယော်)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ်(၉)၊ (၆)မိုင်ခွဲ၊ ပြည်လမ်းနေ (ငွေဇင်ယော် ဦးကြင်-ဒေါ်မြကြည်၊ ဒေါ်စောညွန့်)တို့၏သားကြီး၊ ကျိုင်းတုံမြို့နေ (ဦးစိုင်းမုန့်-ဒေါ်နန်းဝိုး)တို့၏သားသမက်၊ (ဒေါ်တင်ကြည်)၏မောင်၊ (ဦးဌေးအောင်-ဒေါ်အေးမြင့်)၊ ဦးမောင်မောင်ဆွေ-ဒေါ်စန်းမြင့်၊ ဦးတင်ဝင်း-ဒေါက်တာဒေါ်တင်လှိုင်၊ ဦးမြင့်ဆွေ- ဒေါ်သီတာအေး၊ ဦးမိုးအောင်-ဒေါ်ခင်သန်းနွဲ့၊ ဒေါ်ခင်ခင်စု၊ ဦးဖေသန်းကျော် -ဒေါ်ညွန့်၊ ဒေါက်တာစုံဟန်-ဒေါ်တင်တင်ထွေး၊ ဦးကျော်ဝင်း-ဒေါ်ခင်စန်းဝင်း၊ (ဦးအောင်အောင်)-ဒေါ်ခင်ဝင်းမာ၊ ဦးထွန်းထွန်းနိုင်-ဒေါ်သန္တာတို့၏ချစ်လှစွာသောအစ်ကိုကြီး၊ [ဒေါ်နန်းစမ်ဖောင်း(ခ) ဒေါ်မဂ္ဂီမောင်း]၏ချစ်လှစွာသောခင်ပွန်းသည် ၁၂-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်အမာ
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ရွှေဝါထွန်း(၁)လမ်း၊ အမှတ်(၁၇၃)နေ(ဦးဘ-ဒေါ်ဘီ)တို့၏သမီး၊ ဦးကိုကိုလေး၏ဇနီး၊ ဦးမောင်မောင်ဇော်လေး-ဒေါ်နီနီကျင်၊ ဦးလှထွဋ်လေး-ဒေါ်အေးမြင့်ရီ၊ ဦးမောင်မောင်နိုင်လေး၊ ဒေါ်မြတ်မြတ်ချိုလေး၊ ဒေါ်ဝါဝါချိုလေးတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်အမာသည် ၁၃-၃-၂၀၁၄ရက် နံနက် ၅း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၃-၂၀၁၄(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်စောမြိုင်(ပုလော)
အသက်(၈၉)နှစ်
အသင်းဝင်အမှတ်-၅၉၇

တနင်္သာရီတိုင်းဒေသကြီးပုလောမြို့၊ အမှတ် (၃)ရပ်ကွက်၊ ဗထူးလမ်းနေ (ဦးလှဝင်း)၏ ဇနီးသည် ၁၃-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှပု လောမြို့သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

ကျိုင်းတုံအသင်း(ရန်ကုန်)
ဦးမြင့်အောင်(ငွေဇင်ယော်)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊၁၁-ရပ်ကွက်၊ အမှတ်-၉၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်းနေ (အသင်းဝင် ဒေါ်နန်းစမ်ဖောင်း) ၏ ခင်ပွန်း၊ အသင်းဝင် ဒေါ်နန်းကိန်ခမ်း၏အစ်ကို၊ ဦးနန္ဒာမင်း-ဒေါ်စပယ်မြင့်အောင် (နန်းယိင်း)တို့၏ ချစ်လှစွာသောဖခင် အသင်းဝင် ကန်တော့ခံပုဂ္ဂိုလ် ဦးမြင့်အောင်သည် ၁၂-၃-၂၀၁၄ရက် ည၈း၃၀နာရီတွင် မဟာမြိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၄ (သောကြာနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင် အသင်းသူ၊အသင်းသားများ အားလုံး လိုက်ပါ ပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ [၁၈-၃-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် အကြောင်းကြားအပ်ပါသည်။]

အလုပ်အမှုဆောင်အဖွဲ့

ဦးသန်းဌေး(ခ)ဦးဖိုးထောင်
အသက်(၆၁)နှစ်
M.P.P.E(ငြိမ်း)
(မအူပင်)

မအူပင်မြို့၊မင်းလမ်း၊အမှတ်(၁၂၅)နေ(ဦးလှတင်-ဒေါ်အုံး)အောင်စကြာပံနှိပ်တိုက်တို့၏သား၊ (ဦးဟုန်တင်)-ဒေါ်စိန်ရောင်တို့၏သားသမက်၊ ဒေါ်ဌေးဌေး(OK-ကွန်ပျူတာနှင့်မိတ္တူ)၏ခင်ပွန်း၊ ကိုဖြိုးသက်ပိုင်-မမြတ်မြတ်ကိုကြီး၊ မမြတ်ဆုမွန်၊ မောင်အောင်ခန့်၊ မောင်မျိုးသက်နိုင်တို့၏ဖခင်၊ မောင်ကောင်းခန့်စံ၏အဘိုးသည်၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးထွန်းစာ(သိုင်းဆရာကြီး)
အသက်(၉၁)နှစ်
ကြို့ပင်ကောက်

ကြို့ပင်ကောက်မြို့နေ(ဦးအုန်း-ဒေါ်ဓမြင့်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၂၅၃)နေ ဒေါ်သန်းစိန်၏ခင်ပွန်း၊ ဒေါ်သီသီဝင်း-(ဦးကျော်ကျော်နိုင်း)၊ ဦးစိုးအောင်-ဒေါ်ဝင်းဝင်းအေး၊ ဒေါ်သိန်းသိန်းဝင်း-ဦးကျော်ညွန့်၊ ဦးချစ်ထွန်း-ဒေါ်တင်တင်နွယ်၊ ဦးတိုးအောင်-ဒေါ်ကြူကြူအေး၊ ဦးအောင်စိုး-ဒေါ်ထူးထူးအောင်တို့၏ဖခင်၊ မြေး ၁၉ယောက်၊ မြစ်ကိုးယောက်တို့၏ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၄(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့နှင့် တပည့်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၄(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်အမြင့်(ခ)ဒေါ်မြင့်မြင့်
အသက်(၉၁)နှစ်
(ဥက္ကံ)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်(၈)နေ တရားပြ ဆရာကြီး (ဦးကျော်စိန်) - တရားပြ ဆရာမကြီး (ဒေါ်စော)တို့၏သမီး၊ (ဒေါ်ခင်ခင်ဝင်း)၏ အစ်မ၊ ဦးကျော်စော ILBC-ဒေါ်မေယု(ခ)ဒေါ်ခင်စန်းယု၊ Captain ဦးဝေလင်း(Al Mataf Shipping)-ဒေါ်သန်းသန်းနွယ်တို့၏ မိခင်၊ မဖူးပွင့်သင်း (စီးပွားရေးတက္ကသိုလ်)၊ မောင်ညဏ်ဝင်းလင်း၊ မောင်ထက်ဝေယံလင်း[နဝမတန်း-B၊ အထက(၁)ဒဂုံ]တို့၏ အဘွားသည် ၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည ၇း၅၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၄ (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပန်းပင်ကုန်းကျောင်းတိုက်ဆရာတော်
ဘဒ္ဒန္တဥတ္တရ
သိက္ခာတော်(၆၀)၊ သက်တော်(၈၀)
သာသနဓဇဓမ္မာစရိယ
ရန်ကုန်တိုင်းသံဃနာယက(ဟောင်း)
တိုင်းသံဃနာယကဩဝါဒါစရိယ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ပန်းပင်ကုန်းကျောင်းတိုက်၏ ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဥတ္တရမဟာထေရ်သည်(၁၃၇၅ခုနှစ်၊ တပေါင်းလဆန်း ၁၃ရက်) ၁၃-၃-၂၀၁၄(ကြာသပတေးနေ့)နံနက် ၆း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ရက်) ၁၇-၃-၂၀၁၄(တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနအခမ်းအနား ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ
ဈာပနကျင်းပရေးကော်မတီ

ဒေါ်မြသန္တာ(မောင်တော) (၉၆)နှစ်

မောင်တောမြို့၊အမှတ်(၃)ရပ်ကွက်၊ရှိတ္တာရွာနေ(ဦးကာလာ)(ခြံပြင်)၏ဇနီး ဦးစောလှဖြူ(မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)-ဒေါ်ဦးစိန်နု၊ဒေါ်မစောမြ(မူ/ပြ-ငြိမ်း)၊(ဦးမောင်စောမြ)-(ဒေါ်ခင်စောနု)(အလပြ)၊ [ဒေါ်လှစောခင်-ဦးကျော်သိန်း(မြန်မာ့ရေနံ-ငြိမ်း)ဒေါ်လှစောညွန့်(အလပြ)-ဦးဘလှိုင်(မြေစာရင်း-ငြိမ်း)တို့၏မွေးသမိခင်၊ ဦးစောသန်းအောင်(အကောက်ခွန်မှူး)-ဒေါ်နုနုကြည်(အလပြ)၊ဦးစောဝေ(မြို့နယ်ဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်မိုးသီတာ(အထပြ)၊ဒေါ်စောသန္တာ(ဦးစီးအရာရှိပတခ)ဒေါ်နုသန္တာ(အထပြ)၊ ဒေါက်တာခင်သူဇာ(ကျောက်တော်ဆေးရုံ)-ဦးဇော်လင်းထွန်း(စင်ကာပူ)၊ဒေါ်သန္တာနွယ်(အလပြ)ဦးကျော်ဇောဦး(စင်ကာပူ)၊ ရွှေဇင်သွယ်-ဗိုလ်ကြီးဦးကျော်ဝေ၊ ဒေါ်လှလှအေး (ဒု-ဦးစီးမှူး၊ပတခ)၊ ဒေါက်တာခင်မြမြကျော်(ဖေယျာ သီရိဆေးရုံ)-ဗိုလ်ကြီးသန်းနိုင်၊ဒေါ်ခင်မိမိသိန်း(ကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်)၊မောင်အောင်မင်းခိုင်(ကမ္ဘောဇဘဏ်)-မတင်တင်ခိုင်(ကျေးလက်ဦးစီးဌာန)၊မစိုးစန္ဒီလင်း(Asst.Admi Officer,Seeds Asia, Japan)၊ မောင်ဇော်မင်းထွန်း(B.E,Aero)၊ မအေမီခိုင်(ကမ္ဘောဇဘဏ်)၊ မောင်မြတ်ဟိန်းလင်း (2nd Year,EC)တို့၏ ချစ်လှစွာသော အဘောင်ရှင်၊မြစ်ခုနစ်ယောက်တို့၏ အဖီးရှင်သည်၁၁-၃-၂၀၁၄ရက် ညနေ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၄ရက် မွန်းလွဲ၂နာရီတွင် စစ်တွေမြို့၊ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်သိန်း(ပန်းတနော်) (၈၈)နှစ်

ပန်းတနော်မြို့နေ(ရဲဝန်ထောက်ဦးဘဖေ-ဒေါ်စိန်ခင်)တို့၏သမီး၊ အမိန့်တော်ရရှေ့နေ ဦးဘိုးမှူး-ဒေါ်ခင်စိန်)တို့၏သမီးချွေးမ၊[ဦးစိုးမောင်(အုပ်ချုပ်ရေးအရာရှိ-ငြိမ်း၊ ဆေးဘက်ပညာသည်သိပ္ပံ)]၏ ဇနီး၊(ဦးဝင်းလှိုင်-တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်အေးနိုင်၊ဦးဌေးမြင့်(လ/ထမော်ကွန်းထိန်းဗုဒ္ဓတက္ကသိုလ်(စွယ်တော်)-ဒေါ်ခင်ဝင်းမြင့်(ထ-၁၊ကြည့်မြင်တိုင်)၊[ဦးသိန်းဇော်-ကကဌေ(C.M.A)]-ဒေါ်ခင်စောဝင်း၊ ဒေါ်မြမြစိုး(ထ-၃၊ကြည့်မြင်တိုင်)၊ ဦးအောင်မြင့်(GM Grandwynn Co.,Ltd.)-ဒေါ်တင်တင်လှ၊ ဒေါ်တင်တင်မြင့်တို့၏ချစ်လှစွာသောမိခင်၊မြေး ၁၀ယောက်တို့၏ အဘွား ဒေါ်ခင်သိန်းသည် ၁၂-၃-၂၀၁၄ရက် ညနေ၅း၃၀နာရီတွင်အမှတ် (၁၆)၊ ကသစ်လမ်း၊သီတာရပ်ကွက်၊ကြည့်မြင်တိုင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၄ (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်(ကျောင်းကုန်း) (၈၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ကျောင်းကုန်းမြို့နေ(ဦးထွန်းငွေ-ဒေါ်စံညွန့်)တို့၏ သမီး၊(ဦးမောင်ကံ)၏ဇနီး၊ (ဦးကျော်ခင်-ဒေါ်သိန်းကြည်)တို့၏ညီမ၊ ဦးသောင်း၏အစ်မ၊ဒေါ်စန်းစန်းမြင့်၊(ကိုသန့်ဇော်ငြိမ်း)၊ဦးကိုကိုလေး-ဒေါ်ခင်မြငြိမ်း၊ဒေါ်ခင်မြအေး၊ဦးဆေးနိုင်-ဒေါ်ခင်မိုးမိုးစမ်း၊ဦးလင်းထိန်မြင့်တို့၏မိခင်ကြီး၊ မသင်းသင်းခိုင်၊ မသာ ရမြလေး၊ မောင်ဇွဲဆက်၊ မောင်မင်းသစ်တို့၏အဘွားသည် ၁၃-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၀၀း၂၅နာရီတွင် ကျောင်းကုန်းမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၄(စနေနေ့) မွန်းတည့်၁၂နာရီတွင် ကျောင်းကုန်းမြို့ ကြို့ကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီထိရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် အမှတ်(၆)၊ ဆေးရုံလမ်း၊အမှတ်(၂)ရပ်ကွက်၊ ကျောင်းကုန်းမြို့နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမြင့်အောင်(ငွေဇင်ယော်)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ခြောက်မိုင်၊ ပြည်လမ်း၊ အမှတ်(၉)နေ(ငွေဇင်ယော် ဦးကြင်-ဒေါ်မြကြည်)တို့၏သား၊ (ဦးဘလတ်-ဒေါ်ဒေါ်သိန်း) တို့၏သားသမက်၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၅၉/၆၀)နေ(ဒေါ်ခင်ခင်လတ်)၏ခင်ပွန်း၊ ဦးတင်အောင်ကျော်(ရွှေကျင်ဆေးတိုက်)-ဒေါ်စောယုမေ၊ (ဦးထင်အောင်ကျော်)၊ (ဒေါက်တာထိန်လင်းအောင်)တို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၁၂-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့)ည ၈း၂၀နာရီတွင် မဟာမြိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၄-၃-၂၀၁၄(သောကြာနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်လင်းမေ (၈၃)နှစ်
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ငြိမ်း)

ရန်ကုန်မြို့နေ(ဦးမောင်ကြီး-ဒေါ်မာသာ)တို့၏သမီး၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊(၁၁)ရပ်ကွက်၊ရာဇသင်္ကြန်(၆)လမ်း၊အမှတ် (၂၅၁)နေ ဦးအေးဖေ၏ဇနီး၊ဦးမြင့်ဇော်-ဒေါ်သွင်သွင်အေး(Perth, Au)၊ဦးသောင်းမြင့်-ဒေါ်မိမိအေး၊ ဦးဇော်လင်းအေး-ဒေါ်ခင်ခင်လေး၊Mr John Young-ဒေါ်ဇင်မာအေး(Perth,Au)၊ ဦးမျိုးကြည်(ခ)ကိုရိုး-ဒေါ်ဝင်းမာအေး(Sakura ဆေးရုံ)၊ဦးဝင်းအောင်ဇော်-ဒေါ်သက်မာအေး(Myanmar DHL)တို့၏မိခင်၊မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၃-၃-၂၀၁၄(ကြာသပတေးနေ့)နံနက် ၄နာရီတွင်နေအိမ်၌ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၁၅-၃-၂၀၁၄(စနေနေ့)နံနက် ၁၀နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီးဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

တောင်ငူမြို့ မြို့မဈေးမီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးခဲ့သောဆိုင်ခန်းပိုင်ရှင်များအား ယာယီဈေးဆိုင်ခန်းများဆောက်လုပ်နိုင်ရန် ပြည်ထောင်စု၏သီးသန့်ရန်ပုံငွေမှ ငွေကျပ် သန်း ၂၀၀ ကူညီမည်

နေပြည်တော် မတ် ၁၃

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော ၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲမှုကိစ္စများကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

သီးသန့်ရန်ပုံငွေမှသုံးစွဲရခြင်းမှာ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထပ်မံလိုအပ်သဖြင့် ငွေကျပ် ၁၀၇ ဒသမ ၁၀၄ သန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း ပဲခူး-စစ်တောင်းတူးမြောင်း ပြန်လည်တူးဖော်ရန်နှင့် တူးမြောင်းတာပုံစံကျပြုပြင်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပထမဦးစားပေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ငွေကျပ် ၁၁၂၅၀ သန်း၊ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်း ဆည်မြောင်း၊ တာတမံ၊ ရေကာတာများအား လာမည့်မိုးရာသီတွင် လုံခြုံစိတ်ချမှုရှိစေရေး ပထမဦးစားပေးလုပ်ငန်းအဖြစ် "ပ" ကွေ့တာကို ပိုမိုတောင့်တင်းခိုင်မာအောင် ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၆၈ ဒသမ ၈ သန်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ထီးလှိုင်အနောက်ရွာအနီးရှိ ထီးလှိုင်ကန်သည် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၅-၂၉ ရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျိုးပေါက်ပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင်နိုင်ရန် ငွေကျပ် သန်း ၂၀၀၀၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် အနောက်ခြမ်း ဇဂျမ်း- ကန်မြဲနယ်မြေတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် Deep Well (၈)တွင်းတူးခြင်းနှင့် ရေလှောင်ကန်များ တည်ဆောက်ခြင်းအတွက် ငွေကျပ် သန်း ၃၉၀၊ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်တွင် စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများအနက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းသုံးခု ဆောင်ရွက်ခြင်းအတွက် **စာမျက်နှာ ၇ ကော်လံ ၁ သို့**

အမျိုးသားလွှတ်တော်အစည်းအဝေး

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ကို လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြု

နေပြည်တော် မတ် ၁၃

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၏ **"ကျိုင်းတုံမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က မြို့နယ်ဘဏ်ခွဲအသစ်တစ်ခု တိုးချဲ့ဖွင့်လှစ်ရန်အတွက် မြို့နယ်ဘဏ်ခွဲ ဝန်ထမ်းဖွဲ့စည်းပုံရရှိရန်ဆောင်ရွက်ခြင်း၊ ဘဏ်ခွဲရုံးအဆောက်အအုံ ဆောက်လုပ်ရန်အတွက် မြေနေရာရရှိရန်ဆောင်ရွက်ခြင်း၊ ရုံးအဆောက်အအုံ ဆောက်လုပ်ရန်နှင့် ပရိဘောဂများအတွက် မီရာဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်ရန်ပုံငွေ (ငွေလုံးငွေရင်း) တောင်းခံခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ဘဏ်ခွဲအသစ်ဖွင့်လှစ်ခွင့်ပြုချက်လျှောက်ထားခြင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ချေးငွေစိစစ်ရေးအဖွဲ့များဖွဲ့စည်းခြင်းနှင့် တောင်သူတစ်ဦးချင်း အဖွဲ့ဝင်သစ်စာရင်းဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကျိုင်းတုံမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဖွင့်လှစ်နိုင်ရေးအတွက် ဖော်ပြပါလုပ်ငန်းစဉ်အဆင့်ဆင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ပြီးသည့်ကာလတွင် ကျိုင်းတုံမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအသစ် ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် **အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်းက ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သော ဥပဒေကြမ်း၏ အခန်း(၁)၊ ပုဒ်မ ၂(ဇ)တွင် ပြည်တွင်းအသင်းအဖွဲ့ဆိုသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးနှင့်အညီ ရည်ရွယ်ချက်တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုအတွက်သော်လည်းကောင်း၊ အဖွဲ့ဝင်များ၏ ဘုံအကျိုးစီးပွားအတွက်သော် လည်းကောင်း နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော၊ လူအများ စုပေါင်းဖွဲ့စည်းထားသည့် အကျိုးအမြတ်မယူသော ပြည်တွင်းလူမှုရေးအသင်းအဖွဲ့ကိုဆိုသည်ဟု **စာမျက်နှာ ၇ ကော်လံ ၁ သို့**

မလေးရှားအသင်း၊ ဆီရီဗိုအိုဆာကာအသင်းတို့နှင့် မြန်မာအသင်းခြေစမ်းပွဲကစားမည်

ရန်ကုန် မတ် ၁၃

မော်လ်ဒိုက်နိုင်ငံတွင် မေလအတွင်း AFC Challenge Cup 2014 နောက်ဆုံးအဆင့်ပွဲစဉ်များ သွားရောက်ယှဉ်ပြိုင်ကစားရန်ရှိနေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် မလေးရှားလက်ရွေးစင်အသင်း၊ ဂျပန် ဂျေလိဂ်ကလပ် ဆီရီဇိုအိုဆာကာ အသင်းများနှင့် ချစ်ကြည်ရေးခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဆက်သွယ်ညှိနှိုင်းမှုအရ မလေးရှားလက်ရွေးစင်အသင်းသည် မေ ၆ ရက်တွင်လည်းကောင်း၊ ဂျေလိဂ်ကလပ် ဆီရီဇိုအိုဆာကာအသင်းသည်လည်း ဇွန် ၂၈ ရက်တွင်လည်းကောင်း ရန်ကုန်မြို့၌ ခြေစမ်းပွဲကစားမည်ဖြစ်ပြီး **စာမျက်နှာ ၉ ကော်လံ ၇ သို့**

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ သန်လျင်မြို့သို့လာရောက်လေ့လာ

ရန်ကုန် မတ် ၁၃

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များသည် မြန်မာနိုင်ငံရှိ စိတ်ဝင်စားသော တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအား တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့များဖြင့် သော်လည်းကောင်း လာရောက်လေ့လာလျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့သို့ မတ် ၁၂ ရက် နံနက် ၉ နာရီတွင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ ပျော်ရွှင်စွာ အဖွဲ့လိုက်ဆိုက်ကားများစီး၍ မြို့မဈေးအနီး လှည့်လည်လေ့လာနေသည်ကို တွေ့မြင်ရသည်။ **(ဓာတ်ပုံ)**

အဆိုပါ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များသည် သန်လျင်မြို့သို့ လာရောက်ကြပြီး အနေးယာဉ်ဆိုက်ကား၊ မြင်းလှည်းများစီးကာ လှည့်လည်လေ့လာကြသည်။ ယခုလို နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့လာစဉ် အနေးယာဉ်ဆိုက်ကားလုပ်သားကြီးများ အနေဖြင့် **စာမျက်နှာ ၉ ကော်လံ ၇ သို့**

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် (၁၆) ရက်သာ လိုတော့သည်



စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၃)(၃၄)(၃၅)(၃၆)(၃၇) အာစရိယပူဇော်ကန်တော့ပွဲ

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၃)(၃၄)(၃၅)(၃၆)(၃၇)တို့ရှိ သင်တန်းသားများကို ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား တပည့်များမှပူဇော်ကန်တော့ခြင်းအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

ကျင်းပမည့်နေ့ရက်	-	၂၀၁၄ခုနှစ်၊ မတ်လ ၂၉ ရက်(စနေနေ့)
ကျင်းပမည့်အချိန်	-	မွန်းလွဲ (၁)နာရီ
ကျင်းပမည့်နေရာ	-	Dolphin Restaurant

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများထံ ဖိတ်စာများပေးပို့ထားပြီးဖြစ်ပါသည်။ ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါရန် ရိုသေလေးစားစွာ ပန်ကြားအပ်ပါသည်။

ညီအစ်ကို သူငယ်ချင်းများမှလည်း အခမ်းအနားသို့မပျက်မကွက်တက်ရောက်ကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ဆက်သွယ်ရန်

၁။ ဦးကျော်သူထိုက်	၀၉-၅၁၁၉၄၀၇	၂။ ဦးမျိုးဆွေ	၀၉-၄၄၈၀၀၀၂၅၀
၃။ ဦးမျိုးခိုင်သိန်း	၀၉-၈၃၀၁၃၄၄	၄။ ဦးဝင်းဟန်ဦး	၀၉-၅၀၀၀၅၄၄
၅။ ဦးဇော်ဝင်းဌေး	၀၉-၈၆၃၆၉၆၉	၆။ ဦးအောင်ကျော်ကျော်	၀၉-၅၁၃၇၂၄၇
၇။ ဦးထွန်းလူ	၀၉-၈၆၃၀၈၉၇	၈။ ဦးရဲဝင်းထွဋ်	၀၉-၈၆၀၁၂၃၅
၉။ ဦးနေဝင်းလှိုင်	၀၉-၅၀၁၅၉၀၀	၁၀။ ဦးကျော်ရဲ	၀၉-၄၅၀၀၄၈၇၉၄



စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၁၄)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို အမေရိကန်ဒေါ်လာ (CIF Yangon) ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	MPPE/MCY/CAP/T/4 (2013-2014)	New 7000 Imperial Gallons Capacity Rigid or Semi-Trailor Aircraft Refueller	2 Nos.	USD
(၂)	MPPE/MCY/CAP/T/5 (2013-2014)	Two-Stage Vertical Filter/Water Separator	4 Nos.	USD
(၃)	MPPE/MCY/CAP/T/6 (2013-2014)	400 IGPM Fuel Transfer Centrifugal Pump (Motor Driven) and 300 IGPM Fuel Transfer Centrifugal Pump (Engine Driven)	2 Items (each 2 nos)	USD
(၄)	MPPE/MCY/CAP/T/7 (2013-2014)	Fire Fighting Angus Engine Driven Pump With Trailer Inductor	2 Sets	USD
(၅)	MPPE/MCY/T/2 (2013-2014)	Aviation Fuelling Equipment Spare Parts	75 Items	USD

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၄-၃-၂၀၁၄ ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၈-၄-၂၀၁၄ ရက်

၄။ တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ်၊ ၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

မြေကွက်ဝယ်လိုသည်

တာချီလိတ်တွင်
မြေကွက်ဝယ်လိုသည်
ဖုန်း-၀၉-၁၁၈၃၃၄၅၆



ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၀)၊ မြေကွက်အမှတ်(၂၄၈၁/က) ရရှိသူ ဒေါ်လှမြင့်၊ မြေကွက်အမှတ်(၂၄၈၁/ခ) ရရှိသူ ဦးလှကြည်၊ မြေကွက်အမှတ်(၂၄၈၂/က)ရရှိသူ မသန္တာစိမ်း၊ မြေကွက်အမှတ်(၂၄၈၂/ခ)ရရှိသူ ဒေါ်တင်ရွှေ မြေကွက်အမှတ်(၂၄၈၃/က)ရရှိသူ ဒေါ်စန်းကြည်၊ မြေကွက်အမှတ် (၂၄၈၃/ခ) ရရှိသူ ဦးသန်းစိုး၊ အလျားပေ(၂၀)၊ အနံပေ(၆၀) ရရှိသူတို့ထံမှ ဝယ်ယူထားသူ ဦးစိုးဝင်း (ဘ) ဦးသန်းတင် [၁၂/သဃက(နိုင်)၀၉၂၈၁၂]ကိုင်ဆောင်သူက မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၁၂)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ရောင်းမည်

(၁) လှိုင်သာယာ၊ ရွှေလင်ဗန်းစက်မှုဇုန်အနီး၊ ဝန်ထမ်းကြီးရပ်ကွက် (V.I.P) ကန်ပတ်လမ်း၊ ခြံအကျယ်၈၅×၆၅ပေ၊ အုတ်တံတိုင်းခတ်မြေဖို့ပြီး၊ ၄၅×၁၈ပေ အကျယ်၊ သံဂိုဒေါင်၂ ထပ်ပါ ကွန်ကရစ် ရေစင်ပါ။ (သိန်း၁၁၀၀)

(၂) ပဲခူး၊ ဥဿာမြို့သစ်ဗထူးလမ်း၊ ခြံအကျယ်၁၀၀×၁၃၅ပေ၊ အိမ်၅၀×၂၄ ပေ၊ RC(၂)ထပ်၊ ၄၅×၂၀ ပေ BN (၂)ထပ်၊ ယိုးဒယားပိန္နဲပင်၊ သရက်ပင်၊ သစ်မွှေးပင်၊ သနပ်ခါးပင်၊ အုန်းပင်များပါဝင်သည်။ ရေ၊ မီး၊ ဂရန်ပါခြံတံခါး(၃)ပေါက်ပါဝင်သည်။ (သိန်း-၂၆၀၀)

ဆက်သွယ်ရန်-၀၉-၇၃၁၅၁၄၅၅၊ ၀၉-၄၃၀၁၈၉၁၁၊ ၀၉-၅၀၅၄၇၈၂

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်၊ ၇၁/၈၁၂၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၅၀/က၊ မြေကွက်တည်နေရာအမှတ်(၅၀/က)၊ ကျော်သူ(၂၅)လမ်း၊ (၉)ရပ်ကွက်၊ တ/ဥ၊ (ဦးမြင့်ဝေ) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်ဦးမြင့်ဝေ ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းဝင်း [၁၂/ဥကတ (နိုင်)၀၂၈၈၈၆]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အနုညာတသမာဓိခုံရုံး

ရန်ကုန်မြို့

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ---------------- လျှောက်ထားသူ
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)ဌာနကြီးမှူး၊
ထုတ်လုပ်မှုလုပ်ငန်းများဌာနကြီး)

နှင့်

TAG Co.,Ltd ---------------- လျှောက်ထားခံရသူ
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးသန်းဦး၊ ဥက္ကဋ္ဌ)
အနုညာတသမာဓိခုံရုံးသို့ လာရောက်ရန်အတွက် ဒုတိယအကြိမ်ဆင့်ဆိုစာ

ရက်စွဲ။ ။ ၂၀၁၄ ခုနှစ်၊ မတ်လ ၄ ရက်

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်[၎င်း၏အခွင့်ရကိုယ်စားလှယ်ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)၊ ဌာနကြီးမှူး၊ ထုတ်လုပ်မှုလုပ်ငန်းများဌာနကြီး]နှင့် TAG Co.Ltd (၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးသန်းဦး၊ ဥက္ကဋ္ဌ)တို့အကြားတွင် ၁-၉-၂၀၁၁ ရက်စွဲပါ ပဒုမ္မာဆပ်ပြာစက်ရုံ(ပေါင်မြို့နယ်) ငှားရမ်းခြင်းနှင့် ပဒုမ္မာဆပ်ပြာထုတ်လုပ်ရောင်းချခြင်း နှစ်ဖက်သဘောတူ ကတိစာချုပ်အရ အငြင်းပွားမှုများကို တရားရုံး၏ပြင်ပတွင် နှစ်ဖက်အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ကြသော်လည်း မပြေလည်သောကြောင့် ၃-၄-၂၀၁၃ ရက်တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးဆုံးဖြတ်ချက်အရ အဆိုပါစာချုပ်၏ အပိုဒ်(၁၇)တွင်ပါရှိသော စည်းကမ်းချက်အတိုင်း အငြင်းပွားမှုများကို ၁၉၄၄ ခုနှစ်၊ အနုညာတခုံသမာဓိအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြေရှင်းကြရန် သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ ထို့ကြောင့် ခုံသမာဓိလူကြီးတစ်ဦးစီကို နှစ်ဖက်သဘောတူ ခန့်ထားခဲ့ကြရာ အဆိုပါ ခုံသမာဓိလူကြီးနှစ်ဦးတို့က ၁၅-၇-၂၀၁၃ ရက်တွင် နှစ်ဖက်သဘောတူညီထားသော ရန်ကုန်မြို့၊ ကမ်းနားလမ်း၊ အမှတ်(၅၅/၆၁)ရှိ မြဝတီထရေးဒင်းလီမိတက်၏ မြေညီထပ်ခန်းမ၌ အနုညာတသမာဓိခုံရုံးအဖြစ် စတင်ရုံးထိုင် စစ်ဆေးခဲ့ကြရပါသည်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ်ဖြစ်သော ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)ကို ဥပဒေနှင့်အညီ စတင်စစ်ဆေးခဲ့ရာ ၁၂-၈-၂၀၁၃ ရက်တွင် စစ်ဆေးပြီးစီးခဲ့ပါသည်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဘက်မှ သက်သေ(၁၅)ဦးကို ဆက်လက်စစ်ဆေးရန် တင်ပြထားပါသည်။ (၁၄)ဦးအား စစ်ဆေးခြင်းမလုပ်ရသေးသော အဆင့်ဖြစ်ပါသည်။

၁၉-၈-၂၀၁၃ ရက်တွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ် ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)က အချင်းဖြစ် ပဒုမ္မာဆပ်ပြာစက်ရုံနှင့်လုပ်ငန်းအား ပြန်လည်အပ်နှံရေးဆောင်ရွက်ပေးရန် လျှောက်လွှာတစ်စောင်ကို မြန်မာနိုင်ငံရုံးခွန်တော် အက်ဥပဒေဇယား-၂၊ အမှတ်စဉ်-၁၈ အရ ကျသင့်သော ရုံးခွန်တော်တံဆိပ်ခေါင်းထမ်းဆောင်ခြင်းမရှိဘဲ ကြားဖြတ်လျှောက်ထားခဲ့ပါသည်။ အဆိုပါလျှောက်လွှာအပေါ် TAG Co.Ltd အခွင့်ရကိုယ်စားလှယ်ဦးသန်းဦးက ၂၆-၈-၂၀၁၃ ရက်တွင် ကန့်ကွက်လွှာတင်သွင်းခဲ့ပါသည်။ နှစ်ဖက်လုံးက လျှောက်လဲချက် အသီးသီးတင်သွင်းခဲ့ကြပါသည်။

ထို့နောက်မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏အခွင့်ရကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)၏ လျှောက်လွှာနှင့်ပတ်သက်၍ အနုညာတသမာဓိလူကြီးနှစ်ဦးတို့က ဆုံးဖြတ်ချက်အသီးသီးချမှတ်ခဲ့ရာ အနုညာတသမာဓိလူကြီးဦးကျော်မင်း (B.A, H.G.P, R.L)ကအချင်းဖြစ် ပဒုမ္မာဆပ်ပြာစက်ရုံ(ပေါင်မြို့နယ်)ကို TAG Co.,Ltd က ၇-၁၁-၂၀၁၃ ရက်တွင် နောက်ဆုံးထား၍ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ လက်ဝယ်သို့ပြန်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ သို့သော် အနုညာတခုံသမာဓိလူကြီး ဦးမောင်မောင်အုန်းမြိုင်(B.Sc,R.L)က အမှုနှင့်တကယ်ပေါ်ပေါက်လျက်ရှိသော ဥပဒေအချက်များနှင့် အကြောင်းချင်းရာများအရ နှစ်ဖက်သက်သေခံချက်များနှင့် နှစ်ဖက်မှတင်ပြသောသက်သေခံ စာရွက်စာတမ်းများကို ပြည့်စုံစွာစစ်ဆေးပြီးမှသာဆုံးဖြတ်သင့်သော ကိစ္စဖြစ်ကြောင်း လေးနက်စွာ ယုံကြည်သဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)၏ လျှောက်လွှာကိုပလပ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ်ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)သည် နှစ်ဖက်သဘောတူစာချုပ်၏ အပိုဒ်(၁၇)တွင် ပြဋ္ဌာန်းထားသော "ဤသဘောတူစာချုပ်မှ အငြင်းပွားမှုပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက်ပြေလည်စွာဖြေရှင်းကြရမည်။ ထိုသို့ ဖြေရှင်းမရနိုင်ပါက ရန်ကုန်မြို့တွင် အနုညာတညှိနှိုင်းမှုဖြင့် အနုညာတခုံသမာဓိတစ်ဦးစီကို စာချုပ်အဖွဲ့ဝင်တစ်ဖက်စီက ခန့်ထားပြီး၊ ယင်းခုံသမာဓိနှစ်ဦးက ထိုအငြင်းပွားမှုကို ဖြေရှင်းရမည်။ ထိုသို့ဖြေရှင်းပါလျက် အငြင်းပွားမှုသည်မပြီးပြတ်ပါက ခုံသမာဓိနှစ်ဦးက သမာဓိလူကြီးတစ်ဦး(UMPIRE)ကို နှစ်ဦးနှစ်ဖက်သဘောတူရွေးချယ်၍ ယင်း UMPIRE က အဆိုပါအငြင်းပွားမှုအပေါ် အဆုံးအဖြတ်ပေးရမည်။ ခုံသမာဓိလူကြီးနှစ်ဦး၏ အဆုံးအဖြတ်သည်လည်းကောင်း၊ UMPIRE ၏အဆုံးအဖြတ်သည်လည်းကောင်း၊ အငြင်းပွားမှုနှင့်ပတ်သက်သော စာချုပ်ဝင်နှစ်ဦးနှစ်ဖက်တို့အပေါ် အပြီးသတ်အကျိုးသက်ရောက်မှုဖြစ်စေရမည်။ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ၁၉၄၄ ခုနှစ်၊ မြန်မာနိုင်ငံအနုညာတစီရင်ဆုံးဖြတ်ခြင်း အက်ဥပဒေ(မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၄/၁၉၄၄)နှင့် နောက်ပိုင်းထုတ်ပြန်သော တည်ဆဲပြင်ဆင်ချက်ဥပဒေများနှင့်အညီ ဖြစ်စေရမည်။ ယင်းအငြင်းပွားမှုအပေါ် ခုံသမာဓိနည်းဖြင့် ဖြေရှင်းဆောင်ရွက်မှု ကုန်ကျစရိတ်အဝဝကို ရှုံးသည့်ဘက်မှကျခံရမည်"ဟု တိကျစွာဖော်ပြထားသော စည်းကမ်းချက်ကိုမလိုက်နာခဲ့ပါ။

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ်ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)သည် နှစ်ဦးသဘောတူစာချုပ်၏ အပိုဒ်(၁၇)ပါ စည်းကမ်းချက်အရ (UMPIRE)တစ်ဦးကို ခုံသမာဓိလူကြီးနှစ်ဦးတို့က ရွေးချယ်ခန့်ထားရန် စီစဉ်ဆောင်ရွက်ခြင်းမရှိဘဲ ခုံသမာဓိလူကြီးဦးမောင်မောင်အုန်းမြိုင်၏ ဆုံးဖြတ်ချက်ကိုပြန်လည်သုံးသပ်ပြင်ဆင်ပေးရန် လျှောက်လွှာကို ၁၁-၁၁-၂၀၁၃ ရက်တွင် တင်သွင်းခဲ့ရာ ၁၈-၁၁-၂၀၁၃ ရက်တွင် TAG Co.Ltd.၏ အခွင့်ရကိုယ်စားလှယ်ဦးသန်းဦးက ကန့်ကွက်လွှာတင်သွင်းခဲ့ပါသည်။ ယင်းလျှောက်ထားချက်ကိုပလပ်ကြောင်း ခုံသမာဓိလူကြီးဦးမောင်မောင်အုန်းမြိုင်က ၂-၁၂-၂၀၁၃ ရက်တွင် ဆုံးဖြတ်ခဲ့ပါသည်။ ထိုကာလအကြားတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဘက်မှ တင်ပြသော ဗိုလ်မှူးချုပ်အေးသိုက်(ငြိမ်း) (ဒါရိုက်တာ၊ စာရင်းနှင့်လုပ်ငန်းစစ်ဆေးရေးဌာန)နှင့် ဒုတိယဗိုလ်မှူးကြီးစန်းမြင့်(ငြိမ်း)ပဒုမ္မာဆပ်ပြာစက်ရုံ(ပေါင်မြို့နယ်)၏ စက်ရုံမှူးတို့အား စစ်ဆေးခဲ့ရာ TAG Co.,Ltd ၏ရှေ့နေက ဒုတိယဗိုလ်မှူးကြီးစန်းမြင့်(ငြိမ်း)အား ပြန်လည်စစ်မေးနေဆဲ အဆင့်ဖြစ်သော ၁၃-၁-၂၀၁၄ ရက်တွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ်ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့် ၎င်း၏ တရားလွှတ်တော်ရှေ့နေဦးလှကြည်တို့က လက်မှတ်ရေးထိုးပြီး အနုညာတခုံသမာဓိလူကြီး ဦးမောင်မောင်အုန်းမြိုင်အပေါ် အယုံအကြည်မရှိကြောင်းနှင့် ဤအငြင်းပွားမှုကို အနုညာတခုံရုံးဖြင့် စစ်ဆေးခြင်းအား ပယ်ဖျက်ရန် အဆိုပြုစာကို အနုညာတသမာဓိအဖွဲ့ခုံရုံးသို့ တင်သွင်းခဲ့ပါသည်။ ထိုသို့ အဆိုပြုစာကို တင်သွင်းပြီးသည်နှင့်တစ်ပြိုင်နက် အနုညာတခုံသမာဓိလူကြီးတစ်ဦးဖြစ်သူ ဦးကျော်မင်းက ၎င်း၏လွတ်လပ်သောကိုယ်ပိုင်စိတ်ဆန္ဒဖြင့် သူသည် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တင်သွင်းသော အနုညာတခုံရုံးဖျက်သိမ်းခြင်းကို ထောက်ခံပါကြောင်း၊ ယနေ့မှစ၍ အနုညာတခုံသမာဓိလူကြီးအဖြစ်မှ နုတ်ထွက်ကြောင်းကို ခုံရုံးရှေ့တွင်ကြေညာပြီး နုတ်ထွက်သွားခဲ့ပါသည်။ ထို့ကြောင့် အနုညာတခုံသမာဓိလူကြီးအသစ်တစ်ဦးကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဘက်မှ အချိန်မီခန့်ထားရန် အနုညာတခုံသမာဓိလူကြီးဦးမောင်မောင်အုန်းမြိုင်က ခုံရုံးရှေ့တွင် ညွှန်ကြားခဲ့ပါသည်။

ထို့နောက် ၃-၂-၂၀၁၄ ရက် ရုံးချိန်းနေ့တွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ်ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့် ၎င်း၏တရားလွှတ်တော်ရှေ့နေ ဦးလှကြည်တို့သည် ခုံရုံးရှေ့သို့ မလာရောက်ဘဲ ခွင့်မဲ့ပျက်ကွက်ခဲ့ကြပါသည်။ ၃-၂-၂၀၁၄ ရက် ရုံးချိန်းနေ့တွင် TAG Co.,Ltd ၏ရှေ့နေက ၁၃-၁-၂၀၁၄ ရက်စွဲပါ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အဆိုပြုလွှာအပေါ် ကန့်ကွက်စာကို တင်သွင်းခဲ့ပါသည်။ တစ်ဖန် ၁၀-၂-၂၀၁၄ ရက်တွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ် ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့် ၎င်း၏တရားလွှတ်တော်ရှေ့နေ ဦးလှကြည်တို့သည် ထပ်မံ၍ခွင့်မဲ့ပျက်ကွက်ကြရုံသာမကဘဲ ခုံရုံးပျက်ပြားစေရန် ရည်ရွယ်ပြီးခုံရုံးအဖြစ် အသုံးပြုနေသော စားပွဲများ၊ ကုလားထိုင်များ၊ ပရိဘောဂပစ္စည်းများကို ခန်းမအတွင်းမှ ကြိုတင်ဖယ်ရှားထားခဲ့ကြပါသည်။ ထိုနေ့တွင် TAG Co.,Ltd၏ ရှေ့နေက ကန့်ကွက်ကြောင်း လျှောက်လဲချက်တင်သွင်းခဲ့ပါသည်။

၅-၂-၂၀၁၄ ရက်တွင် TAG Co.,Ltd ဘက်မှ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ်ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)ထံသို့ လစ်လပ်နေသော အနုညာတခုံသမာဓိလူကြီးတစ်ဦး၏နေရာတွင် အသစ်ခန့်ထားရန် အကြောင်းကြားစာကို ၁၉၄၄ခုနှစ် အနုညာတခုံသမာဓိအက်ဥပဒေပုဒ်မ ၈(ခ)(ဂ)နှင့် ပုဒ်မ ၉(က)(ခ)အရ စာတိုက်မှတ်ပုံတင်စာဖြင့် ပေးပို့ခဲ့ပါသည်။

၁၀-၂-၂၀၁၄ ရက် ရုံးချိန်းနေ့တွင် အဆိုပါမိတ္တူကို TAG Co.,Ltd၏ ရှေ့နေမှ ခုံရုံးသို့တင်သွင်းခဲ့ပါသည်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဘက်မှအမှုတွင် မပါဝင်သောလူကြုံဖြင့်၊ အနုညာတခုံအဖွဲ့အား ဖျက်သိမ်းကြောင်းကြေညာချက်ထုတ်ပြန်ခြင်းစာကို ၇-၂-၂၀၁၄ရက်စွဲဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ်ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့် ၎င်း၏တရားလွှတ်တော်ရှေ့နေ ဦးလှကြည်တို့က လက်မှတ်ရေးထိုးလျက် အနုညာတခုံသမာဓိအဖွဲ့သို့ လိပ်မူပြီး ပေးပို့ခဲ့ပါသည်။ ယင်းစာ၏ဆိုလိုရင်းမှာ ၁၉၄၄ ခုနှစ် အနုညာတခုံသမာဓိအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် နှစ်ဦးသဘောတူစာချုပ် အပိုဒ်(၁၇)ပါ ပြဋ္ဌာန်းချက်များအရ ဖွဲ့စည်းထားခဲ့သော တည်ဆဲအနုညာတခုံသမာဓိအဖွဲ့ကို တစ်ဖက်သတ်ဖျက်သိမ်းကြောင်း ရည်ရွယ်ရေးသားထားခြင်းဖြစ်ပါသည်။ ဤသို့တစ်ဖက်သတ်ဖျက်သိမ်းရန် တည်ဆဲဥပဒေခွင့်မပြုပါ။ ယင်းဥပဒေ၏ပုဒ်မ ၅တွင် "တရားရုံး၏ခွင့်ပြုချက်ရရှိသည့်အခါမှအပ၊ ခန့်ထားပြီးသော ခုံသမာဓိလူကြီး(သို့မဟုတ်) UMPIRE ၏ အခွင့်အာဏာကို ပြန်လည်ရုပ်သိမ်းခြင်းမပြုရ"ဟု ပြဋ္ဌာန်းထားသည်။

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ် ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့် ၎င်း၏တရားလွှတ်တော်ရှေ့နေဦးလှကြည်တို့က ခုံသမာဓိအဖွဲ့သို့ တင်သွင်းခဲ့သော ၁၃-၁-၂၀၁၄ ရက်စွဲပါ ခုံရုံးဖျက်သိမ်းရန် အဆိုပြုစာနှင့် ၇-၂-၂၀၁၄ ရက်စွဲပါ အနုညာတခုံအဖွဲ့အား ဖျက်သိမ်းကြောင်းကြေညာချက်ထုတ်ပြန်ခြင်းစာတို့မှာ ၁၉၄၄ ခုနှစ် အနုညာတခုံသမာဓိအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ တင်သွင်းခဲ့ခြင်းကြောင့် ဥပဒေနှင့်မညီညွတ်၍ အဆိုပါစာနှစ်စောင်ကို အနုညာတခုံသမာဓိလူကြီး ဦးမောင်မောင်အုန်းမြိုင်က ပလပ်ခဲ့ပြီးဖြစ်ကြောင်း သိစေအပ်ပါသည်။

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ် ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့် ၎င်း၏တရားလွှတ်တော်ရှေ့နေဦးလှကြည်တို့မှာ ၃-၂-၂၀၁၄ ရက် ရုံးချိန်းနှင့် ၁၀-၂-၂၀၁၄ ရက် ရုံးချိန်းနေ့များတွင် ခွင့်မဲ့ပျက်ကွက်ခဲ့ကြသောကြောင့် ၁၇-၂-၂၀၁၄ ရက် ရုံးချိန်းတွင် ခုံရုံးရှေ့သို့ ၎င်းတို့ကိုယ်တိုင် ၁၃း၀၀ နာရီ မတိုင်မီ မပျက်မကွက်လာရောက်ကြရန်၊ ၁၀-၂-၂၀၁၄ ရက်စွဲပါ ဆင့်ဆိုစာကို ၁၉၄၄ခုနှစ် အနုညာတခုံသမာဓိအက်ဥပဒေတွင် အပ်နှင်းထားသော စီရင်ပိုင်ခွင့်ကို ကျင့်သုံး၍ ကျွန်ုပ်က လက်မှတ်ရေးထိုးပြီး စာတိုက်မှတ်ပုံတင်စာဖြင့် ပေးပို့ခဲ့ပါသည်။ သို့ပါသော်လည်း လူကြီးမင်းတို့နှစ်ဦးသည် ခုံရုံးရှေ့သို့လာရောက်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့ကြသည့်အပြင် ခုံရုံးတည်ရှိရာခန်းမကို သော့ပိတ်ထားသဖြင့် ခုံသမာဓိလူကြီးနှင့် TAG Co.,Ltd၏ အခွင့်ရကိုယ်စားလှယ် ဦးသန်းဦး၊ ၎င်း၏ရှေ့နေဦးညီညီနှင့် ဒါရိုက်တာဦးသိန်းငွေးနှင့် ဝန်ထမ်းများမှာ ခန်းမ၏အပြင်၌သာ ရပ်နေကြရပါသည်။ ဤလုပ်ရပ်မှာတည်ဆဲ ၁၉၄၄ခုနှစ် အနုညာတခုံသမာဓိအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ပြီး ခုံရုံးကို တမင်ရည်ရွယ်ချက်ဖြင့် ပျက်စီးအောင် ပြုလုပ်ခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ လူကြီးမင်းတို့၏ လုပ်ဆောင်ချက်များမှာ တည်ဆဲ ၁၉၄၄ ခုနှစ် အနုညာတခုံသမာဓိအက်ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော တည်ဆဲအနုညာတခုံသမာဓိရုံးကို ပျက်စီးစေရန် ရည်ရွယ်ခဲ့သော်လည်း ခုံရုံးမှာ ဥပဒေအရ ဆက်လက်တည်မြဲနေကြောင်း အသိပေးအကြောင်းကြားလိုက်သည်။

သို့သော်ခုံသမာဓိလူကြီး ဦးမောင်မောင်အုန်းမြိုင်သည် ထို့နေ့မှာပင် ခုံရုံးကို ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဘိုလိန်းအောင်မင်္ဂလာရပ်ကွက်၊ စံပါယ်လမ်း၊ တိုက်(၃၇/၅)၊ စတုတ္ထထပ်သို့ ချက်ချင်းရွှေ့ပြောင်း၍ ခုံရုံးကို ယာယီဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါတွင် အမြဲတမ်းခုံရုံး၏တည်နေရာကို ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ အနော်ရထာလမ်းမကြီး၊ အမှတ်(၁၂၀)၊ ပထမထပ်၌ တည်ဆဲဥပဒေနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းကို အသိပေးအကြောင်းကြားလိုက်သည်။

၁၀-၂-၂၀၁၄ ရက်စွဲဖြင့် အနုညာတခုံသမာဓိရုံးသို့ လာရောက်ကြရန် ဆင့်ဆိုစာကို ပထမအကြိမ် ပေးပို့ခဲ့သော်လည်း လူကြီးမင်းတို့နှစ်ဦးလုံးသည် အကြောင်းတစ်စုံတစ်ရာပြန်ကြားခြင်းမရှိဘဲ ခွင့်မဲ့ပျက်ကွက်ခဲ့ကြသဖြင့် ဤဒုတိယအကြိမ် ဆင့်ဆိုစာကို ယနေ့ ၂၀၁၄ခုနှစ်၊ မတ်လ ၄ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်ပြီး ကျွန်ုပ်က လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အကယ်၍ ဤဆင့်ဆိုစာတွင် ဖော်ပြသည့် ၁၇-၃-၂၀၁၄ ရက် ရုံးချိန်း ၁၃း၀၀ နာရီတွင် လူကြီးမင်းတို့က ခုံရုံးရှေ့သို့ မလာရောက်ကြဘဲဆက်လက်၍ ပျက်ကွက်နေခဲ့လျှင် လူကြီးမင်းတို့၏ မျက်ကွယ်၌တည်ဆဲဥပဒေနှင့်အညီ တစ်ဖက်သတ်ကြားနာပြီး ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း သိစေလိုက်သည်။

ဦးမောင်မောင်အုန်းမြိုင်(B.Sc,R.L)
အနုညာတခုံသမာဓိလူကြီး

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေလဝန်းလမ်း၊ အမှတ်(၁၅)၊ မြေညီထပ်နှင့်
မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်၊ ရွှေဖြူဘုတာတိုက်တန်း၊ အခန်း(၁)နေ
(ဦးဘိုပန်)-ဒေါ်ရွှေ(ရီရီထွန်းကုန်မာရောင်းဝယ်ရေး)တို့၏
တစ်ဦးတည်းသောသား
ဗိုလ်ကြီးထွန်းဝင်း(ငြိမ်း)-ဒေါ်ရီရီမြတို့၏မောင်

မောင်ထွန်းထွန်းဝင်း

B.Sc (Chemistry) A.G.T.I (Civil)

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၁၁၁)၊ အခန်း(၅)နေ
ဦးသန်းအောင်(လက်ထောက်အင်ဂျင်နီယာ-ငြိမ်း)-ဒေါ်မြင့်မြင့်ကြည်(အထက်တန်းပြ-ငြိမ်း)
တို့၏တစ်ဦးတည်းသောသမီး

မနွယ်နွယ်အောင်

Bachelor of Commerce(Y.I.E),ACCA (UK)
Diploma in Accounting (LCCI-UK)
Diploma in Computerized Accounting (UK)
Accounting Manager (Myanmar Distribution Group Co.,Ltd

တို့၏ ၂၈-၂-၂၀၁၄ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်အနောက်ပိုင်းခရိုင် ဥပဒေအရာရှိ ဦးသန်းဝင်း၊ ၂၈-၂-၂၀၁၄ ရက်တွင် ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၌ မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ၂-၃-၂၀၁၄ရက်တွင် Sedona Hotel (Grand Ballroom)ခန်းမ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ကိုယ်တိုင် ကြွရောက်ချီးမြှင့်ပေးပါသော မဟာသရေစည်သူဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း(ငြိမ်း)၊ မင်္ဂလာလက်ဆောင်မွန်များ ချီးမြှင့်ပေးပါသော အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်နှင့် ဇနီးဒေါ်စုစုကြည်၊ ဗိုလ်မှူးချုပ်ထွန်းသန်း(ငြိမ်း)နှင့်ဇနီးဒေါ်ခင်ဆွေသန်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသောဦးအေးလွင်နှင့် ဇနီးဒေါ်ဝေဝေ(သရဖူအထည်ဆိုင်၊မန္တလေး)၊ မင်္ဂလာပန်းကုံးများဆင်မြန်းပေးပါသော ဦးအောင်မော်သိန်းနှင့်ဇနီးဒေါ်မိုးမြတ်ဝင်း (MD & Director of Myanmar Distribution Co.,Ltd)၊ ဗိုလ်သင်တန်း(၈၅)ကျောင်းဆင်းအရာရှိများနှင့် ဇနီးများ၊ အဝေးမှကြွရောက်ချီးမြှင့်ပေးပါသော မြစ်ကြီးနားမြို့နှင့် မန္တလေးမြို့မှ သူငယ်ချင်းများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဧည့်သည်တော်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မစန္ဒီစုထက်၊ မင်္ဂလာပန်းကုံးဗန်း ကိုင်ဆောင်ပေးပါသော မမြင့်မြတ်မော်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မအေးစန္ဒာကျော်၊ သတို့သားအရံ မောင်ငြိမ်းချမ်းစစ်လင်းမျိုးနှင့် မောင်ကျော်လင်းထွန်း၊ သတို့သမီးအရံ မဖြိုးအိမွန်နှင့် မတိန်ဘိုင်းနန်ဂျာလဲန်၊ မင်္ဂလာအခါတော်ပေး ဒေါ်ရီရီသန့် တေးဂီတအဖွဲ့နှင့်အဆိုတော်များ၊ ဓာတ်ပုံဗီဒီယိုဝဏ္ဏခွာနီး၊ ဝတ်စုံ၊ မိတ်ကပ်နှင့် ကားအလှဆင် လင်းလင်း၊ ပန်းအလှဆင် ကိုဆွေနှင့်မင်္ဂလာအခမ်းအနား ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသော ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထွန်းထွန်းဝင်း-မနွယ်နွယ်အောင်

ဖိတ်ကြားလွှာ
ညီုးမွှူး(ညီုမီး)ကျောင်းတိုက်

ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ ထီဖောင်းကျေးရွာအုပ်စု၊ ညီုးမွှူး(ညီုမီး)ကျေးရွာ ညီုးမွှူး(ညီုမီး)ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောတိဇအား အမှူးထား၍ ညီုးမွှူး(ညီုမီး)ကျေးရွာ ကျောင်းဒါယကာ၊ ဒါယိကာမအပေါင်းတို့က ပင်မကျောင်းတိုက်သစ် ရေစက်ချပွဲနှင့် စုပေါင်းရှင်ပြုရဟန်းခံ အလှူတော်မင်္ဂလာပွဲတော်ကြီးကို ၂၀၁၄ခုနှစ်၊ မတ်လ ၂၀ရက်မှ ၂၃ ရက် (၁၃၇၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ရက်မှ ၈ရက်ထိ) (၄)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ရပ်နီး၊ ရပ်ဝေးနေ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ကျောင်းဒါယကာ၊ ဒါယိကာမများ
ညီုးမွှူး(ညီုမီး)ကျေးရွာ

"Thinyadanar Gold smith & Jewellery Collection"

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-စံပြ၊ မြေကွက်အမှတ်-၃၂၆၊ မြေကွက် တည်နေရာအမှတ်(၃၂၆)၊ (၂)လမ်း၊ စံပြ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ (ဦးသန်းရွှေ၊ ဦးထွန်းရီ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသန်းရွှေ(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်တင်အေး[၁၂/သဃက(နိုင်)၀၅၁၈၃၃]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ထပ်ဆင့်ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကျန်ပူးတွဲအမည်ပေါက် တစ်ဦးဖြစ်သူဦးထွန်းရီတို့ထံမှ အထွေထွေကိုယ်စားလှယ် GP (၇၇၁၄/၂၀၁၃)ရသူ ဦးလှမြင့်(MMN-၅၀၇၉၂၁)နှင့် ဒေါက်တာစိုးလင်းဟန်[၇/ဖမန(နိုင်)၀၉၅၉၅၄]တို့က မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၉၊ မြေကွက်အမှတ် (၅၈၃/က)၊ မြေကွက် တည်နေရာအမှတ်(၅၈၃/က)၊ ဇာနည်(၁၁)လမ်း၊ ၉-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်စောမြိုင်) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စောမြိုင်နှင့် ခင်ပွန်းဦးအုံးမောင် ကွယ်လွန် သဖြင့် ဦးဝင်းမောင်[၁၂/မဂတ(နိုင်)၀၄၄၄၀၁]၊ ဦးစံငွေ[၁၂/ဥကတ(နိုင်)၀၂၃၀၈၂]၊ ဒေါ်ခင်သန်းမြင့် [၁၂/ဥကတ(နိုင်)၀၂၃၆၇၃]၊ ဦးအောင်ကျော် [၁၃/လရန(နိုင်)၁၂၈၂၆၇]တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်ကိုယ်စားလွှဲစာ အမှတ်-၁၀၂၉(၁၀-၁-၁၄)ဖြင့် အထွေထွေကိုယ်စားလှယ်-ဦးအောင်မြင့်[၇/ဒဥန(နိုင်)၀၀၂၄၂၂]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၁၈၄၁ (၂၀-၁-၁၄)ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၀၊ မြေကွက်အမှတ်(၂၄၀/က)၊ မြေကွက် တည်နေရာအမှတ်(၂၄၀/က)၊ (၂၇)လမ်း၊ ၁၀-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်ခင်အေး၊ ဦးစံအေး) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်အေး ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစံအေး[၁၂/ဥကတ(နိုင်)၀၁၈၅၅၇]က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ (၂၀၀၁) ခုနှစ်တွင် ကူးယူခဲ့သော အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံမြေရာဇဝင် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ-၂၅၆၆(၂၀-၂-၁၄)တို့တင်ပြ၍ ကိုယ်စားလှယ်လွှဲစာအမှတ်-၂၅၆၃၂(၁၂-၁၂-၁၃)ဖြင့် လွှဲအပ်ခံရသူအထွေထွေကိုယ်စားလှယ်-ဒေါ်သိန်းသိန်းဦး[၉/ပမန(နိုင်)၀၁၇၁၇၇]က ပါဝါ ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်း သေးကြောင်း ကျမ်းကျိန်လွှာ-၁၁၂၄(၄-၂-၁၄) ဖြင့်ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံ သော အထောက်အထားများတင်ပြ၍ (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသိပေးကြေညာချက်

၇-၃-၂၀၁၄ရက်တွင် ကျင်းပပြုလုပ်သော အင်းလေးဒေသ ဟိုတယ်ဇုန် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၄)ဆုံးဖြတ်ချက်အရ ဦးဝေဖြိုး [၅/မရန(နိုင်)၁၄၇၀၇၇]အားတောင်ကြီး ခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ ဟိုတယ်ဇုန်စီမံကိန်းတွင် မြေနေရာ ချထားပေးခဲ့သည့် (A) ဇုန်အတွင်းရှိအကွက်အမှတ်(B-8)အတွက် ကျသင့်သည့်မြေ တန်ဖိုးငွေကို ၁၁-၄-၂၀၁၄ရက်နောက်ဆုံးထားပြီး အပြေအကျေ ပေးသွင်းရန်နှင့် အချိန်မီပေးသွင်း ခြင်းမပြုပါက အင်းလေးဒေသဟိုတယ်ဇုန်မြေနေရာ လျှောက်ထား သူများလိုက်နာရမည့် စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ပါသဖြင့် လျှောက်လွှာတစ်စောင်လျှင် ကျပ်သိန်း(၅၀၀)နှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ် (Payment Order)တွင်ကြိုတင် ပေးသွင်းထားသည့်ငွေများအား အင်းလေးဒေသ ဟိုတယ်ဇုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဘဏ္ဍာရန်ပုံငွေအဖြစ် ပြောင်းလဲ၍ မြေနေရာချထားခြင်းကိုပယ်ဖျက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

အင်းလေးဒေသဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေး
ဦးစီးကော်မတီ၊ တောင်ကြီးမြို့

အမည်မှန် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အထက(၁)၊ နဝမတန်း(A)မှ မောင်သကြ်န်မိုး၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်နိုင်သိန်းစိန်ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြရတနာမြို့သစ်၊ သစ်ဆိမ့်ကုန်း၊ စံပယ်လမ်း၊ အမှတ်(၁၂၈၁)၊ ဧရိယာအကျယ်အဝန်းပေ(၃၀×၅၀)ရှိ ပါမစ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အဆောက် အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သူဟု အဆိုပြုသူ ဒေါ်ယဉ်မင်းထွေး [၁၂/မဂဒ(နိုင်)၁၀၈၅၇၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြေညာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား များယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေလင်းအောင်(စဉ်-၄၀၁၁၂) **ဦးကျော်ကျော်မျိုး(စဉ်-၂၅၇၄၅)**
အထက်တန်းရှေ့နေများ
အမှတ်(၅၈၇၊ က)၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၃၅၉၉၊ ၀၉-၇၃၂၀၇၅၅၀



ထားဝယ်အသင်း

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဂုဏ်ပူဇော်ပွဲ ဖိတ်ကြားလွှာ

၂၀၁၄ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှချီးမြှင့်သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရသော (၁)ဆရာတော်ဘဒ္ဒန္တဝရဉာဏ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၊ မင်းရပ်ချောင်ပဋ္ဌိပတ္တိသာသနာ့ရိပ်သာ၊ မင်းရပ်ကျေးရွာ၊ လောင်းလုံမြို့နယ်၊ (၂)ဆရာတော် ဘဒ္ဒန္တဇဝန(မဟာသဒ္ဓမ္မဇောတိကဓဇ)၊ စစ်ပြဲကျောင်းတိုက်၊ စစ်ပြဲကျေးရွာ၊ လောင်းလုံမြို့နယ်တို့အား ဂုဏ်ပူဇော်ပွဲနှင့် သီလရှင်ဆရာကြီး ဒေါ်စန္ဒသီရိ (သဒ္ဓမ္မဇောတိကဓဇ) တိုင်းရင်းသားမိဘမဲ့သီလရှင်သင်(အမျိုးသမီး) ပညာရေးကျောင်း၊ ဝဲကျွန်းညောင်ရမ်းရပ်ကွက်၊ ထားဝယ်မြို့အား ဂုဏ်ပြုပွဲအခမ်းအနားကို ၂၀၁၄ခုနှစ်၊ မတ်လ ၁၆ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ဇမ္ဗူရတနာပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အလုံလမ်း၊ အလုံမြို့နယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ၊ ထားဝယ်သူ၊ ထားဝယ်သားများ၊ တပည့်ဒါယကာ၊ ဒါယိကာမများကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲကျင်းပရေးကော်မတီ၊ ထားဝယ်အသင်းဖုန်း-၀၁-၂၂၂၂၁၉

အစ်မတော်စောမွန်လှ နဂါးကိုးကောင်ကုသိုလ်ဖြစ်ဆေးပေးခန်းကြီး ပြီးမြောက်အောင်မြင်ရေးနှိုးဆော်လွှာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်၊ မန္တလေးပြင်ဦးလွင်ကားလမ်းနံဘေးရှိ စောမွန်လှသစ္စာမိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက် နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင် ပရဟိတကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသော ဆရာတော်၊ သံဃာတော်၊ ရှင်သာမဏေ၊ သီလရှင်၊ ယောဂီ၊ ကျောင်းသား/ကျောင်းသူ (၈၅၀)ကျော်နှင့် ကျောင်းပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အို အများပြည်သူများအတွက် နဂါးကိုးကောင်ဆေးပေးခန်းကြီးကို အလျား(၁၀၈)ပေ၊ အနံပေ(၄၀) အာစီကွန်ကရစ်သုံးထပ်ဆောက်လုပ်လျက်ရှိပါသည်။ ဆေးပေးခန်းကြီး ပြီးမြောက်အောင်မြင်ရေးအတွက် အလှူရှင်များ လိုအပ်လျက်ရှိရာ (၁၂)ပေပတ်လည် တစ်ခန်းလျှင် ကျပ်သိန်း(၂၀)နှုန်းဖြင့် မိမိတို့တတ်နိုင်သလောက်ဖြစ်စေ၊ မိမိတို့စေတနာရှိသလောက်ဖြစ်စေ အစ်မတော်စောမွန်လှ၊ မြနန်းနွယ်နှင့် နဂါးမယ်တော်ကြီးတို့၏ ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော် ကုသိုလ်ရှင်များမှ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း - ၀၉-၄၀၂၅၂၁၇၅၅
- ၀၉-၄၀၃၇၀၆၈၆၀
- ၀၉-၄၃၀၇၂၉၁၀

တစ်ဦးတည်း	ဦးကျော်သိန်း[၉/ပမန(နိုင်)၀၀၈၆၀၆]နှင့် ဦးကိုကြီးသည်
ဖြစ်ပါကြောင်း	တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကိုကြီး**



Total Skin Repair

အသားရေအမျိုးမျိုး ပြုပြင်ထိန်းသိမ်းရေး Center

- ဝက်ခြံအမျိုးမျိုး၊ ဆားဝက်ခြံ၊ ဝက်ခြံပုန်း ကုသပေးခြင်း၊
- ဝက်ခြံကြောင့်ဖြစ်ရသော အမာရွတ်၊ ချိုင့်ခွက်နှင့် ဒဏ်ရာအမျိုးမျိုး ပြုပြင်ပေးခြင်း။
- တင်းတိပ်၊ မှဲ့ခြောက်၊ အမည်းစက်၊ အမည်းကွက်၊ ဝက်ခြံကြောင့်ဖြစ်ရသော အမည်းစက်များ ကုသပေးခြင်း။
- မျက်ကွင်းညို၊ မျက်လုံးတစ်ဝိုက် အရေးကြောင်းများနှင့် မျက်အိတ်ဖောင်းပြုပြင်ပေးခြင်း။
- ငါးမျက်စိ၊ အသားပိုများ၊ အဆီစေ့၊ အဆီဖုများ၊ ဖယ်ရှားပေးခြင်း။
- တက်တူးအမျိုးမျိုးဖျက်ပေးခြင်းနှင့် မွေးရာပါအမှတ်၊ မှဲ့အမျိုးမျိုးဖယ်ရှားပေးခြင်း။ (Laser)
- ရင်သားသေးခြင်း၊ ကြီးခြင်း၊ တွဲကျခြင်းတို့ကို ပြုပြင်ပေးခြင်း။
- မိမိ မလိုချင်သော အမွေးများ ဖယ်ရှားပေးခြင်း။
- မိမိမလိုချင်သော အဆီများ ဖယ်ရှားပေးခြင်း။
- ထိပ်ပြောင်ခြင်း၊ ဆံပင်ကျွတ်၊ ဆံပင်ပါး၊ ဆံပင်နှစ်ခွ၊ ဆံပင်မသန်ခြင်းအတွက် Hair Care နှင့် Laser Treatment ပေးခြင်း
- နဖူးပေါ်ရှိ အရေးကြောင်း မျက်လုံးတစ်ဝိုက်နှင့် နှာခေါင်းဘေးရှိ အရေးကြောင်းများကို ပြုပြင်ပေးခြင်း။ (Botox, Filler)
- နှုတ်ခမ်းသားပြည့်လိုသူများနှင့် ပါးဖောင်းချင်သူများအတွက် ဖြည့်တင်းပေးခြင်း၊ မျက်နှာသွယ်လျ (V Shape)ပြုလုပ်ပေးခြင်း။
- မျက်နှာ၊ လည်ပင်း၊ မေးနှစ်ထပ်၊ အသားအရေ တင်းရင်းအောင် ပြုလုပ်ပေးခြင်း။(ခွဲစိတ်စရာမလို)
- မေးစေ့ဖြည့်ပေးခြင်း၊ နှာရင်းပြားနေသူများအတွက် လှပအောင် ပုံဖော်ပေးခြင်း။ (ခွဲစိတ်စရာမလို)။
- မျက်ရစ်ဖော်ပေးခြင်း။

ရန်ကုန်မြို့ (၁) ဘုရင့်နောင်တာဝါ၊ 2(A)၊ လှည်းတန်း
ဖုန်း-၀၁-၅၃၂၁၈၃၊ ၀၉-၂၀၅၃၁၈၆
(၂) ရွှေအုန်းပင်အိမ်ရာ(၃)၊ ရန်ကင်း၊ ရန်ရှင်းလမ်းမကြီး
ဖုန်း-၀၉-၂၀၀၀၉၂၆
(၃) မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ဝါဝါဝင်းကွန်ဒို၊ မောင်ဝိတ်ကွန်ဒိုနှင့် ကပ်လျက်၊ ဖုန်း-၀၁-၃၉၃၀၉၇၊ ၀၉-၉၁၀၁၉၂၆၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံအရှေ့မြို့နယ်၊ ရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၉၆၃/က) ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ မြေနှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသော ရန်ကုန်မြို့၊ ဒဂုံအရှေ့မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ နေခြည်လမ်း၊ အမှတ် -၅/၉၆၃(က)ဟု ခေါ်တွင်သော နေအိမ်အား တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်သန်း [၁၀/မလမ(နိုင်)၀၀၃၂၆၀]ထံမှ ကျွန်မ ဒေါ်အေးအေးမြင့်[၁၂/အစန(နိုင်)၀၂၈၇၁၆] သည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား မူရင်းစာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်အေးအေးမြင့်
(၇၂၀/ခ)၊ ကန်ကြီးအောင်လမ်း၊ (၁၀)မိုင်၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၄၅၀၀၃၆၉၇၃

၂၁-၂-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာပါ ဒေါ်သောင်းသောင်းဆွေ၊ ဒေါ်အေးအေးမြင့်၊ ဒေါ်စုလှိုင်ကျော် တို့၏လွှဲအပ်ချက်အရ ရှေ့ကျွန်းဦးတင်ရီ(အထက်တန်းရှေ့နေ)၏ ကန့်ကွက်နိုင်ကြောင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ကြောင်းနှင့် အများသိရှိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ လူကြီးမင်းတို့၏သတင်းစာကြော်ငြာတွင် လူကြီးမင်း၏မိတ်ဆွေများနှင့် အခန်းပေး၊ အခန်းယူ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ဖော်ပြပါရှိခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးအောင်[၁၂/ကမရ(နိုင်)၀၅၄၂၆၃]သည် သယ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ရှုပလမ်း၊ ညီညွတ်ရေးလမ်း၊ စံပြလမ်း၊ စံချိန်သစ်လမ်း၊ ဇာဝေယာလမ်းဟုခေါ်တွင်သော ယခင်အင်းစိန်မြို့နယ်၊ သယ်န်းကျွန်းမြို့ကွက်နံပါတ်-၄၅/၁၉၅၈-၅၉ ခုနှစ်၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ(၉. ၁၈၀)ဧကရှိ ဒေါ်အမာအမည်ပေါက် မြေကွက်နှင့်စပ်လျဉ်း၍ သက်ဆိုင်သူများအသီးသီးကွယ်လွန်ခဲ့သဖြင့် မြန်မာ့ဓလေ့ထုံးတမ်းအရ ဒေါ်အေးအေးအောင်တစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်းဖြင့် မြို့တော်ဝန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့လည်းကောင်း၊ ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့လည်းကောင်း၊ ဌာနမှူး၊ အဆောက်အအုံ(အင်ဂျင်နီယာဌာန)သို့လည်းကောင်း မည်သူ့ကိုမျှ မြေပုံကူးယူခြင်း၊ ကန်ထရိုက်တိုက်သစ်ဆောက်လုပ်ခြင်း စသည်တို့ကို မပြုလုပ်ရန် ကန့်ကွက်တားမြစ်စာများ တင်ပြဆောင်ရွက်ထားပါကြောင်းနှင့် သယ်န်းကျွန်းမြို့နယ်၊ င/က ရပ်ကွက်၊ ရှုပလမ်း၊ အမှတ်(၄၄၀)နေ ဒေါ်သောင်းသောင်းဆွေ၊ ဒေါ်အေးအေးမြင့်၊ ဒေါ်စုလှိုင်ကျော် အပါအဝင် မည်သူမဆို အထက်ဖော်ပြပါ မြေဧရိယာ(၉. ၁၈၀)မြေကွက်ပေါ်တွင် အခန်းပေးအခန်းယူ ကန်ထရိုက်တိုက်သစ်ဆောက်လုပ်ခြင်း၊ ကြိုပွင့်နှင့် အပြီးရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းစသည်တို့ကို လုံးဝ(လုံးဝ)မပြုလုပ်ရန် တားမြစ်ကြောင်းနှင့် ကန့်ကွက်ပါကြောင်းကို အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်ပေးသူ	**လွှဲအပ်ချက်အရ-**
ဒေါ်အေးအေးအောင်	**ဦးခင်မောင်ကြီး LL.B**
[၁၂/ကမရ(နိုင်)၀၅၄၂၆၃]	**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၈၉)**
	အမှတ်(၇၀၆)၊ ၆လွှာ(ယာ)၊ ကမ္ဘာ့ဌာန်းလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
	တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၅၉၇၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃/သမိုင်း၊ မြေကွက်အမှတ်-၉/ယ၂၏အစိတ်အပိုင်း၊ မြေကွက်တည်နေရာ အမှတ်(၂၇)၊ စော်ဘွားလမ်း၊ (၅)ရပ်ကွက်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ် (Kဆင်ရောင်၊ Kထွန်းဖြူ)အမည်ပေါက် မြေပိုင်မြေ အမည်ပေါက်များထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်- ၂၀၀၆/၉၈(၁-၆-၉၈)ဖြင့် ဦးသိန်းဖေ၊ ဦးကျင်စိန်၊ ဦးထွန်းမြင့်သိန်း၊ ဦးစောနိုင်၊ ဒေါ်သန်းသန်းအေး၊ ဦးကျင်အောင်၊ ဦးခူချင်ပိုတို့မှပိုင်ဆိုင်လာပါသည်။ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးဆန်းလွင်မှ (တရားလို) ပြုလုပ်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၆၁/၂၀၁၃ ဖြင့် ဦးမြင့်စိုး+၈ တို့အား (တရားပြိုင်)ထားရှိ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ တရားလိုမှအနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ်-၁၁၁/၂၀၁၃ ဖြင့် တရားရုံးကိုယ်စား ဒေါ်စောယုမွန်(ဘီလစ်)မှ တရားရုံးဒီကရီ၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်-၂၀၀၆/၉၈(၁-၆-၉၈)မိတ္တူမှန်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



"နိုင်ငံတော်စာရင်းစစ်ချုပ်ရုံး၊ အစိုးရစာရင်းစစ်ဟောင်းများ အသင်းဖြစ်မြောက်ရေးမိတ်ဆုံစားပွဲ ဖိတ်ကြားလွှာ"

နိုင်ငံတော်စာရင်းစစ်ချုပ်ရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အစိုးရစာရင်းစစ်ဟောင်းများ နှစ်စဉ်ကျင်းပသည့် မိတ်ဆုံစားပွဲနှင့်တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ မိတ်ဆွေဟောင်းများအား ဆုံတွေ့နိုင်ရန်နှင့် အစိုးရစာရင်းစစ်များအသင်း ဖြစ်မြောက်ရေးဆောင်ရွက်ရန်အတွက် ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ စုပေါင်းဓာတ်ပုံကို ၄း၁၅နာရီတွင် ရိုက်ပါမည်။ သီးခြားဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိတ်ဆုံ စားပွဲကို တက်ရောက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

အသင်းဖြစ်မြောက်ရေးယာယီအဖွဲ့

အစီအစဉ်

နေ့ရက် ။ ။ ၂၃-၃-၂၀၁၄(တနင်္ဂနွေနေ့)
အချိန် ။ ။ ညနေ ၄ နာရီမှ ၆ နာရီထိ
နေရာ ။ ။ ရွှေရတုခန်းမ၊ မင်းကွန်းတိပိဋကကျောင်း၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ ဆောင်ရွက်မည့်ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ရေး လုပ်ငန်းများအတွက် လိုအပ်သောဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေး ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၇-၃-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၅-၄-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၀၉၊၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနလက်အောက်ရှိ ပင်မဓာတ်အားခွဲရုံများတွင် တပ်ဆင်အသုံးပြုရန် အတွက် Communication Equipment and Accessories ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၇-၃-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၅-၄-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၀၉၊၄၁၀၂၈၂

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လမ်း (၁၃၀)၊ အမှတ်(၃၆/၃) နေ
Haji ဦးဝင်းကို (အငြိမ်းစားဥပဒေအရာရှိ) နှင့် Hajima ဒေါ်ခင်လှကြည်တို့၏ သားထွေး
မယမင်းကို B.A(History)၊ ကိုဇာနည်ကို [2nd Officer (F.G) UNITEAM MARINE] တို့၏ ညီ/မောင်

Haji ဇေယျာကို

ဒုတိယမြို့နယ်ဥပဒေအရာရှိ၊ ပန်းဘဲတန်းမြို့နယ် ဥပဒေရုံး
Ph.D (Thesis), M.Res., LL.M, LL.B
နှင့်
ရန်ကုန်မြို့၊ လမ်း(၁၃၀)၊ အမှတ် (၃၁/၄) နေ
Haji ဦးမောင်သိန်း-ဒေါ်အေးအေးဝင်းတို့၏သမီးထွေး

မနီလာဝင်း B.A(Eco)

တို့၏ ၉-၃-၂၀၁၄ ရက်က (Central Hotel) ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းချီးမြှင့်ပေးပါသော ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာ မောင်မောင်သိမ်းနှင့် ဇနီး ဒေါက်တာ မွန်မွန်တာ (ပါမောက္ခ/ဌာနမှူး၊ ဥပဒေပညာဌာန၊ဒဂုံတက္ကသိုလ်)တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးခင်မောင်မောင်နှင့် ဇနီးဒေါ်မေနွဲ့ရီအားလည်းကောင်း၊ ရန်ကုန်တိုင်းအတွင်းရှိ ဥပဒေရုံးများမှ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများ၊ ပန်းဘဲတန်းမြို့နယ် တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ၊ ပန်းဘဲတန်းမြို့နယ်၊ မြို့မရဲစခန်းမှ မြို့နယ်မှူး၊ စခန်းမှူးနှင့် ရဲအရာရှိများ၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာရှေ့ဆောင်လမ်းပြအဖြစ် လျှောက်လှမ်းပေးပါသော သမီးလေး မလွင်မိမိကို၊ မင်္ဂလာပန်းများကြဲပေးပါသော မသင်းပွင့်ဖြူ၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းများ ကိုင်ဆောင်ပေးပါသော မသင်းမာဝင်းနှင့် မဟေမာဝင်း၊ သတို့သားအရံ မောင်ခိုင်ဖြိုးနှင့် သတို့သမီးအရံ မဇင်ဇင်မာဝင်း၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးရှင် စိုး(မလေးရှား)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော Forever နှင့် Yes I do၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ဦးသိန်းအောင်နှင့်အဖွဲ့၊ ညှော်ခံကျွေးမွေးခြင်းအား ဆောင်ရွက်ပေးပါသော Central Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်သောမိဘဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။ **ဇေယျာကို-မနီလာဝင်း**

"2014ခုနှစ်အတွက်ဆန်းသစ်မှုနှင့်အတူ Nikko Beauty & Skin Care Centre ကို အသစ်တစ်ဖန် ဖွင့်လှစ်လိုက်ပါပြီ"

